# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိကိုယ်ကို ယဉ်ကျေးအောင်ဆုံးမ**

မြောင်းတူးရေယူသမားတို့သည် အလိုရှိရာရေကို ဆောင်ယူကြကုန်၏။ လေးသမားတို့သည် မြားကို ဖြောင့်ကုန်၏။ သစ်သမားတို့သည် သစ်ကိုလိုတိုင်း ရအောင်ရွေကုန်၏။ ကောင်းသောအကျင့်ရှိသော သူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏။

ဒဏ္ဍဝဂ် (ဓမ္မပဒ – ၁၄၅)


၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက် | ၂၀၂၀ ပြည့်နှစ်၊ မတ် ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၉)၊ အမှတ် (၁၇၀)




ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ် သတ်မှတ်နေရာတွင် လျှို့ဝှက်ဆန္ဒပြုခြင်းနည်းလမ်းဖြင့် ဆန္ဒမဲပေးစဉ်။

## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ကျင်းပ

### ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ(ခ)တွင် အကျုံးဝင်သော ပုဒ်မ၊ ပုဒ်မခွဲ ၁၈ ခုကို စုစည်းထားသည့် ဆန္ဒမဲလက်မှတ်(၂)နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူ

**နေပြည်တော် မတ် ၁၇**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ တက်ရောက်ခွင့်ရှိသူ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၆၅၄ ဦး ရှိသည့်အနက် ၆၃၁ ဦး တက်ရောက်ပြီး ၂၃ ဦး ခွင့်တိုင်ကြားသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးဇော်ဝင်းက နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို

*စာမျက်နှာ ၅ ကော်လံ ၁* ✻

**ပဋိဇီဝဆေးယဉ်ပါးမှုနှင့် ကျန်းမာရေးပြဿနာများ**

ဆောင်းပါး စာ ၆

**စက်မှုထိပ်သီး ခုနစ်နိုင်ငံမှ ခေါင်းဆောင်များ ပူးပေါင်း၍ ကိုရိုနာဗိုင်းရပ်စ်ကြောင့် စီးပွားရေးကျဆင်းလာမည်ကို တားဆီးသွားမည်**

နိုင်ငံတကာသတင်း စာ ၁၄

**အိုလံပစ် အားကစားပွဲတော်ကို စီစဉ်ထားသည့်အတိုင်း ဆက်လက်ကျင်းပနိုင်ရန် ဂျပန်ပြင်ဆင်**

နိုင်ငံတကာရေးရာ စာ ၁၅

## ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအတွင်း ပြည်ပသို့ တရားဝင်အလုပ်သွားရောက်လုပ်ကိုင်သူ ၂၇၀၀၀ ကျော်နှင့် ပြည်တွင်း အလုပ်နေရာ ၂၆၀၀၀ ကျော် ခန့်ထားနိုင်ခဲ့

**နေပြည်တော် မတ် ၁၇**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်နှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်းဝင်ငွေ တိုးပွားစေရန် ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များ ရရှိစေရန်နှင့် အလုပ်ရှင်များအတွက် အလုပ်သမား လုံလောက်စွာ ခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်ရရှိမှုအနေဖြင့် အစိုးရအလုပ်အကိုင် ၄၃၅ ဦးနှင့် ပုဂ္ဂလိကအလုပ်အကိုင် ၂၆၄၈၂ ဦး စုစုပေါင်း ၂၆၉၁၇ ဦး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအတွင်း နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်ရရှိမှုအနေဖြင့် မလေးရှားနိုင်ငံသို့ ၄၁၄၅ ဦး၊ စင်ကာပူနိုင်ငံသို့ ကိုးဦး၊ ကိုရီးယားနိုင်ငံသို့ ၅၈ ဦး၊ ထိုင်းနိုင်ငံသို့ ၂၂၃၆၂ ဦး၊ ဂျပန်နိုင်ငံသို့ ၆၉၈ ဦး၊ ယူအေအီးနိုင်ငံသို့ ၁၅ ဦး၊ ဂျော်ဒန်နိုင်ငံသို့ ၃၅ ဦးနှင့် ကာတာနိုင်ငံသို့ ရှစ်ဦး စုစုပေါင်း ၂၇၃၃၀ ကို အလုပ်အကိုင်အတွက် စေလွှတ်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

# ပြည်သူသာလျှင် အဓိက

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကြီးမား ကျယ်ပြန့်လာသည်နှင့်အမျှ ကမ္ဘာ့နိုင်ငံများစွာတို့မှာ အရေးပေါ် အစီအမံများချမှတ်ကာ ယောက်ယက်ခတ်လှုပ်ရှားနေကြရသည်။ နယ်စပ်ကူးသန်းသွားလာမှုများ ပိတ်ပင်ခြင်း၊ မိမိတို့၏ နိုင်ငံသားများ ပြည်ပသို့ထွက်ခွာခြင်းနှင့် နိုင်ငံခြားသားများ နိုင်ငံအတွင်းသို့ ဝင်ရောက်ခြင်းတို့ကို ပိတ်ပင်ကန့်သတ်ခြင်း၊ ပြည်တွင်းသွားလာမှု များ၊ အိမ်တွင်းမှ အိမ်ပြင်ထွက်ခြင်းများကို တားဆီးကန့်သတ်ခြင်း၊ စျေးများ၊ ကျောင်းများ၊ စားသောက်ဆိုင်များ၊ ကပွဲရုံများ ပိတ်ခြင်း စသည်ဖြင့် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့နိုင်မည့် အလားအလာများကို လျှော့ချရန် ကြိုးပမ်းမှုများကို နိုင်ငံများစွာက ပြုလုပ်နေကြပြီဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများ တွေ့ရှိရသည့်နိုင်ငံများ များလာသည်နှင့်အမျှ အတည်ပြုလူနာ မတွေ့ရသေးသည့် နိုင်ငံ အရေအတွက် လျော့နည်းလာခဲ့ရာ လက်ကျန်နိုင်ငံ အနည်းစုတွင် မိမိတို့မြန်မာနိုင်ငံလည်း ပါဝင်နေသေးသည်။ ကိုဗစ်-၁၉ သည် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်သည့်အလျောက် ပြည်တွင်းသို့ ဗိုင်းရပ်စ်ပိုး ဝင်ရောက်ကူးစက်ခြင်းကဲ့သို့သော တိုက်ရိုက်ထိခိုက်ခံစားရမှုမှ လွတ်ကင်းခဲ့လျှင်ပင် နိုင်ငံ၏စီးပွားရေးနှင့် ပြည်သူလူထုကို သွယ်ဝိုက်ထိခိုက်မှုများရှိနိုင်ရာ ဖြစ်လာနိုင်ချေများအားလုံးကို သုံးသပ်ပြီး ကြိုတင်ပြင်ဆင်မှုများကို နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသည်။ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီကို ပြီးခဲ့သည့် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ မတ်လ ၁၃ ရက်တွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီအဖြစ် တိုးမြှင့်ဖွဲ့စည်းခဲ့ပြီး ယင်းနေ့မှာပင် နိုင်ငံတော်သမ္မတရုံးက ပြည်သူသို့ ပန်ကြားချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ ကိုဗစ်-၁၉ သည် လူစုလူဝေးများပြားရာ နေရာများတွင် လျင်မြန်စွာ ကူးစက်နိုင်သည့်အတွက် ပြည်သူလူထုအနေဖြင့် အခမ်းအနားများ၊ ပွဲလမ်းသဘင်များကို မတ်လ ၁၃ ရက်မှစ၍ ဧပြီလ ၃၀ ရက်အထိ မပြုလုပ်ကြရန် ပန်ကြားခဲ့ သည်။ ထို့အပြင် မမှန်သတင်း ဖြန့်ဝေနေသည့် ကောလာဟလများကို မယုံကြည်ကြရန်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ထားသည့် သတိပေးနှိုးဆော်ချက်များအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်ရန်၊ မိမိပတ်ဝန်းကျင်တွင် သံသယလူနာတွေ့ပါက ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် နီးစပ်ရာ ကျန်းမာရေးဌာနများသို့ အမြန်ဆုံးသတင်းပို့ အသိပေးရန်လည်း ပန်ကြားခဲ့သည်။

နိုင်ငံ့စီးပွားရေးထိခိုက်မှု အနည်းဆုံးဖြစ်စေရေးအတွက် အခွန်အကောက်ဖြေလျှော့ခြင်း၊ အတိုးနှုန်းလျှော့ချခြင်းနည်းလမ်းများဖြင့် စက်ရုံ အလုပ်ရုံများ၊ လုပ်ငန်းများ ဆက်လက်လည်ပတ်နိုင်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်သွားမည်ဖြစ်ရာ အလုပ်သမားများ အလုပ်လက်မဲ့မဖြစ်စေရေးနှင့် ပြည်သူပြည်သားများ ထိခိုက်နစ်နာမှု မခံစားရစေရေးတို့ အတွက် ရည်ရွယ်ခြင်းလည်းဖြစ်သည်။ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် "ကျွန်မအနေနဲ့ ဒီနေရာမှာ COVID-19 ကာကွယ်ထိန်းချုပ်ရေး၊ နိုင်ငံနဲ့ပြည်သူတွေအပေါ် ဒီရောဂါရဲ့ ဆိုးကျိုးတွေ နည်းနိုင်သမျှ နည်းစေရေးအတွက် အရေးကြီးဆုံးဖြစ်တဲ့အချက်ကို တင်ပြချင်ပါတယ်။ ဒါကတော့ ရိုးရိုးရှင်းရှင်းပါပဲ။ ပြည်သူတွေသာလျှင် အဓိကပါ။ အစိုးရက ဘယ်လိုကောင်းမွန်တဲ့ အစီအစဉ်တွေပဲ ချမှတ်ချမှတ်၊ အမှန်တကယ် ထိရောက်အောင်မြင်ဖို့ဆိုရင် ပြည်သူတွေ ပူးပေါင်းပါဝင်မှ ဖြစ်မယ်ဆိုတာ ကျွန်မ အကြိမ်ကြိမ်ပြောခဲ့ဖူးတဲ့စကားဖြစ်ပါတယ်" ဟု ထည့်သွင်းပြောကြားခဲ့ရာ ကမ္ဘာ့ကပ်ရောဂါကူးစက်ပြန့်ပွားမှု ကြိုတင်ကာကွယ်ရေးအတွက် ပြည်သူတို့၏ အခန်းကဏ္ဍကို မီးမောင်းထိုးပြခဲ့ခြင်းပင်ဖြစ်သည်။

- ကျန်းမာရေးလိုအပ်ချက်အရ မလိုအပ်ဘဲ လူစုလူဝေး မဖြစ်အောင် လိုက်နာဆောင်ရွက်ရေး၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို တိတိကျကျလိုက်နာရေး၊
- မတိကျ မမှန်ကန်သည့် သတင်းများ၊ သတင်းတု သတင်းယောင်များ၊ ကောလာဟလများ မပြန့်ပွားရေး၊
- စိုးရိမ်မှုလွန်ကဲပြီး ရိက္ခာစုဆောင်းခြင်းကဲ့သို့သော မတည်မငြိမ်ဖြစ်စေသည့် လုပ်ရပ်များ မဖြစ်ပေါ်စေရေးတို့တွင်

"ပြည်သူသာလျှင် အဓိက"ဖြစ်သည့်အလျောက် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကူးစက်ဝင်ရောက်ခြင်းမှ လွတ်ကင်းလျက် နိုင်ငံသူ နိုင်ငံသားအားလုံး ကာယစိတ္တနှစ်ဖြာသောသုခတို့ဖြင့် ပြည့်စုံစေရေး ပြည်သူအားဖြင့် ဆောင်ကြဉ်းပေးနိုင်ကြပါစေကြောင်း။ ။

# ၂၀၂၀ ပြည့်နှစ်၊ (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးတာဝန်ထမ်းဆောင်ရေး။

(၂) ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ရန် တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေး။

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၄) နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး။



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရခိုင်ပြည်နယ် ကျောက်တစ်လုံး IDP စခန်း ပိတ်သိမ်းရေး ကွင်းဆင်းဆောင်ရွက်မှုများ အွန်လိုင်းဖြင့် ဆက်သွယ်ဆွေးနွေး

**နေပြည်တော် မတ် ၁၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့ညနေပိုင်းတွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ ကျောက်တစ်လုံး IDP စခန်း ပိတ်သိမ်းနိုင်ရေးအတွက် မြေပြင်ကွင်းဆင်းဆောင်ရွက်လျက်ရှိသော ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ကို အွန်လိုင်းဖြင့် ဆက်သွယ်ဆွေးနွေးသည်။ **(အပေါ်ပုံ)**

အွန်လိုင်း အစည်းအဝေးတွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့သို့ ရောက်ရှိနေသော ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်နှင့် မြေပြင်ကွင်းဆင်းအဖွဲ့က ယနေ့နံနက်ပိုင်းတွင် ကျောက်ဖြူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့မှုများကို တင်ပြသည်။

ထိုသို့တင်ပြရာတွင် ပြန်လည်နေရာချထားရန် ရွေးချယ်ထားသည့် လက်ရှိစခန်းမှ နှစ်ဖာလုံအကွာနေရာတွင် နေအိမ်၊ ရေနုတ်မြောင်းများ၊ လမ်းနှင့် ရေတားတမံများ တည်ဆောက်ရေး၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေး၊ ပညာရေးနှင့် ကျန်းမာရေးအတွက် လိုအပ်သော အခြေခံအဆောက်အအုံများ တည်ဆောက်ပေးရေးတို့ကို ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့မှု၊ ကျောက်တစ်လုံး IDP စခန်းနေသူများနှင့် ထပ်မံတွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့မှု၊ မွန်းလွဲပိုင်းတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ကျောက်ဖြူမြို့ခံ ရပ်မိရပ်ဖ ခုနစ်ဦးတို့နှင့် ထပ်မံတွေ့ဆုံ ညှိနှိုင်းခဲ့မှုတို့ကိုတင်ပြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဆက်လက်ဆောင်ရွက်သွားရမည့် လိုအပ်ချက်များကို ပြန်လည်ဆွေးနွေး ပြောကြားသည်။

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ ကျောက်တစ်လုံး IDP စခန်းပိတ်သိမ်းနိုင်ရေးအတွက် မြေပြင်ကွင်းဆင်း ဆောင်ရွက်လျက်ရှိသော ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် IDP စခန်း ပြန်လည်နေရာချထားရေးကို ပြည်နယ်အစိုးရ၊ ဌာနဆိုင်ရာများနှင့် ဆက်လက်ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## COVID -19 ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး လုပ်ငန်းများအတွက် တောင်ငူမြို့ပြည်သူ့ဆေးရုံသို့ အလှူငွေများ ပေးအပ်လှူဒါန်း

**တောင်ငူ မတ် ၁၇**

COVID -19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို မတ် ၁၆ ရက် ညနေ ၅ နာရီက တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ကျင်းပရာ ကြာနီကန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယက ဩဝါဒကထာ မိန့်ကြားတော်မူပြီး ဆရာတော်ကြီးများက COVID -19 ရောဂါ သံသယလူနာနှင့် စောင့်ကြည့်လူနာ ကုသဆောင်အဖြစ် ထပ်မံအသုံးပြုမည့် သံဃာ့ကုသဆောင်၌ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်တော်မူကြသည်။

ထို့နောက် အလှူငွေပေးအပ်ပွဲတွင် မဇ္ဈိမတရားအလှူတော်အသင်းမှ ဦးဆောင်၍ ကေတုမတီစုပေါင်းပရဟိတအဖွဲ့နှင့် အလှူရှင်များစုပေါင်းလှူဒါန်းငွေကျပ်သိန်း ၁၁၀ ကို ဆေးရုံအုပ်ကြီး ဒေါက်တာ စောဘိုဇော်ဝင်းနှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့သည်။ COVID -19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး အထောက်အကူပြုကော်မတီ(တောင်ငူမြို့)မှလည်း တောင်ငူပြည်သူ့ဆေးရုံကြီးသို့ ဆေးရုံသုံးစက်ပစ္စည်းကိရိယာများ၊ ကူးစက်ရောဂါ ကာကွယ်ရေးဝတ်စုံနှင့် နှာခေါင်းစည်းများကို ဆက်လက်ထောက်ပံ့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **ဝ၄၈**

## ဖောင်ပိတ်သတင်း

### မန္တလေး ကန်တော်နဒီဆေးရုံတွင် သေဆုံးခဲ့သည့် အမျိုးသမီး စောင့်ကြည့်လူနာ၏ ဓာတ်ခွဲအဖြေမှာ COVID-19 Negative ဖြစ်ကြောင်း သိရ

**ရန်ကုန် မတ် ၁၈**

မန္တလေး ကန်တော်နဒီဆေးရုံတွင် မတ် ၁၇ ရက် နံနက်ပိုင်းက သေဆုံးခဲ့သည့် အသက် ၂၂ နှစ်အရွယ် အမျိုးသမီးစောင့်ကြည့်လူနာနှင့် ပတ်သက်၍ ရန်ကုန်မြို့ရှိ အမျိုးသားကျန်းမာရေးဆိုင်ရာ ဓာတ်ခွဲဌာနသို့ ပေးပို့စစ်ဆေးခဲ့ရာ ကိုရိုနာဗိုင်းရပ်စ် (COVID-19) Negative ဖြစ်ကြောင်း ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးထံမှ သိရသည်။ **နေလင်း**

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် လုပ်ငန်းကော်မတီများဖွဲ့စည်းနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် မတ် ၁၇

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် လုပ်ငန်းကော်မတီများဖွဲ့စည်းနိုင်ရေး တိုင်းဒေသကြီး/ပြည်နယ်အုပ်ချုပ်ရေးမှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ တက်ရောက်အမှာစကားပြောကြားသည်။**

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နိုင်ငံတော်သမ္မတရုံး၊ ညွှန်ကြားရေးမှူးချုပ်(စီးပွားရေးရာဌာနကြီး)၊ ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယအမြဲတမ်းအတွင်းဝန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် အုပ်ချုပ်ရေးမှူးများနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဝန်ကြီးရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) သည် ကမ္ဘာအနှံ့ ကူးစက်ပြန့်ပွားနိုင်သည့် ကမ္ဘာ့ကပ်ရောဂါဖြစ်ကြောင်း (၁၁.၃.၂၀၂၀) ရက်နေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization– WHO) က သတ်မှတ်ကြေညာခဲ့ကြောင်း၊ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီအား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဥက္ကဋ္ဌအဖြစ် ဦးဆောင်ကာ ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization– WHO) မှ ကြေညာချက်အပေါ် လိုက်နာဆောင်ရွက်ရန်အတွက်လည်း နိုင်ငံတော်သမ္မတရုံးမှ ဌာနဆိုင်ရာများအားလုံးသို့ ညွှန်ကြားထားပြီးဖြစ်သလို ပြည်သူများထံသို့ ပန်ကြားထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားချက်တွင် အဓိကအချက် (၃) ချက်ပါဝင်ကြောင်း၊

- ပထမအချက်မှာ COVID–19 ကူးစက်ပြန့်ပွားမှုသည် လူစုလူဝေးများမှတစ်ဆင့် လျင်မြန်စွာ ကူးစက်နိုင်သောကြောင့် လူစုလူဝေးဖြင့်ကျင်းပရမည့် အစည်းအဝေးများ၊ အခမ်းအနားများ၊ ပွဲလမ်းသဘင်များ (မြန်မာ့ရိုးရာသင်္ကြန်မဏ္ဍပ်များ ဆောက်လုပ်ပြီး ကျင်းပခြင်းများအပါအဝင်) အား (၁၃.၃.၂၀၂၀)ရက်နေ့မှ (၃၀.၄.၂၀၂၀) ရက်နေ့အထိ ရွှေ့ဆိုင်းထားပြီး မပြုလုပ်ရန် ဖြစ်ကြောင်း၊
- ဒုတိယအချက်မှာ ဝန်ထမ်းများအား ပြည်ပ ရက်တို အစည်းအဝေး၊ သင်တန်း၊ လေ့လာရေးများကို စေလွှတ်ခွင့်မပြုပါကြောင်းနှင့် ယခင်ခွင့်ပြုချက်ဖြင့် ပြည်ပသို့ သွားရောက်လျက်ရှိသည့် ဝန်ထမ်းများ ပြန်လည်ရောက်ရှိလျှင် သံသယလူနာ တွေ့ရှိပါက ပြန်ရောက်သည့်နေ့မှစ၍ ၁၄ ရက်တိတိ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း (Quarantine) ခံယူနိုင်ရေး ဆောင်ရွက်ရန်ဖြစ်ကြောင်း၊
- တတိယအချက်မှာ လက်အောက်ဌာနများသို့ သက်ဆိုင်ရာကဏ္ဍများအလိုက် လိုအပ်သော ညွှန်ကြားချက်များ ဆက်လက်ထုတ်ပြန်နိုင်ရေး ဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊

မိမိတို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် အောက်ခြေအဆင့်အထိ လက်လှမ်းမီသော ဌာနဖြစ်သောကြောင့် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်/ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအနေဖြင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ Coronavirus Disease 2019 (COVID–19) မဖြစ်ပွားစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ထားသည့် သတိပေးနှိုးဆော်ချက်များအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်နိုင်ရေး ပြည်သူများထံသို့ အသိပညာပေးမှုဝေသွားရန် လိုအပ်ပါကြောင်း၊ ခရိုင်/ မြို့နယ်/ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအနေဖြင့် မိမိဒေသအတွင်း သံသယလူနာတွေ့ရှိကြောင်း ပြည်သူများမှ သတင်းပို့လာပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ အမြန်ဆုံးသတင်းပို့ အသိပေးဆောင်ရွက်သွားကြရန်နှင့် ပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်း၊ နယ်စပ်ဝင်ထွက်ပေါက်များမှ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသော နိုင်ငံခြားသား ခရီးသွားဧည့်သည်များနှင့် ပြည်ပမှပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများတွင် ရောဂါဖြစ်ပွားမှု ရှိ/မရှိ စောင့်ကြပ်ကြည့်ရှုခြင်း၊ ရောဂါလက္ခဏာ ပေါ်ပေါက်လာပါက အချိန်မီကုသနိုင်ရေး၊ ရောဂါဆက်လက်ပြန့်ပွားမှုမရှိစေရေး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားစေလိုကြောင်း။

ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက်ကောင်းသည် (Prevention is better than Cure) ဆိုသကဲ့သို့ ကြိုတင်လိုက်နာဆောင်ရွက်ရမည့် အချက်များအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားပြီးဖြစ်ရာ သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းပြီး ပြည်သူများထံသို့ ကျန်းမာရေး အသိပညာများပေးရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊မန္တလေး၊ မွန်၊ ရခိုင်၊ ရန်ကုန်၊ ရှမ်း၊ ဧရာဝတီနှင့် နေပြည်တော်ကောင်စီတို့မှ တိုင်းဒေသကြီး/ပြည်နယ်အုပ်ချုပ်ရေးမှူးများက သက်ဆိုင်ရာဒေသများအလိုက် လက်ရှိမြေပြင်အခြေအနေနှင့် ဆိုင်ရာကိစ္စရပ်များ ရှင်းလင်းတင်ပြကြသည်။

### အလေးထားလိုက်နာ

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်က Coronavirus Disease 2019 (COVID–19) ဆိုင်ရာ ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းလွယ်ကူစွာ အချိန်တိုအတွင်း နားလည်သဘောပေါက် လက်တွေ့ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များအား Animation Video Clip(2 minute) စာအား Projector ဖြင့် ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက တက်ရောက်လာသူများနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှတစ်ဆင့် ရပ်/ကျေး အဆင့်အထိ ဖြန့်ဝေပေးနိုင်ရေးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အုပ်ချုပ်ရေးမှူးများသည် သက်ဆိုင်ရာအစိုးရအဖွဲ့ အတွင်းရေးမှူးများဖြစ်ကြသည့်အတွက် ယခုအစည်းအဝေးမှ ဆွေးနွေးညှိနှိုင်းချက်များကို သက်ဆိုင်ရာဝန်ကြီးချုပ်များထံ တင်ပြပေးရန် ဖြစ်ပါကြောင်း၊ ထို့အပြင် ဒေသအတွင်း COVID–19 ဆိုင်ရာ နောက်ဆုံးရရှိချက်သတင်းများကို အချိန်နှင့်တစ်ပြေးညီ တင်ပြပေးရန် လိုအပ်ပါကြောင်း၊ COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ ပေါ်ပေါက်လာမည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အကျပ်အတည်း အခက်အခဲများ ဒေသတွင်းဆောင်ရွက်၍မရပါက ပြည်ထောင်စုသို့ ဆက်လက်တင်ပြပေးရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်သမ္မတရုံးအနေဖြင့်လည်း သီးခြားလမ်းညွှန်ချက်များ၊ ပန်ကြားချက်များထုတ်ပြန်ထားပြီး အလေးထားလိုက်နာရန်ဖြစ်ကြောင်း ပြောကြားသည်။

### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

ထို့နောက် အစည်းအဝေးဒုတိယပိုင်းအစီအစဉ်များအား ဒုတိယဝန်ကြီး ဦးတင်မြင့် ဦးဆောင်၍ ဆက်လက်ကျင်းပရာ လုပ်ငန်းကော်မတီဖွဲ့စည်းမည့် လျာထားချက်အမည်စာရင်းများနှင့် ကာကွယ်ရေးဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းပြီး တက်ရောက်လာသူများက ဖြည့်စွက်ဆွေးနွေးကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် လုပ်ငန်းကော်မတီများဖွဲ့စည်းနိုင်ရေး တိုင်းဒေသကြီး/ပြည်နယ်အုပ်ချုပ်ရေးမှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

သတင်းစဉ်

## မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးအောင်မျိုးမြင့် အာဆီယံအတွင်းရေးမှူးချုပ်ထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် မတ် ၁၇

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)ဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးအောင်မျိုးမြင့်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ဂျကာတာမြို့၌ အာဆီယံအတွင်းရေးမှူးချုပ် ဒါတိုလင်ကျောက်ဟွိုင် ထံ ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ **သတင်းစဉ်**

## အများအားဖြင့် သာယာမည်

**နေပြည်တော် မတ် ၁၇**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးနေမည်။ **မိုး/ဇလ**

## ခရိုအေးရှားနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ အိုင်ဗန်ဗဲလစ်မေ စတာချဲဗစ် အား ခန့်အပ်ရန် မြန်မာနိုင်ငံအစိုးရက သဘောတူ

**နေပြည်တော် မတ် ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ခရိုအေးရှားနိုင်ငံ သံအမတ်ကြီး မစ္စတာ ခရက်ဆိုဂလာဗာ့ (ဂျ်) ၏ နေရာတွင် မစ္စတာ အိုင်ဗန်ဗဲလစ်မေ စတာချဲဗစ် အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ အိုင်ဗန်ဗဲလစ်မေ စတာချဲဗစ် ကို ၁၉၅၄ ခုနှစ်၊ မေလတွင် မွေးဖွားခဲ့သည်။ ၎င်းသည် Zagreb မြို့ရှိ Zagreb University မှ ၁၉၇၇ ခုနှစ်တွင် ဥပဒေဘွဲ့ကို လည်းကောင်း၊ ၁၉၈၆ ခုနှစ်တွင် ဥပဒေမဟာဘွဲ့ကို လည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် နိုင်ငံရေးသိပ္ပံပါရဂူဘွဲ့ကို လည်းကောင်း အသီးသီးရရှိခဲ့သည်။

၎င်းသည် ၁၉၇၈ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ ခရိုအေးရှားပါလီမန်၌ လည်းကောင်း၊ ၁၉၉၂ ခုနှစ်မှ ယနေ့အထိ ခရိုအေးရှားနိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီးဌာန၌ ရာထူးအဆင့်ဆင့်ဖြင့်လည်းကောင်း တာဝန်အသီးသီး ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၁၂ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ဟယ်လင်းနစ်သမ္မတနိုင်ငံဆိုင်ရာ ခရိုအေးရှား သံအမတ်ကြီးအဖြစ် လည်းကောင်း၊ Euroasia, Eastern Partnership, Asia and Oceania တွင် ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမနီ၊ ဂရိစကားတို့ကို တတ်ကျွမ်းသည်။ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှစ၍ မလေးရှားနိုင်ငံဆိုင်ရာ ခရိုအေးရှား သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီးတစ်ဦးရှိသည်။

**သတင်းစဉ်**

# အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၁၇**

အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၀) ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီ ဥက္ကဋ္ဌ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဒုတိယဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့်ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

## နှစ်ရှည်စီမံကိန်းများဖြစ်

ရှေးဦးစွာ အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က မိမိတို့အနေဖြင့် Energy Mix တွင် ပြန်ပြည့်မြဲစွမ်းအင်ပါဝင်မှုကို မြှင့်တင်သွားနိုင်ရန်နှင့် ပြန်ပြည့်မြဲစွမ်းအင် အရင်းအမြစ်များကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေး ရည်ရွယ်ဆောင်ရွက်နေပါကြောင်း၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၁ ရက်မှစပြီး လျှပ်စစ်ဓာတ်အားခ နှုန်းထားများကို ပြောင်းလဲသတ်မှတ်လိုက်သည့်အတွက် Energy Saving နှင့်ပတ်သက်ပြီး အများပြည်သူ၏ Awareness ကို မြှင့်တင်ပေးလိုက်နိုင်သည့်အပြင် ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍသာမက ရေအား၊ အပူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း စသည့် ကဏ္ဍအသီးသီး၌ ရင်းနှီးမြှုပ်နှံလိုသူများ၏ စိတ်ဝင်စားမှု တိုးတက်များပြားလာခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည်တွင် တည်ရှိနေသည့် ရေအားအရင်းအမြစ်များကို ထိရောက်စွာအသုံးပြုနိုင်ရန်အတွက် ရေအားလျှပ်စစ်စီမံကိန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ သို့ရာတွင် ရေအားလျှပ်စစ်စီမံကိန်းများသည် နှစ်ရှည်စီမံကိန်းများဖြစ်ပြီး လက်ရှိဆောင်ရွက်ဆဲစီမံကိန်းများအနက် လာမည့် သုံးနှစ်အတွင်း မဂ္ဂါဝပ် ၅၀၀ ခန့် ရရှိနိုင်မည်ဖြစ်ကြောင်း။

## စတင်လည်ပတ်နိုင်မည်

ထို့အပြင် တိုးတက်လာသည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် ရေတိုအစီအစဉ်အနေဖြင့် အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ ခုနစ်ရုံမှ စုစုပေါင်း ၁၁၆၆ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်ခဲ့ပြီး မကြာမီ စတင်လည်ပတ်နိုင်မည်ဖြစ်ကြောင်း၊ ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရန် ပြန်ပြည့်မြဲစွမ်းအင် စီမံကိန်းများအနက် ဆိုလာအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် ရှစ်ခုတွင် စီမံကိန်း ၆၁ ခုမှ စုစုပေါင်းတပ်ဆင်အင်အား ၅၇၄၆ ဒသမ ၃၇ မဂ္ဂါဝပ်၊ လေအားအတွက် တိုင်းဒေသကြီး လေးခုတွင် အဆိုပြုစီမံကိန်း ခုနစ်ခုမှ စုစုပေါင်း ၁၁၆၃ မဂ္ဂါဝပ်နှင့် Biomass အတွက် စုစုပေါင်း တပ်ဆင်အင်အား မဂ္ဂါဝပ် ၂၀၀ ရှိ စီမံကိန်းခြောက်ခုကို တိုင်းဒေသကြီးနှင့် ပြည်နယ် လေးခုတွင် ဆောင်ရွက်ရန် အဆိုပြုထားပါကြောင်း။

အဆိုပါစီမံကိန်းများကို သုံးသပ်ရာ၌ Location, Technology, Design, Installed Capacity အနီးဆုံးနေရာတွင် တည်ရှိသည့် ဓာတ်အားခွဲရုံ၊ ဆိုလာစီမံကိန်းမှ ဓာတ်အားထုတ်လုပ်မှုကို လိုက်လံထိန်းညှိအသုံးပြုမည့် အနီးဆုံး Based Load စက်ရုံ၊ ESIA အရ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် သက်ရောက်နိုင်မှုတို့အပေါ် မူတည်သုံးသပ်ထားပါကြောင်း၊ 2021 Energy mix တွင် ပြန်ပြည့်မြဲစွမ်းအင်ကို ကဏ္ဍတစ်ခုအထိ ရောက်ရှိအောင် ရည်ရွယ်ဆောင်ရွက်လျက်ရှိရာ ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေး ရည်မှန်းချက်များ ပြည့်မီရေးအတွက်လည်း ကာလတို/ကာလလတ်/ကာလရှည် အစီအစဉ်များ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

## ဝိုင်းဝန်းဆွေးနွေး

ထို့အပြင် မကြာခင်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး၏ Electrification Rate သည် ၁၀၀ ရာခိုင်နှုန်းအထိ ရောက်ရှိမည့်အပြင် မြန်မာနိုင်ငံ၏ ဝေးလံခေါင်ဖျားဒေသများဖြစ်သည့် မြဝတီ၊ ကော့ကရိတ်၊ ဘားအံ စသည့် နေရာဒေသများအထိ လျှပ်စစ်မီးရောက်ရှိအောင် ဌာနအနေဖြင့် ဆောင်ရွက်ထားပြီး မိုင်းပြင်း၊ ကျိုင်းတုံ၊ ကလေးနှင့် မော်လိုက် စသည့် ဒေသများသို့ မကြာမီ ၂၃၀ ကေဗွီ ဓာတ်အားလိုင်းဖြင့် လျှပ်စစ်ဓာတ်အား ရောက်ရှိမည်ဖြစ်၍ ရေး – ထားဝယ် ဓာတ်အားလိုင်းကို မကြာခင် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ နိုင်ငံအနေဖြင့် ပြန်ပြည့်မြဲစွမ်းအင် အသုံးပြုမှုကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပြီး အစည်းအဝေးတွင် အဓိကတင်ပြသွားမည့် ပြန်ပြည့်မြဲစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအပေါ် ဝိုင်းဝန်းဆွေးနွေးအကြံပြုကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟိန်းထက်က (၂/၂၀၁၉) အစည်းအဝေးဆုံးဖြတ်ချက်အရ လုပ်ငန်းကော်မတီများ ဖွဲ့စည်းနိုင်ရေးနှင့် ဆောင်ရွက်လျက်ရှိသော ပြန်ပြည့်မြဲစွမ်းအင်ကိစ္စရပ်များနှင့် အဆိုပြုတင်ပြလာမှုများ၊ လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မိမိခိုင်က နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ နေစွမ်းအင်စီမံကိန်းနှင့် လေစွမ်းအင်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးကိစ္စများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ ကော်မတီ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

## စီစဉ်ဆောင်ရွက်လျက်ရှိ

သက်ဆိုင်သူများ၏ အားစိုက်ဆောင်ရွက်မှု၊ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများနှင့် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားကဏ္ဍသည် လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်နေပြီး တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်မှုသည် ၂၀၁၆ ခုနှစ်တွင် ၃၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် ၅၀ ရာခိုင်နှုန်း၊ ၂၀၂၀ ပြည့်နှစ်တွင် ၅၅ ရာခိုင်နှုန်းအထိ တိုးတက်အောင် ဆောင်ရွက်နေရာ ပင်မရည်မှန်းချက်ဖြစ်သည့် ၂၀၃၀ ပြည့်နှစ်တွင် ၁၀၀ ရာခိုင်နှုန်း ရရှိရေးအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အညီ အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၀) တွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် မြန်မာနိုင်ငံတွင် အားကစားခရီးသွားလုပ်ငန်း တိုးမြှင့်ဆောင်ရွက်ရေးဆွေးနွေးပွဲ တက်ရောက်

**နေပြည်တော် မတ် ၁၇**

မြန်မာနိုင်ငံတွင် အားကစားခရီးသွားလုပ်ငန်း တိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က မြန်မာနိုင်ငံတွင် အားကစားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစားခရီးသွားလုပ်ငန်းကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အားကစားနှင့် စွန့်စားမှု အခြေခံခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာနှင့် စနစ်တကျ စီမံခန့်ခွဲမှုများ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အားကစား ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ အားကစားနှင့် စွန့်စားမှု ခရီးသွားလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော အတတ်ပညာ၊ လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်းစည်းကမ်းများ ချမှတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် နီပေါနိုင်ငံ The Last Resort မှ အုပ်ချုပ်မှုဒါရိုက်တာ Mr. Bushnu Neopanae က မြန်မာနိုင်ငံအတွက် Adventure Tourism Master Plan ရေးဆွဲနိုင်ရေး၊ Standard Operating Procedure (SOP)များ ရေးဆွဲနိုင်ရေး၊ Bungee Jumping ၊ Paragliding ၊ Sky Walk ၊ Zip Lining နှင့် Trekking အစရှိသော စွန့်စားမှုအခြေခံခရီးသွားလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးနှင့် Journey Travel & Tours မှ အုပ်ချုပ်မှု ဒါရိုက်တာ ဦးဝင်းတင်က Activity Based Tourism ဆိုင်ရာများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီး ဦးတင်လတ်နှင့် တာဝန်ရှိသူများက အကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးသည်။

**သတင်းစဉ်**



# (၆၄)ကြိမ်မြောက် ဝိနယာဓိက ပရိယတ္တိ သာသနာပြုအသင်းကြီး၏ စာမေးပွဲတွင် စာအောင် သံဃာတော်များအား စာအောင်ဆုနှင်းသဘင် ကျင်းပ

**ရန်ကုန် မတ် ၁၇**

(၆၄)ကြိမ်မြောက် ဝိနယာဓိက ပရိယတ္တိသာသနာပြု အသင်းကြီးက ကြီးမှူးကျင်းပသည့် ဝိနယာဓိက ပရိယတ္တိ သာသနာပြု စာမေးပွဲတွင် အောင်မြင်ခဲ့ကြသော စာအောင် သံဃာတော်များ၊ စာအောင်ဆုနှင်းသဘင် အခမ်းအနားကို မတ် ၁၅ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ရှိ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်အတွင်း သာသနာ့ဝင် လေးထပ်ကျောင်းဆောင် အောက်ဆုံးထပ်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက ဆရာတော် ဘဒ္ဒန္တ တိလောကာ ဘိဝံသ ထံမှ အလှူရှင် ဒေ့ပရိသတ်များက ရှစ်ပါးသီလ ခံယူဆောက်တည်၍ ဆရာတော်ကြီး၏ ဩဝါဒကထာ မိန့်ကြားမှုကို နာယူခဲ့ကြသည်။

ထို့နောက် ဝိနယာဓိက ပရိယတ္တိ သာသနာပြုအသင်းကြီး၏ အကျိုးတော်ဆောင် အမှုဆောင်အဖွဲ့များက စာမေးပွဲကြီးတွင် ရိုးရိုးအောင် သံဃာတော် ၃၃၃ ပါးနှင့် ဂုဏ်ထူးအောင် သံဃာတော် ၁၅ ပါး စုစုပေါင်း ၃၄၈ ပါးတို့အား စာအောင်ဆုများ ချီးမြှင့်ပေးအပ်တော်မူကြပြီး သဒ္ဓမ္မပါလ ကျောင်းတိုက်၏ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ကုသလ ထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။

**ဉာဏ်လင်း**




ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ သတ်မှတ်နေရာတွင် လျှို့ဝှက်ဆန္ဒပြုခြင်းနည်းလမ်းဖြင့် ဆန္ဒမဲပေးကြစဉ်။

*ရှေ့ဖုံးမှ

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၈ နှင့်အညီ အဆိုတင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အပိုဒ်၊ အပိုဒ်ခွဲအလိုက် ပြည့်စုံစွာဖော်ပြပြီး ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဒေါ်နွယ်နွယ်အောင်က လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော စက်မှုဇုန်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၃ နည်းဥပဒေခွဲ(ဂ)နှင့်အညီ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်များနှင့် တိုက်ရိုက်သက်ဆိုင်သည့် ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုသည့် အပိုဒ်၊ အပိုဒ်ခွဲနှင့် အကြောင်းအရာများကို တိကျစွာ ရေးသားဖော်ပြပြီး ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

## မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက် နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ ဖတ်ကြားတင်ပြ

ထို့နောက် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဒေါ်ကျိုန်ငိုက်မန်က လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၃ နည်းဥပဒေခွဲ (ဂ)နှင့်အညီ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အချက်များနှင့် တိုက်ရိုက်သက်ဆိုင်သည့် ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ဆွေးနွေးလိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာများကို ဖော်ပြ လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ(ခ)တွင် အကျုံးဝင်သော ပုဒ်မ၊ ပုဒ်မခွဲ ၁၈ ခုကို စုစည်းထားသည့် ဆန္ဒမဲလက်မှတ် (၂)နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း အစီအစဉ်ကို ဆောင်ရွက်သည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက အတည်ပြုမည့် ဆန္ဒမဲလက်မှတ်များကို ရေတွက်အပ်နှံသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ညွှန်ကြားရေးမှူးချုပ် ယူဆောင်လာသည့် ဆန္ဒမဲလက်မှတ် အရေအတွက် ၆၅၀ စောင် ဖြစ်ပါကြောင်း၊ ယနေ့တက်ရောက် သည့် လွှတ်တော်ကိုယ်စားလှယ် ၆၃၁ ဦးဖြစ်သည့်အတွက် အပိုဆန္ဒမဲလက်မှတ် ၁၉ စောင်ကို မိမိထံတွင် ထားရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သက်ဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းအဖွဲ့ (၄) ဖွဲ့တို့က တာဝန်ပေးထားသည့် အကန့်အလိုက် နေရာယူကြသည်။

ထို့နောက် ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က ညွှန်ကြားရေးမှူးချုပ်ထံမှ လာရောက်ထုတ်ယူပြီး အကန့်အလိုက် တာဝန်ပေးထားသည့် ဝန်ထမ်းအဖွဲ့(၄)ဖွဲ့ထံသို့ အစည်းအဝေးတက်ရောက်မှု အင်အားအတိုင်း ခွဲဝေပေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက သတ်မှတ်နေရာတွင် လျှို့ဝှက်ဆန္ဒပြုခြင်း နည်းလမ်းဖြင့် ဆန္ဒမဲပေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က သတ်မှတ်နေရာတွင် လျှို့ဝှက်ဆန္ဒပြုခြင်း နည်းလမ်းဖြင့် ဆန္ဒမဲပေးသည်။

ဆန္ဒမဲပေးမှု ပြီးမြောက်ပြီးနောက် သက်ဆိုင်ရာတာဝန်ခံများက ဆန္ဒမဲပုံးများကို လွှတ်တော်ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် ဖွင့်လှစ်၍ ထုတ်ပေးထားသည့် ဆန္ဒမဲ လက်မှတ်အရေအတွက်နှင့် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲ လက်မှတ်အရေအတွက် အခြေအနေကို စစ်ဆေးရေတွက်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က လွှတ်တော်ကိုယ်စားလှယ်များထံ ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ် ၆၃၁ စောင်ဖြစ်ပြီး ယခု ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်သည်လည်း ၆၃၁ စောင်ဖြစ်သည့်အတွက် ကိုက်ညီမှုရှိကြောင်းနှင့် ဆန္ဒမဲပေးမှု အထမြောက်ကြောင်း ကြေညာသည်။

ယင်းနောက် ပုဒ်မ၊ ပုဒ်မခွဲအလိုက် ရလဒ်ရေတွက်မှုကို ဝန်ထမ်းအဖွဲ့ (၈) ဖွဲ့ဖြင့် သတ်မှတ်နေရာအသီးသီး၌ တစ်ပြိုင်တည်းရေတွက်ကြရာ နိုင်ငံရေးပါတီအစုအဖွဲ့အလိုက် အမည်စာရင်းပေးထားသည့် လွှတ်တော်ကိုယ်စားလှယ်များက သတ်မှတ်နေရာများ၌ ကြီးကြပ်စောင့်ကြည့်ကြသည်။

## သက်ဆိုင်ရာရုံးအဖွဲ့နှင့် နိုင်ငံရေးပါတီအစုအဖွဲ့အလိုက် ကိုယ်စားလှယ် (၅)ဦး ပါဝင်သည့်အဖွဲ့က ကြီးကြပ်

ဆက်လက်၍ အဖွဲ့ (၈)ဖွဲ့ခွဲ၍ အသေးစိတ်စိစစ်ရေတွက်မှု ပြီးမြောက်ပြီးနောက် သက်ဆိုင်ရာရုံးအဖွဲ့နှင့် နိုင်ငံရေးပါတီအစုအဖွဲ့အလိုက် ကိုယ်စားလှယ် (၅)ဦးပါဝင်သည့်အဖွဲ့က ကြီးကြပ်ပြီး စာရင်းချုပ်နှင့် ထောက်ခံဆန္ဒမဲအရေအတွက် ရာခိုင်နှုန်းတွက်ချက်မှုတို့ကို ဆက်လက်ဆောင်ရွက်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ယနေ့လွှတ်တော်၏ အဆုံးအဖြတ်ရယူသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း ပြင်ဆင်ချက် ပုဒ်မ၊ ပုဒ်မခွဲအလိုက် ထောက်ခံဆန္ဒမဲရရှိမှု အရေအတွက် ၇၅ ရာခိုင်နှုန်းကျော်ရ၊ မရနှင့် လွှတ်တော်၏ ဆုံးဖြတ်အတည်ပြုချက်တို့ကို ကြေညာရာတွင် ပုဒ်မ ၂၃၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၁) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၃၈၀ မဲ ဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၂၃၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၄)၏ နောက်တွင် ပုဒ်မခွဲငယ်(၅) အသစ်ဖြည့်စွက်မှုအတွက် ထောက်ခံဆန္ဒမဲ ၂၂၅ မဲ ဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၂၃၂ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၁) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၀ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၂၃၂ ပုဒ်မခွဲ(ည) ပုဒ်မခွဲငယ်(၂) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၃ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၂၃၂ ပုဒ်မခွဲ(ဋ) ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၀၆ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း။

ပုဒ်မ ၂၃၄ ပုဒ်မခွဲ(က) ခြေဆင်းပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၂ မဲ ဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့် အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၂၃၄ ပုဒ်မခွဲ(စ)ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၀၈ မဲ ဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၂၃၅ ပုဒ်မခွဲ (ဂ)ပုဒ်မခွဲငယ် (၂)ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၃ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၂၃၇ ပုဒ်မခွဲ(က) ခြေဆင်းပြင်ဆင်မှု အတွက် ထောက်ခံဆန္ဒမဲ ၄၁၅ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၂၃၇ ပုဒ်မခွဲ(က)ပုဒ်မခွဲငယ်(၄) ပုဒ်မခွဲငယ်စိတ် (ဃဃ) ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၁ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း။

ပုဒ်မ ၂၃၉ ပုဒ်မခွဲ (က) ခြေဆင်းပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၂ မဲ ဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၂၃၉ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၄)ပုဒ်မခွဲငယ်စိတ်(ဃဃ) ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၀၄ မဲ ဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၂၄၂ ပုဒ်မခွဲ (က) ခြေဆင်း ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၃ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၂၄၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ်(၄) ပုဒ်မခွဲငယ်စိတ် (ဂဂ) ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၀၈ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၂၄၄ ပုဒ်မခွဲ (က) ခြေဆင်းပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၄ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း။

ပုဒ်မ ၂၄၄ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၄) ပုဒ်မခွဲငယ်စိတ် (ဂဂ) ပယ်ဖျက်မှု အတွက် ထောက်ခံဆန္ဒမဲ ၄၁၂ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၂၆၁ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၄)၏ နောက်တွင် ပုဒ်မခွဲငယ် (၅)အသစ်ဖြည့်စွက်မှုအတွက် ထောက်ခံဆန္ဒမဲ ၂၂၄ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၂၆၁ ပုဒ်မခွဲ (ခ) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၂၃၉ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း ကြေညာသည်။

## ဆန္ဒမဲလက်မှတ်(၃)နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းကို ၂၀၂၀ ပြည့်နှစ် မတ် ၁၈ ရက် ဗုဒ္ဓဟူးနေ့တွင် ဆက်လက်ဆောင်ရွက်

ယင်းနောက် ပြည်သူ့လွှတ်တော်နာယက က ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယ အကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ(ခ)တွင် အကျုံးဝင်သည့် ဆန္ဒမဲလက်မှတ် (၂)နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း အစီအစဉ် ပြီးဆုံးပြီဖြစ်ပါကြောင်း၊ ဆက်လက်၍ ဆန္ဒမဲလက်မှတ်(၃)နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းကို ၂၀၂၀ ပြည့်နှစ် မတ် ၁၈ ရက် ဗုဒ္ဓဟူးနေ့တွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို မတ် ၁၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ရဲသွင်၊ အေးအေးသန့်၊ ဓာတ်ပုံ- စိုးဝင်းထွန်း**

# ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများ နိုင်ငံခြားသားများ ပါဝင်ဆောင်ရွက်ခွင့်ပြုသည့် ညွှန်ကြားချက်ထုတ်ပြန်

မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်
သတင်းထုတ်ပြန်ချက်

**ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများ**
**နိုင်ငံခြားသားများ ပါဝင်ဆောင်ရွက်ခွင့်ပြုသည့် ညွှန်ကြားချက်ထုတ်ပြန်ခြင်း**

၁။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်သည် (၁၂-၇-၂၀၁၉) ရက်နေ့တွင် အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၁၉ ဖြင့် ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများနေ့စဉ် အရောင်းအဝယ်ပြုလုပ်ရာ၌ နိုင်ငံခြားသားများ ပါဝင်ဆောင်ရွက်ခွင့်ပြုသည့် အမိန့်ကြော်ငြာစာကို ထုတ်ပြန်ခဲ့ပါသည်။

၂။ ကော်မရှင်သည် အဆိုပါအမိန့်ကြော်ငြာစာပါ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများရောင်းဝယ်မှုတွင် နိုင်ငံခြားသားများ ပါဝင်ဆောင်ရွက်ရာ၌ ရန်ကုန်စတော့အိပ်ချိန်းနှင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများက လိုက်နာဆောင်ရွက်ရန် အချက်များကို ညွှန်ကြားချက်အမှတ် (၁/၂၀၂၀) ဖြင့် ၆-၃-၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။ အဆိုပါ ညွှန်ကြားချက်သည် ၂၀-၃-၂၀၂၀ ရက်နေ့တွင် စတင်အကျိုးသက်ရောက်မည်ဖြစ်ပါကြောင်းနှင့် စိတ်ပါဝင်စားသူ ပြည်တွင်းနေ နိုင်ငံခြားသား၊ ပြည်ပနေ နိုင်ငံခြားသားများသည် ရန်ကုန်စတော့အိပ်ချိန်း၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်**

# ပဋိဇီဝဆေးယဉ်ပါးမှုနှင့် ကျန်းမာရေးပြဿနာများ

**ဖေနှင်းငွေ**

### ပဋိဇီဝဆေးယဉ်ပါးခြင်းနှင့် အကြောင်းရင်းများ

ခန္ဓာကိုယ်တွင်းသို့ ဝင်ရောက်လာသော ဗက်တီးရီးယားရောဂါပိုးမွှားများကို သေစေရန် သောက်သုံးရသည့်ဆေးကို ပဋိဇီဝဆေး (Antibiotic)ဟုခေါ်သည်။ ထိုပဋိဇီဝဆေးများကို ဗက်တီးရီးယားပိုးများက ခံနိုင်ရည်ရှိပြီး ဆေးမတိုးတော့ခြင်းကို ပဋိဇီဝဆေးယဉ်ပါးမှုဖြစ်ခြင်းဟု ခေါ်ပါသည်။ ပဋိဇီဝဆေးယဉ်ပါးခြင်းကြောင့် ကူးစက်တတ်သောရောဂါများကို ကုသနိုင်စွမ်းများ လျော့နည်းသွားကြရသည်။

ပဋိဇီဝဆေးယဉ်ပါးမှုကို ဖြစ်စေနိုင်သော အကြောင်းရင်းများမှာ နေ့စဉ်စားသုံးနေကြသော အသားများ(ကြက်၊ ဝက်၊ ငါး၊ အမဲသား)တွင် ပဋိဇီဝဆေးများ ပါရှိနေခြင်း၊ ဟင်းသီးဟင်းရွက် အသီးအနှံတို့တွင် ပဋိဇီဝဆေးများ ပါရှိနေခြင်း စသည်တို့ကြောင့် ဖြစ်သည်။ ထို့အပြင် ပဋိဇီဝဆေးများကို လွတ်လပ်စွာ ရောင်းဝယ်နိုင်ခြင်း၊ ရပ်ကွက်ဆေးဆိုင်များ၊ ကွမ်းယာဆိုင်များတွင် အလွယ်တကူ ဝယ်ယူရရှိနိုင်ခြင်း၊ ဆရာဝန်ညွှန်ကြားချက်မပါဘဲ မိမိသဘောဆန္ဒနှင့် မိမိ ဝယ်ယူသောက်သုံးနေကြခြင်း အစရှိသည့် အခြေအနေ၊ အမူအကျင့်များသည် ဆေးယဉ်ပါးမှု ပြဿနာကို ပို၍ကြီးထွားစေပါသည်။ ရပ်ကွက်ဆေးဆိုင်အချို့သည် စပ်ဆေးများ ပြုလုပ်ရောင်းချနေခြင်း၊ ဆေးဝယ်လာသူများကို ဆရာဝန်ကဲ့သို့ ဆေးညွှန်းများပေးကာ သောက်ပုံ၊ သောက်နည်းများ ပြောပြနေကြခြင်း စသည်တို့သည် ပဋိဇီဝဆေးယဉ်ပါးမှုအန္တရာယ်ကို ပို၍ကြီးထွားစေသော သက်သေသာဓကများပင်ဖြစ်သည်။

### ကမ္ဘာလုံးဆိုင်ရာပြဿနာ

ပဋိဇီဝဆေးယဉ်ပါးမှုပြဿနာသည် ယခုအခါ ဆင်းရဲချမ်းသာမရွေး၊ လူမျိုးတိုင်း၊ နိုင်ငံတိုင်းအတွက် လတ်တလော ရင်ဆိုင်ဖြေရှင်းရမည့် ကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်သည်။ တစ်ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေး၊ အစားအသောက် ဘေးကင်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ခြိမ်းခြောက်နေသော အဓိက အရာများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ဆေးဘက်ဆိုင်ရာ ပညာရှင်များ၏ သုံးသပ်ချက်များအရ ယခုအချိန်တွင် တစ်ကမ္ဘာလုံး၌ ပဋိဇီဝဆေးမတိုးသော ရောဂါပိုးကြောင့် သေဆုံးမှုနှုန်းသည် ၂၀၁၆ ခုနှစ်တွင် ခုနစ်သိန်းခန့်ရှိခဲ့ပြီး ၂၀၅၀ ပြည့်နှစ်တွင် သိန်း ၁၀၀ အထိ မြင့်တက်လာနိုင်သည်ဟု ဆိုပါသည်။ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆေးမတိုးသောရောဂါ ဖြစ်ပွားမှုနှုန်း ပို၍ မြင့်မားလာနိုင်သည်။ ကာကွယ်တိုက်ဖျက်ရေးအတွက် ပို၍ ခက်ခဲနိုင်ပါသည်။ ထို့ကြောင့် အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူများ အတူတကွ ပူးပေါင်းဆောင်ရွက်မှသာ ကာကွယ်တားဆီးနိုင်မည်ဖြစ်ပါသည်။




ပဋိဇီဝဆေးသုံးစွဲမှုနှင့် ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထုတ်ထားသည့် ပညာပေး ပိုစတာ

ပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ သာမက အခြားနီးနွယ်ရာဌာနများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၊ FAO နှင့် အခြား INGO၊ NGO များ၊ အစိုးရ၊ လွှတ်တော်နှင့် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်း၍ One Health Approach ဖြင့် ဆောင်ရွက်သွားရန် လိုအပ်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ပဋိဇီဝဆေးကို သောက်သုံးနေကြရသည့် လူနာများအနေဖြင့်လည်း ဆေးသောက်သုံးရာတွင် ဆရာဝန်ညွှန်ကြားချက်အတိုင်း တိကျစွာလိုက်နာပြီး ဆေးပတ်လည်အောင် သောက်ရပါမည်။ ဆေးသောက်ချိန်နှင့် ဆေးအရေအတွက်သည် ဆရာဝန်ညွှန်ကြားချက်အတိုင်းသာ ဖြစ်ရပါမည်။ ဆေးကိုလျှော့သောက်ခြင်း၊ ပိုသောက်ခြင်းများ လုံးဝ မပြုလုပ်သင့်ပါ။ ထိုသို့ပြုလုပ်ခြင်းသည် ပဋိဇီဝဆေးယဉ်ပါးမှုကိုဖြစ်စေပြီး နောက်နောင်ရောဂါဖြစ်ပါက ဆေးယဉ်ပါးမှုဒဏ်ကြောင့် ကုသရန်ခက်ခဲလာမည်ဖြစ်သည်။

### ဖြစ်လာနိုင်သောဆိုးကျိုးများ

ဆေးယဉ်ပါးသည့်အတွက် တစ်ပတ်နှင့်ပျောက်မည့်ရောဂါကို တစ်လကုသနေရခြင်း၊ ဆေးဝါးများပြောင်းလဲ၍ ကုသနေရခြင်း၊ ကုသချိန်ကြာမြင့်သည့်အတွက် အခြားရောဂါများ ဝင်ရောက်လာနိုင်ခြင်း စသည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများနှင့်အတူ ဆေးကုသမှုအတွက် ငွေကြေးကုန်ကျမှုများလာခြင်း၊ စိတ်ဓာတ်ကျဆင်းလာပြီး ခံနိုင်ရည်စွမ်းအားကုန်ခမ်းလာခြင်းနှင့် နောက်ဆုံး အသက်ဆုံးရှုံးခြင်းများ ကြုံတွေ့ရနိုင်ပါသည်။

ထို့အပြင် အချို့သော သူများသည် မိမိရောဂါဖြစ်စဉ်က ပျောက်ကင်းခဲ့သော ဆေးဝါးများကို မှတ်သားထားပြီး အခြားသူများ ဖျားနာပါက ဆရာဝန်ကဲ့သို့ ဆေးညွှန်းပေးခြင်း၊ ဆေးလက်ကျန်များ မျှဝေခြင်း အလေ့အထများ ရှိကြသည်။ ပဋိဇီဝဆေးများကို တလွဲသုံးခြင်း၊ အလွန်အကျွံသုံးခြင်း၊ မလိုအပ်ဘဲဆေးထိုး၊ ဆေးသောက်ခြင်းများကို ပြုလုပ်ခြင်းသည် ဆေးယဉ်ပါးမှုအန္တရာယ်ကို အချိန်တိုအတွင်း လျင်မြန်စွာ ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့် ပဋိဇီဝဆေးများကို မဖြစ်မနေ သုံးစွဲရန် လိုအပ်ပါက နားလည်တတ်ကျွမ်းသော ဆရာဝန်များ၊ ဆေးဘက်ဆိုင်ရာပညာရှင်များ၏ လမ်းညွှန်မှုများ၊ အကြံပြုမှုများကို ရယူရန် အထူးလိုအပ်ပါသည်။

### မွေးမြူရေးမှ ပဋိဇီဝဆေးများ

ထို့အပြင် အချို့သော မွေးမြူရေးသမားများသည် ကြက်၊ ဝက်၊ ငါး၊ မွေးမြူရေးပုစွန် စသည်တို့ကို အချိန်တိုအတွင်း အသားတိုးလာစေရန်နှင့် ရောဂါပိုးမွှား ကင်းစေရန်အတွက် အသားတိုး ဟိုမုန်းဓာတ် ပါဝင်သော အစာများနှင့်အတူ ပဋိဇီဝဆေးများကို ရောနှောကာ ကျွေးကြသည်။ မွေးမြူရေးသမားများအတွက် ကာလတိုအတွင်း တိရစ္ဆာန်များ အသားတိုးလာကြသဖြင့် တွက်ခြေကိုက်ကြသည်။ သို့သော်လည်း အဆိုပါ အသား၊ ငါးများကို စားသုံးကြသော ပြည်သူများအတွက် အသားထဲတွင်ပါလာသော ပဋိဇီဝဆေးများကြောင့် ဆေးယဉ်ပါးမှုကို ခံစားရခြင်း၊ အသားထဲရှိ ဟော်မုန်းဓာတ်များကြောင့် အသားများတိုးလာကာ အဝလွန်လာခြင်း စသော ကျန်းမာရေးပြဿနာများလည်း ခံစားလာကြရသည်။

ပဋိဇီဝဆေးယဉ်ပါးမှုသည် လူမှ တိရစ္ဆာန်သို့လည်းကောင်း၊ တိရစ္ဆာန်မှ လူသို့လည်းကောင်း အပြန်အလှန် ကူးစက်နိုင်သည့်သဘောရှိပါသည်။ ကိုင်တွယ်မိသည့် ပစ္စည်းများ၊ ချောင်းဆိုးလျှောင်ထွက်လာသည့် အမှုန်အမွှားများ၊ သလိပ်၊ တစ်ရှူးများမှတစ်ဆင့်လည်း ကူးစက်နိုင်ပါသည်။ ရောဂါပိုးကူးစက်ခံရခြင်း လျော့နည်းပါက ပဋိဇီဝဆေးသုံးစွဲမှု လျော့နည်းလာမည်ဖြစ်ပါသည်။ ရောဂါပိုးကူးစက်ခံရခြင်း လျော့နည်းစေရန် သန့်ရှင်းရေးအခြေခံကောင်းများကို ကျင့်သုံးခြင်းသည် အထိရောက်ဆုံးသော နည်းလမ်းတစ်ခုဖြစ်ပါသည်။

### ဆေးယဉ်ပါးမှုအန္တရာယ် ကာကွယ်ရန်

ထို့ကြောင့် ပြည်သူလူထုအနေဖြင့် ပဋိဇီဝဆေးယဉ်ပါးမှု အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် ပဋိဇီဝဆေးများအား မဖြစ်မနေသောက်သုံးရပါက နားလည်တတ်ကျွမ်းသော ကျန်းမာရေးစောင့်ရှောက်သူများ၏ ညွှန်ကြားချက်များအတိုင်းသာ သုံးစွဲရန်လိုအပ်ပါသည်။ ရောဂါသက်သာလာသော်လည်း ဆေးပတ်လည်အောင် ညွှန်ကြားချက်အတိုင်း ဆက်လက်သုံးစွဲသင့်ပါသည်။

အခြားသူများသုံးစွဲပြီး လက်ကျန်ဆေးများကို လုံးဝမသုံးစွဲရပါ။ မိမိရောဂါအတွက် ညွှန်ကြားထားသော ပဋိဇီဝဆေးများကို အခြားသူများနှင့် မျှဝေသုံးစွဲခြင်းကို ရှောင်ကြဉ်ပါ။ လက်ကို ပုံမှန်ဆေးခြင်း၊ မလိုအပ်ဘဲ လူနာနှင့် နီးကပ်စွာထိတွေ့မှုများကို ရှောင်ကြဉ်ခြင်း၊ ထိုးသင့်သောရောဂါကာကွယ်ဆေးများကို အကြိမ်ပြည့်ထိုးထားခြင်းတို့ဖြင့် ကူးစက်ရောဂါများကို ကာကွယ်နိုင်ပါသည်။

ကျန်းမာရေးဝန်ထမ်းများ အနေဖြင့်လည်း လက်များ၊ ကုသရေးကိရိယာများနှင့် ပတ်ဝန်းကျင်ကို သန့်ရှင်းစွာ ထားရပါမည်။ လက်ရှိ Guide Line များအရ ပဋိဇီဝဆေးများကို အသုံးပြုရန် အမှန်တကယ်လိုအပ်မှသာ ညွှန်ကြားရပါမည်။ ဆေးယဉ်ပါးနေသော ရောဂါများကို တွေ့ရှိပါက အထက်အဆင့်ဆင့်သို့ ဆက်လက်သတင်းပို့ရပါမည်။ လူနာများအား ပဋိဇီဝဆေး မှန်ကန်စွာ သုံးစွဲနည်းနှင့် အလွဲသုံးပါက ဆေးယဉ်ပါးပြီး အန္တရာယ်ရှိနိုင်ကြောင်းကို အချိန်ပေး၍ ရှင်းပြပေးသင့်ပါသည်။ ကာကွယ်ဆေးထိုးခြင်း၊ လက်ဆေးခြင်း၊ ဘေးကင်းသော လိင်ဆက်ဆံခြင်းနှင့် နှာချေ၊ ချောင်းဆိုးလျှင် ပါးစပ်နှင့် နှာခေါင်းတို့ကို ဖုံးအုပ်ထားရန်တို့အတွက် ကျန်းမာရေးအသိပညာပေးခြင်းများကိုလည်း ပြုလုပ်ပေးရပါမည်။

ထို့အပြင် မွေးမြူရေးဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း တိရစ္ဆာန်အစာနှင့် ဆေးဝါး ထုတ်လုပ်သူများအား စောင့်ကြည့်ကြပ်မတ်ခြင်း၊ တိရစ္ဆာန်ဆေးကုဆရာဝန်များ လိုက်နာရမည့် အချက်အလက်များ ဖြန့်ဝေခြင်း၊ မွေးမြူရေးခြံများတွင် ရောဂါဝင်ရောက်မှု လျော့ကျရေးအတွက် နည်းလမ်းများဖြန့်ဝေခြင်း၊ ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်များကို ရေးဆွဲပြဋ္ဌာန်းပေးခြင်းနှင့် တိရစ္ဆာန်မွေးမြူရေးကဏ္ဍအတွင်း ပဋိဇီဝဆေးယဉ်ပါးမှုပြဿနာများ မည်မျှကျယ်ပြန့်နေသည်ကို မျက်ခြည်မပြတ် စူးစမ်းလေ့လာခြင်းများကို စဉ်ဆက်မပြတ် ပြုလုပ်ပေးသင့်ပါသည်။

ပဋိဇီဝဆေးယဉ်ပါးမှုပြဿနာ လျော့ချရေး အတွက် လူတစ်ဦးချင်းစီ၏ ကျန်းမာရေးအသိပညာရှိမှု၊ အတ္တမဆန်ဘဲ လူမှုရေးအသိရှိမှုတို့သည် အခြေခံအကျဆုံးကျသောအချက်များဖြစ်သည်။ ရောဂါဝင်ရောက်မှု အနည်းဆုံးဖြစ်လျှင် ပဋိဇီဝဆေးသုံးစွဲရသူလည်း အနည်းဆုံးဖြစ်သည်။ မိသားစုတိုင်း၊ အဖွဲ့အစည်းတိုင်း၊ ဆေးရုံ၊ ဆေးခန်းတိုင်းတွင် ရောဂါပိုးဝင်ရောက်မှုမရှိစေရေးအတွက် အခြေခံတစ်ကိုယ်ရေသန့်ရှင်းမှုရှိရမည်။ ကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရပါမည်။

ပဋိဇီဝဆေးကို လွဲမှားစွာသုံးခြင်းကြောင့် သက်ရှိသတ္တဝါအားလုံးအတွက် ကြီးမားသည့် ကျန်းမာရေးဆိုင်ရာ ပြဿနာကြီးဖြစ်သည့် ပဋိဇီဝဆေးယဉ်ပါးမှုနှင့် ရင်ဆိုင်ကြုံတွေ့ရစေနိုင်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မှီငြမ်း။ ။ကမ္ဘာ့ကျန်းမာရေးနေ့မဂ္ဂဇင်း (2019 M.O.H.S)

**"ပဋိဇီဝဆေးကို သောက်သုံးနေကြရသည့် လူနာများအနေဖြင့် ဆေးသောက်ရာတွင် ဆရာဝန်ညွှန်ကြားချက်အတိုင်း တိကျစွာလိုက်နာပြီး ဆေးပတ်လည်အောင် သောက်ရပါမည်။ ဆေးသောက်ချိန်နှင့် ဆေးအရေအတွက်သည် ဆရာဝန်ညွှန်ကြားချက်အတိုင်းသာ ဖြစ်ရပါမည်။ ဆေးကို လျှော့သောက်ခြင်း၊ ပိုသောက်ခြင်းများ လုံးဝမပြုလုပ်သင့်ပါ။ ထိုသို့ပြုလုပ်ခြင်းသည် ပဋိဇီဝဆေးယဉ်ပါးမှုကို ဖြစ်စေပြီး နောက်နောင် ရောဂါဖြစ်ပါက ဆေးယဉ်ပါးမှုဒဏ်ကြောင့် ကုသရန်ခက်ခဲလာမည်ဖြစ်သည်"**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့် ညှိနှိုင်းအစည်းအဝေးတက်ရောက်

**နေပြည်တော် မတ် ၁၇**

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ဗဟိုအဆင့် ညှိနှိုင်းအစည်းအဝေး(၃၆/၂၀၂၀)ကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုကဲ့သို့ ကမ္ဘာ့နိုင်ငံများတွင် COVID–19 ရောဂါပျံ့နှံ့ကူးစက်မှု အရှိန်အဟုန်မြင့်မားပြားနေသည့်ကာလအတွင်း မိမိတို့နိုင်ငံတွင်းသို့ အဆိုပါနိုင်ငံများမှ ဝင်ရောက်လာသော ခရီးသည်များထဲမှ ရောဂါဖြစ်ပွားသူ ရှာဖွေခြင်းနှင့် ဝင်ရောက်လာသည့်အရေအတွက် နည်းနိုင်သမျှနည်းရမည်ဟူသော ခံယူချက်ဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် ဆုံးဖြတ်ချက်များကို ပြတ်ပြတ်သားသား အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း။

## နည်းဗျူဟာများ

ကမ္ဘာအရပ်ရပ်ရှိ COVID–19 ရောဂါဖြစ်ပွားသော နိုင်ငံများ၌ ရောဂါကာကွယ်ထိန်းချုပ်သည့် လုပ်ငန်းနည်းဗျူဟာများမှာ လေယာဉ်ခရီးစဉ်များ ပိတ်ပင်ခြင်း၊ လျှော့ချခြင်း၊ မြို့များ၌ အဝင်/အထွက် ပိတ်ပင်ခြင်း၊ ကျောင်းများ ပိတ်ပင်ခြင်း၊ မရှိမဖြစ်ဆိုင်များမှလွဲ၍ အခြားဆိုင်များ ပိတ်ပင်ခြင်းနှင့် လူစုလူဝေးများမလုပ်ရန် ပိတ်ပင်ခြင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာနိုင်ငံတစ်ခုမှ ဦးစီးကျင်းပမည့် နိုင်ငံတကာမှ ကိုယ်စားလှယ်များစွာ တက်ရောက်မည့် အစည်းအဝေးများနှင့် ညီလာခံများ ပိတ်ပင်ခြင်းကို ပြတ်ပြတ်သားသား လုပ်ဆောင်နေသည်ကို တွေ့ရှိရပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဖြစ်ပေါ်လာမည့် အခြေအနေပေါ်မူတည်၍ လိုအပ်လျှင် လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာနမှ ဗဟိုကော်မတီသို့ အကြံပြုတင်ပြ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

## ထိရောက်စွာလုပ်ဆောင်လျက်ရှိ

မိမိတို့နိုင်ငံတွင် COVID–19 ရောဂါဖြစ်ပွားသူ မတွေ့ရှိရသေးသော ရောဂါကာကွယ်ထိန်းချုပ်နိုင်မည့် အခွင့်အလမ်းပြတင်းပေါက်ဖွင့်ချိန်ကာလ (window of opportunity) နှစ်လခွဲခန့်အတွင်း ထိရောက်စွာ လုပ်ဆောင်လျက်ရှိပါကြောင်း၊ ဤအခွင့်အလမ်း ပြတင်းပေါက် ဖွင့်ချိန်ကာလသည် အချိန်မရွေးပိတ်သွားနိုင်သည်ဖြစ်၍ ဆေးရုံပိုင်းဆိုင်ရာ ပြင်ဆင်မှုလုပ်ငန်းများ၊ ပြည်သူများကို ဤရောဂါနှင့်ပတ်သက်၍ အသိပေးခြင်းများ၊ ပြည်သူများကိုယ်တိုင် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများပေးအပ်ခြင်း စသည်တို့ကို အဘက်ဘက်မှ အဆင်သင့်ဖြစ်စေရေးကို ယခုထက် ပိုမိုအားထုတ်ဆောင်ရွက်ပါက ရေရှည်တွင် အကျိုးရှိမည်ဖြစ်ကြောင်း။

ယခုအခါ Video Conferencing ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်နေသဖြင့် လုပ်ငန်းများ ပိုမိုလျင်မြန်စွာပြီးစီးမည့်အပြင် လုပ်ဆောင်ထားရှိမှုများ ထိရောက်မှု ရှိ/မရှိကို အချိန်နှင့် တစ်ပြေးညီ ဆန်းစစ်သုံးသပ်နိုင်ပြီဖြစ်ကြောင်း၊ Video Conferencing ပြုလုပ်ခြင်းဖြင့် ဗဟိုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ အသိပညာများဖလှယ်နိုင်ခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ဆေးရုံများ၏ လိုအပ်ချက်များကိုသိရှိပြီး ဖြည့်ဆည်းပေးနိုင်ခြင်း၊ ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားလျက်ရှိသော COVID–19 ရောဂါ ကူးစက်မှု၊ ပြန့်ပွားမှုပုံစံများကို ကပ်ရောဂါဗေဒရှုထောင့်မှသုံးသပ်ပြီး အသိပေးနိုင်ခြင်း အစရှိသည့် အကျိုးများကိုရရှိ၍ ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများ ပိုမိုထိရောက်မည်ဖြစ်ကြောင်း။

ထို့အတူ COVID–19 ရောဂါ ထိန်းချုပ်ကာကွယ်နိုင်ရေးနှင့်ပတ်သက်၍ ပြည်သူများ လိုက်နာကျင့်သုံးသင့်သည့် မှတ်သားရလွယ်ကူမည့်အချက်များကို ပြန်လည်စုစည်း ထုတ်ပြန်ပေးရမည်ဖြစ်ကြောင်း၊ COVID–19 ရောဂါနှင့်ပတ်သက်၍ ပြည်သူများ ပိုမိုသိရှိနားလည် သဘောပေါက်စေရန် ရောဂါနှင့်ပတ်သက်သည့် အမေးများသည့် မေးခွန်းများနှင့် အဖြေများ (Frequently Asked Questions) ကို ပြန်လည်မွမ်းမံထုတ်ပြန်မည်ဖြစ်ကြောင်း။

## ပိုမိုအားထည့် ဆောင်ရွက်ရန်

အလားတူ နိုင်ငံအတွင်းရှိ အကျဉ်းထောင်များမှ အကျဉ်းသားများအပြင် တိုက်ပွဲများ ဖြစ်ပွားနေသည့် ဒေသများမှ တိုက်ပွဲရှောင်ဒုက္ခသည်စခန်းများတွင် နေထိုင်သူများကို COVID–19 ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာပေးနိုင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရေးတို့အတွက် လုပ်ငန်းလမ်းညွှန်ချက်များကိုပြုစု၍ သက်ဆိုင်ရာဝန်ကြီးဌာနသို့ အမြန်ဆုံးပေးပို့ရမည်ဖြစ်ကြောင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး မတက်ရောက်မီတွင် Non–Contact Thermometer များဖြင့် နေ့စဉ် ကိုယ်အပူချိန်စစ်ဆေးခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးခြင်းများကို ယခုအချိန်ကာလ၌ ပိုမိုအားထည့် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဖွင့်လှစ်မည့် သင်တန်းများ၊ လူများစွာတက်ရောက်မည့် အစည်းအဝေးကြီးများနှင့် ညီလာခံ များကို တတ်နိုင်သမျှ လျှော့ချနိုင်ရေး (သို့မဟုတ်) ခေတ္တရပ်ဆိုင်းရေး (သို့မဟုတ်) Tele Conferencing (သို့မဟုတ်) Video Conferencing အသုံးပြုဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း။

## ပူးပေါင်းဆောင်ရွက်စေလို

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ လက်ရှိအခြေအနေတွင် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အထူးဦးစားပေး၍ တင်းကျပ်စွာဖြင့် လုပ်ဆောင်နေခြင်းမှာ ပြည်သူတစ်ဦးတစ်ယောက်မျှ ရောဂါကူးစက်မှုမဖြစ်ပွားစေရေးနှင့် အသက်ဆုံးရှုံးမှုမရှိစေရေးတို့အတွက် ဖြစ်ပါကြောင်း၊ ဤရောဂါ အောင်မြင်စွာ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အဓိကအရေးကြီးသော အချက်ဖြစ်သည့် ပြည်သူများကိုယ်တိုင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း။

ထိုင်း၊ စင်ကာပူနှင့် မလေးရှားနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံသားများ မဟာသင်္ကြန်ကာလအတွင်း ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာမည့် ကိစ္စရပ်နှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ လုပ်ဆောင်သင့်သည်များကို ကြိုတင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဤကိစ္စရပ်သည် နိုင်ငံအတွက် အထူးအရေးကြီးသည့် ရောဂါကာကွယ်ထိန်းချုပ်ရေး ကိစ္စရပ်တစ်ရပ်ဖြစ်ကြောင်း၊ ထိုသို့ ပြန်လည်ဝင်ရောက်လာမည့် သူများအနေဖြင့် မိမိတို့၏နေအိမ်တွင် တတ်နိုင်သမျှ နေထိုင်ရန်၊ သံသယရောဂါလက္ခဏာများပေါ်ပေါက်လာပါက အနီးဆုံးကျန်းမာရေးဌာနသို့ ချက်ချင်းအကြောင်းကြားရန် စသည့်အချက်များကို တင်းကျပ်စွာ လိုက်နာဆောင်ရွက်ရန် အသိပေးနှိုးဆော်မှုများ ပြုလုပ်နိုင်ရန် ၎င်းတို့နှင့် ၎င်းတို့၏ မိသားစုများအတွက် လက်ကမ်းစာစောင်များကို အဆင်သင့်ပြုစုထားမည်ဖြစ်ကြောင်း။

ရွှေတိဂုံစေတီတော်ကြီးအပါအဝင် လူအများလာရောက်သည့် စေတီဘုရားများတွင် ရောဂါကူးစက်ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ရန် Thermal Scanner, Non–Contact Thermometer များ၊ ဆပ်ပြာနှင့် လက်ဆေးနိုင်သည့် နေရာများ၊ အရက်ပြန်အနည်းဆုံး ၆၀ ရာခိုင်နှုန်းပါဝင်သည့် လက်သန့်စင်ဆေးရည် (Hand Sanitizer) များကို သက်ဆိုင်ရာစေတီ ဘုရားဂေါပကအဖွဲ့များမှ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

## ဦးစားပေးနေရာများကို ဖြည့်ဆည်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဝယ်ယူထားသည်နှင့် လှူဒါန်းလက်ခံရရှိသည့် ဆေးနှင့် ဆေးပစ္စည်းကိရိယာများကို COVID–19 လူနာတွေ့ရှိပါက ထားရှိကုသရန် သတ်မှတ်ထားသော ဆေးရုံများနှင့် ရောဂါထိန်းချုပ်ကုသရေးအတွက် အချက်အချာကျသော ဦးစားပေးနေရာများကို ဖြည့်ဆည်းမှုများသည် အရေးကြီးပါကြောင်း ပြောကြားပြီး မတ် ၁၂ ရက်တွင် ကျင်းပခဲ့သော ဗဟိုကော်မတီ အစည်းအဝေး၏ ဆုံးဖြတ်ချက်များမှ ဝန်ကြီးဌာနမှ ဆောင်ရွက်ရန် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ COVID–19 ရောဂါနှင့်ပတ်သက်သည့် နောက်ဆုံးအချက်အလက် (Daily Update Situation) များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အတွင်းတွင် COVID–19 ရောဂါဖြစ်ပွား/သေဆုံးမှုများ ကျဆင်းလာပြီဖြစ်သော်လည်း အခြားသောနိုင်ငံများတွင် ဖြစ်ပွား/သေဆုံးမှုများ မြင့်တက်လျက်ရှိသည့် အခြေအနေများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ နိုင်ငံအတွင်း ရောဂါကူးစက်ပြန့်ပွားမှု (Local transmission) ဖြစ်ပွားနေသည့် နိုင်ငံများနှင့် ရောဂါကူးစက်ပြန့်ပွားမှုအခြေအနေများကို ကပ်ရောဂါဗေဒရှုထောင့်မှ သုံးသပ်ချက် (Epidemiological Analysis) အချက်အလက်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ညွှန်းပို့ဆေးရုံများနှင့် အခြားသောဆေးရုံများမှ စောင့်ကြည့်လူနာအခြေအနေများ၊ ဓာတ်ခွဲစစ်ဆေးထားသည့် အခြေအနေများနှင့် အဖြေများ၊ ထူးခြားဖြစ်စဉ်များ၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်/ရေဆိပ်များနှင့် နယ်စပ် ဝင်ပေါက်/ထွက်ပေါက်များမှ နေ့စဉ် ဝင်/ထွက် သွားလာနေသည့်အခြေအနေများနှင့် ထူးခြားဖြစ်စဉ်များ၊ တောင်ဥက္ကလာပအမျိုးသမီးနှင့် ကလေးဆေးရုံကြီးနှင့် လှည်းကူးပြည်သူ့ကျန်းမာရေး ကွင်းဆင်းသင်တန်းကျောင်းတို့ရှိ ဆောက်လုပ်ပြီး အသုံးမပြုရသေးသည့် အဆောက်အဦသစ်များ၌ အသွားအလာ ကန့်သတ်ခြင်း (Quarantine) ပြုလုပ်ထားရှိရန် လိုအပ်သည့် ပြင်ဆင်မွမ်းမံထားရှိမှုများ၊ လိုအပ်နိုင်သည့် ဝန်ထမ်းအင်အားဖြည့်ဆည်းပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများ၊ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံများနှင့် အခြားသောပစ္စည်းများ အလျင်အမြန်ရရှိနိုင်ရေးအတွက် ထပ်မံဝယ်ယူရန်အတွက် ပြင်ဆင်ထားရှိမှုများ စသည်တို့ကို ဆွေးနွေးကြသည်။ **သတင်းစဉ်**

---

# လှိုင်းဘွဲ့စာကြည့်တိုက် ကိုရိုနာဗိုင်းရပ်စ်အန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန် စီစဉ်ထားရှိ



**လှိုင်းဘွဲ့ မတ် ၁၇**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် ကိုရိုနာဗိုင်းရပ်စ်အန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် စာကြည့်တိုက်အတွင်းသို့ ဝင်ရောက်လာမည့် စာပေဝါသနာရှင်များအား လက်ဆေးခြင်းများ ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ထားလျက်ရှိသည်။ **(ဝဲပုံ)**

မိဘပြည်သူများ၊ ကျောင်းသားကျောင်းသူများအနေဖြင့် ပြည်သူ့စာကြည့်တိုက်သို့ လာရောက်၍ စာအုပ်များငှားရမ်းခြင်း၊ ဖတ်ရှုခြင်း၊ ကစားခြင်း၊ Wifi သုံးစွဲခြင်းများ ဆောင်ရွက်သည့်အခါ ပြည်သူ့စာကြည့်တိုက်တွင် ထားရှိထားသော ဆပ်ပြာဖြင့် စနစ်တကျ လက်ဆေးခြင်းများ ပြုလုပ်ဆောင်ရွက်ပြီးမှသာ ဝင်ရောက်၍ အသုံးပြုနိုင်ကြောင်းနှင့် ကိုရိုနာဗိုင်းရပ်စ် အန္တရာယ်အကြောင်း လေ့လာသိရှိနိုင်ရန် လက်ကမ်းစာစောင်များကို ထားရှိပေးလျက်ရှိကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

---

# မင်းတပ်မြို့၌ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ(COVID–19) ကြိုတင်ကာကွယ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မင်းတပ် မတ် ၁၇**

မင်းတပ်မြို့တွင် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ(COVID–19) ကြိုတင်ကာကွယ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးက COVID–19 ရောဂါဖြစ်ပွားမှု ကြိုတင်ကာကွယ်နိုင်ရန် ယခုကာလအတွင်း လူစုလူဝေးဖြင့် ကျင်းပမည့် အခမ်းအနားနှင့် ဘာသာရေးပွဲများ ကျင်းပခြင်းကို မပြုလုပ်ရန် ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာများအား ရှင်းလင်းပြောကြားပြီး ခရိုင်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာဇော်ဝင်းနိုင်က အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ(COVID–19) ကြိုတင်ကာကွယ်နိုင်မည့် နည်းလမ်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဆလိုင်းအောင်(ပြန်/ဆက်)**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၇-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင်လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ်လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့်လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် (၁၆-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီမှ (၁၇-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီအထိ စောင့်ကြည့်လူနာအသစ် (၁၁) ဦး ရှိပါသည်။ **(ဇယား -၁)**

၃။ (၁၇-၃-၂၀၂၀) ရက်နေ့တွင် ဂျာမနီနိုင်ငံမှ မြန်မာနိုင်ငံ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသား (၂) ဦးနှင့် ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသား (၁) ဦး၊ စုစုပေါင်း (၃) ဦးတို့တွင် ဖျားခြင်းနှင့် အခြားအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ၊ COVID-19 ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့မှုများမရှိသော်လည်း ရောဂါဖြစ်ပွားမှုမြင့်မားလျက်ရှိသော နိုင်ငံများသို့ သွားရောက်ခဲ့သည့် ရာဇဝင်ရှိသဖြင့် ၎င်းတို့အား ဆေးရုံတွင် (၁၄) ရက် ခွဲခြားထားရှိပြီး အသွားအလာကန့်သတ်ခြင်း (Hospital Quarantine) ပြုလုပ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ယနေ့ (၁၇-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီအချိန်အထိ ဓာတ်ခွဲအဖြေ စောင့်ဆိုင်းဆဲ စောင့်ကြည့်လူနာ (၉) ဦးအား သက်ဆိုင်ရာ ဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက် ရှိပါသည်။

၅။ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်တွင် နေထိုင်သော အသက် (၂၅) နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် လည်ချောင်းနာခြင်း၊ အန်ခြင်း၊ အစာမစားနိုင်ခြင်း စသည့်လက္ခဏာများဖြင့်တောင်ပြိုးတိုက်နယ်ဆေးရုံတွင် (၁၄-၃-၂၀၂၀) ရက်နေ့၊ နံနက် (၉:၀၀) နာရီအချိန်တွင် တက်ရောက်ကုသခဲ့ပြီး လူနာမှာ သက်သာမှုမရှိသဖြင့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ လွှဲပြောင်းညွှန်းပို့ခဲ့ရာ လူနာတွင် မောခြင်း၊ အသက်ရှူကျပ်ခြင်း စသည့် လက္ခဏာများ တွေ့ရှိရသဖြင့် စောင့်ကြည့်လူနာအဖြစ်သတ်မှတ်၍ (၁၇-၃-၂၀၂၀) ရက်နေ့၊ နံနက် (၂:၀၀) နာရီအချိန်တွင် ကန်တော်နဒီဆေးရုံသို့ ထပ်မံညွှန်းပို့ခဲ့ပါသည်။ အဆိုပါလူနာထံမှ ဓာတ်ခွဲနမူနာရယူ၍ အမျိုးသား ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ ပေးပို့ထားရှိပြီး လိုအပ်သော ဆေးကုသမှုများ ဆောင်ရွက်စဉ် နံနက် (၇:၃၀) နာရီအချိန်တွင် သေဆုံးသွားခဲ့ကြောင်း သိရှိရပါသည်။ သေဆုံးရသည့် အကြောင်းရင်းမှာ လူနာ၏ ရောဂါရာဇဝင်နှင့် သွေးစစ်ချက်အဖြေများအရ သွေးဆိပ်တက်ခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများကြောင့် ဖြစ်နိုင်ကြောင်း သိရှိရပါသည်။ အဆိုပါ လူနာ၏ ဓာတ်ခွဲနမူနာ အဖြေရရှိလျှင် အချိန်နှင့်တစ်ပြေးညီ ထပ်မံထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၆။ (၁၇-၃-၂၀၂၀) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိသေးသော်လည်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံအချို့ အပါအဝင် ကမ္ဘာ့နိုင်ငံ (၁၅၁) နိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ဖြစ်ပွားလျက်ရှိသဖြင့် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေး အချက်အလက်များအား တိကျစွာလိုက်နာဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

ဇယား -၁

## COVID-19 ရောဂါစောင့်ကြည့်လူနာ/ သံသယလူနာများ တွေ့ရှိမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၇-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| စဉ် | အသက် | ကျား/ မ | နေရပ်လိပ်စာ | ရောဂါ လက္ခဏာများ | ရောဂါ လက္ခဏာများ စတင် ဖြစ်ပွားသည့်ရက် | ခရီးသွားရာဇဝင် | | လူနာအား စတင် တွေ့ရှိသည့် နေရာ | COVID-19 ရောဂါ လူနာနှင့် ထိတွေ့မှု ရှိ/ မရှိ | ဆေးကုသမှုခံယူ လျက်ရှိသည့် ဆေးရုံ/ ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | သွားရောက်ခဲ့သည့် နိုင်ငံ၊ မြို့ | မြန်မာ နိုင်ငံသို့ ရောက်ရှိသည့်ရက် | | | | |
| ၁ | ၅၅ နှစ် | ကျား | ရှမ်းပြည်နယ် (မြောက်)၊ မူဆယ်မြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း | ၁၃-၃-၂၀၂၀ | တရုတ်၊ ရွှေလီ | ၁၃-၃-၂၀၂၀ | မြဝတီ နယ်စပ်ဝင်/ထွက်ဂိတ် | ထိတွေ့ခဲ့မှု မရှိ | မူဆယ်ပြည်သူ့ ဆေးရုံ (၁၆-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၂ | ၆၀ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ် | ချောင်းဆိုးခြင်း၊ မောပန်းခြင်း | ၅-၃-၂၀၂၀ | အိန္ဒိယ | ၉-၃-၂၀၂၀ | ပုဂ္ဂလိက ဆေးရုံ | ထိတွေ့ခဲ့မှု မရှိ | အထူးကုဆေးရုံ (ဝေဘာဂီ) (၁၆-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၃ | ၂၂ နှစ် | မ | မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ မောပန်းခြင်း | ၁၆-၃-၂၀၂၀ | မရှိ | - | မန္တလေးပြည်သူ့ ဆေးရုံကြီး | ထိတွေ့ခဲ့မှု မရှိ | ကန်တော်နဒီဆေးရုံ (၁၆-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၄ | ၁၇ နှစ် | မ | ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း | ၁၅-၃-၂၀၂၀ | စင်ကာပူ | ၄-၃-၂၀၂၀ | ရန်ကုန်ပြည်သူ့ ဆေးရုံကြီး | ထိတွေ့ခဲ့မှု မရှိ | ရန်ကုန်ပြည်သူ့ ဆေးရုံကြီး (၁၆-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၅ | ၃၆ နှစ် | ကျား | မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ် | ဖျားခြင်း၊ အန်ခြင်း၊ | ၁၀-၃-၂၀၂၀ | ဂျပန်၊ တိုကျို | ၁၀-၃-၂၀၂၀ | မန္တလေးပြည်သူ့ ဆေးရုံကြီး | ထိတွေ့ခဲ့မှု မရှိ | ကန်တော်နဒီဆေးရုံ (၁၆-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၆ | ၄၁ နှစ် | ကျား | ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း | ၁၁-၃-၂၀၂၀ | မလေးရှား | ၁၅-၂-၂၀၂၀ | ပုဂ္ဂလိကဆေးရုံ | ထိတွေ့ခဲ့မှု မရှိ | ပဲခူးပြည်သူ့ ဆေးရုံကြီး (၁၇-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၇ | ၂၀ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း | ၁၃-၃-၂၀၂၀ | ထိုင်း | ၁၄-၃-၂၀၂၀ | ခရမ်းမြို့နယ် ဆေးရုံ | ထိတွေ့ခဲ့မှု မရှိ | ခရမ်းမြို့နယ် ဆေးရုံ (၁၆-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၈ | ၆၅ နှစ် | မ | မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ် | ချောင်းဆိုးခြင်း၊ အသက်ရှူရ ခက်ခဲခြင်း | ၁၅-၃-၂၀၂၀ | မရှိ | - | မန္တလေးပြည်သူ့ ဆေးရုံကြီး | ထိတွေ့ခဲ့မှု မရှိ | မန္တလေးပြည်သူ့ဆေး ရုံကြီး (၁၇-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၉ | ၃၉ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း | ၁၆-၃-၂၀၂၀ | စင်ကာပူ | ၁၅-၃-၂၀၂၀ | မ/ဥက္ကလာပ သင်ကြား ရေးနှင့် အထွေထွေရော ဂါကုဆေးရုံကြီး | ထိတွေ့ခဲ့မှု မရှိ | မြောက်ဥက္ကလာပ သင်ကြား ရေးနှင့်အထွေထွေ ရောဂါကု ဆေးရုံကြီး (၁၇-၃-၂၀၂၀) | မြန်မာနိုင်ငံသား |
| ၁၀ | ၃၄ နှစ် | ကျား | မလေးရှား | လည်ချောင်းနာခြင်း၊ အသက်ရှူကျပ်ခြင်း | ၁၇-၃-၂၀၂၀ | မလေးရှား | ၁၄-၃-၂၀၂၀ | ပုဂ္ဂလိကဆေးရုံ | ထိတွေ့ခဲ့မှု မရှိ | ဝေဘာဂီအထူးကု ဆေးရုံကြီး (၁၇-၃-၂၀၂၀) | မလေးရှား နိုင်ငံသား |
| ၁၁ | ၃၀ နှစ် | ကျား | ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် | ဖျားခြင်း၊ အသက်ရှူရ ခက်ခဲခြင်း၊ ချောင်းဆိုးသွေး ပါခြင်း | ၁၁-၃-၂၀၂၀ | မရှိ | ၁၂-၃-၂၀၂၀ | ကျိုင်းတုံ ပြည်သူ့ဆေး ရုံကြီး | ထိတွေ့ခဲ့မှု မရှိ | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး (၁၄-၃-၂၀၂၀) | မြန်မာနိုင်ငံသား |

ဇယား -၂

## COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ

(၁၇-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| စဉ် | အသက် | ကျား/ မ | နေရပ်လိပ်စာ | ဆေးကုသမှုခံယူ လျက်ရှိသည့် ဆေးရုံ | ဆေးရုံ စတင် တက်ရောက်သည့် ရက်စွဲ | COVID-19 ဓာတ်ခွဲ အဖြေ |
|---|---|---|---|---|---|---|
| ၁ | ၂၂ နှစ် | ကျား | မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ် | မန္တလေးပြည်သူ့ဆေးရုံကြီး | ၁၅-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၂ | ၅၅ နှစ် | ကျား | မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ် | မကွေးပြည်သူ့ဆေးရုံကြီး | ၁၆-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၃ | ၃၀ နှစ် | ကျား | တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ် | တာချီလိတ်ပြည်သူ့ဆေးရုံ | ၁၆-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၄ | ၆၀ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ် | အထူးကုဆေးရုံ (ဝေဘာဂီ) | ၁၆-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၅ | ၄၁ နှစ် | ကျား | ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ | ပဲခူးပြည်သူ့ဆေးရုံကြီး | ၁၇-၃-၂၀၂၀ | မတွေ့ရှိပါ။ |

## တိမ်အနည်းငယ် ဖြစ်ထွန်းနေ

**နေပြည်တော် မတ် ၁၇**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# COVID-19 ရောဂါနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်

**(၄-၁-၂၀၂၀ ရက်နေ့မှ ၁၇-၃-၂၀၂၀ ရက်နေ့အထိ)၊ (၁၇-၃-၂၀၂၀) ရက်နေ့၊ ည (၈:၁၅) နာရီ**

၁။ **ကမ္ဘာ့နိုင်ငံများ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ**
(ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၁၆-၃-၂၀၂၀) ရက်နေ့ မြန်မာစံတော်ချိန် (၁၅:၃၀) နာရီအချိန် ထုတ်ပြန်ချက်)

- ကမ္ဘာပေါ်တွင် ရောဂါဖြစ်ပွားနေသည့်နိုင်ငံ စုစုပေါင်း – (၁၅၂) နိုင်ငံ
- ကမ္ဘာ့နိုင်ငံများတွင် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း – (၁၆၇,၅၁၁) ဦး
- ကမ္ဘာ့နိုင်ငံများတွင် သေဆုံးသူ စုစုပေါင်း – (၆,၆၀၆) ဦး
- ကမ္ဘာပေါ်တွင် သေဆုံးမှုရာခိုင်နှုန်း – (၃.၉) %
- **ဖြစ်ပွား/ သေဆုံးမှုများသော နိုင်ငံများမှာ –**

| စဉ် | နိုင်ငံ | စဖြစ်သည်မှ ယခုအချိန်အထိ | |
|---|---|---|---|
| | | ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူ စုစုပေါင်း | သေဆုံးသူ စုစုပေါင်း |
| ၁ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၈၁,၀၇၇ | ၃,၂၁၈ |
| ၂ | အီတလီ | ၂၄,၇၄၇ | ၁,၈၀၉ |
| ၃ | အီရန် | ၁၄,၉၉၁ | ၈၅၃ |
| ၄ | ကိုရီးယားသမ္မတနိုင်ငံ | ၈,၂၃၆ | ၇၅ |
| ၅ | စပိန် | ၇,၇၅၃ | ၂၈၈ |
| ၆ | ပြင်သစ် | ၅,၃၈၀ | ၁၂၇ |
| ၇ | ဂျာမနီ | ၄,၈၃၈ | ၁၂ |
| ၈ | ဆွစ်ဇာလန် | ၂,၂၀၀ | ၁၃ |
| ၉ | အင်္ဂလန် | ၁,၃၉၅ | ၃၅ |
| ၁၀ | နယ်သာလန် | ၁,၁၃၅ | ၂၀ |
| ၁၁ | ဘယ်လ်ဂျီယံ | ၁,၀၈၅ | ၅ |
| ၁၂ | နော်ဝေး | ၁,၀၇၇ | ၁ |
| ၁၃ | ဆွီဒင် | ၉၉၂ | ၃ |
| ၁၄ | ဩစတြီးယား | ၉၅၉ | ၁ |
| ၁၅ | ဒိန်းမတ် | ၈၉၈ | ၁ |
| ၁၆ | ဂျပန် | ၈၁၄ | ၂၄ |

- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၁၆-၃-၂၀၂၀) တွင် ထုတ်ပြန်သော Situation Report (56) အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြင်ပနိုင်ငံတွင်း ကူးစက်မှု (Local Transmission) ဖြစ်ပွားနေသော နိုင်ငံများမှာ (၈၂) နိုင်ငံရှိပါသည် –

(၁) အနောက်ပစိဖိတ်ဒေသ – ၁၀ နိုင်ငံ
(၂) ဥရောပဒေသ – ၃၆ နိုင်ငံ
(၃) အရှေ့အလယ်ပိုင်းဒေသ – ၁၁ နိုင်ငံ
(၄) အမေရိကဒေသ – ၁၃ နိုင်ငံ
(၅) အာဖရိကဒေသ – ၅ နိုင်ငံ
(၆) နယ်မြေဒေသ – ၁ နိုင်ငံ
(၇) အရှေ့တောင်အာရှဒေသ – ၆ နိုင်ငံ
(အိန္ဒိယ၊ ထိုင်း၊ အင်ဒိုနီးရှား၊ မော်လ်ဒိုက်၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်)

- အီတလီနိုင်ငံ၊ အီရန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ စပိန်နှင့် ပြင်သစ်နိုင်ငံတို့၏ ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြင်ပ အခြားနိုင်ငံများတွင် ရောဂါဖြစ်ပွားမှုအားလုံး၏ (၆၁ %) ခန့်နှင့် သေဆုံးမှုအားလုံး၏ (၉၃ %) ခန့်ရှိပါသည်။
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၁၁-၃-၂၀၂၀) ထုတ်ပြန်ချက်အရ လွန်ခဲ့သော (၂) ပတ်အတွင်း၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း ကျဆင်းလာသော်လည်း အခြားကမ္ဘာ့နိုင်ငံများတွင် ရောဂါကူးစက်သူဦးရေ (၁၃)ဆများပြားလာခဲ့ပြီး ရောဂါကူးစက်ဖြစ်ပွားသည့် နိုင်ငံအရေအတွက်မှာလည်း (၃) ဆ များပြားလာခဲ့ကြောင်း သိရှိရပါသည်။
- လက်ရှိအချိန်၌ ကမ္ဘာပေါ်တွင် COVID-19 ရောဂါ အတည်ပြုလူနာ မတွေ့ရှိရသေးသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ စုစုပေါင်း (၄၂) နိုင်ငံရှိပြီး ထိုနိုင်ငံများထဲတွင် မြန်မာနိုင်ငံလည်း ပါဝင်ပါသည်။

၂။ (၃၁-၁-၂၀၂၀) ရက်နေ့မှ (၁၇-၃-၂၀၂၀)ရက်နေ့၊ ညနေ (၄:၀၀)နာရီအထိ မြန်မာနိုင်ငံ၏ COVID-19 ရောဂါနှင့် ပတ်သက်သည့် အခြေအနေများမှာ –

- စောင့်ကြည့်လူနာ (Person Under Investigation-PUI) (၁၄၂) ဦးနှင့် သံသယလူနာ (၂) ဦး စုစုပေါင်း (၁၄၄) ဦးရှိပြီး ၎င်းတို့အနက် –
  - COVID-19 ရောဂါပိုး မတွေ့ရှိရသူ – (၁၃၅) ဦး
  - ဓာတ်ခွဲနမူနာရယူရန် ဆောင်ရွက်ဆဲ/ပေးပို့ဆဲ – (၉) ဦး
  - ရောဂါသက်သာပျောက်ကင်း၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – (၉၆) ဦး

ကျန်လူနာများမှာ COVID-19 ရောဂါပိုးမတွေ့ရှိရသော်လည်း အခြားရောဂါများဖြင့် ဆေးရုံများတွင် ဆက်လက်ကုသမှုခံယူလျက်ရှိပါသည်။

၃။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဆေးရုံများတွင် (၃၁-၁-၂၀၂၀) ရက်နေ့မှ (၁၆-၃-၂၀၂၀) ရက်နေ့အထိ စောင့်ကြည့်လူနာ/ သံသယလူနာ တွေ့ရှိရမှု အခြေအနေများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် (၅၉) ဦး၊ ရှမ်းပြည်နယ်တွင် (၂၃) ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် (၂၉) ဦး၊ အခြားတိုင်းဒေသကြီး/ ပြည်နယ်များတွင် (၃၃) ဦး၊ စုစုပေါင်း (၁၄၄) ဦးတို့ဖြစ်ပါသည်။

၄။ COVID-19 ရောဂါသည် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် တိုက်ရိုက်ဝင်ရောက် ကူးစက်ပျံ့နှံ့စေခြင်းနှင့် အရာဝတ္ထုများ၌ ထိကပ်နေသော ရောဂါပိုးမွှားများအား လက်နှင့် ထိတွေ့ရာမှတစ်ဆင့် ကူးစက်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ သင့်ကြောင့် တစ်ပါးသူအား ရောဂါမကူးစက်စေရန် –

(က) လက်ကို မကြာခဏဆေးကြောရန်နှင့် လက်ကို ဆေးကြောပါက ဆပ်ပြာဖြင့် စက္ကန့် (၂၀) ခန့် ဆေးကြောရန်၊ ရေနှင့် ဆပ်ပြာမရှိပါက Hand sanitizer ဖြင့် ဆေးကြောရန်၊

( ခ ) နှာချေ၊ ချောင်းဆိုးသည့်အခါ မိမိတို့၏ ပါးစပ်နှင့် နှာခေါင်းကို တံတောင်ဆစ်အသုံးပြု၍ လည်းကောင်း၊ တစ်ရှူးအသုံးပြု၍ လည်းကောင်း လုံခြုံစွာဖုံးအုပ်ရန်၊

( ဂ ) ဖျားနာ၊ ချောင်းဆိုး၊ နှာစေးနေသူများအနေဖြင့် လူထူထပ်သော နေရာများနှင့် ပွဲလမ်းသဘင်များသို့ သွားရောက်ခြင်းမှ လုံးဝရှောင်ကြဉ်ရန်နှင့် မိမိတို့နေအိမ်တွင်း၌ နေထိုင်၍ ဆေးကုသမှုခံယူရန်၊

(ဃ) ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ မောပန်းခြင်း စသောလက္ခဏာများ ခံစားနေရသူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများသို့ အမြန်ဆုံးသွားရောက်ပြသရန်၊

( င ) COVID-19 ရောဂါကူးစက်ဖြစ်ပွားချိန်တွင် ပြည်သူလူထုများအနေဖြင့် လူစုလူဝေးပြုလုပ်ခြင်းအား ရှောင်ကြဉ်ရန်နှင့် ပွဲလမ်းသဘင်များ ကျင်းပခြင်းမပြုလုပ်ရန်၊

( စ ) အသွားအလာ ကန့်သတ်ခြင်း၊ ပိတ်ပင်ခြင်း (Quarantine) ပြုလုပ်ခြင်းဖြင့် ရောဂါလက္ခဏာများ စတင်ပေါ်ပေါက်လာပါက ချက်ချင်းသိရှိကုသနိုင်ပြီး ၎င်းတို့မှတစ်ဆင့် မိသားစုဝင်များနှင့် ဆွေမျိုးများ၊ ထိုမှတစ်ဆင့် ပြည်သူလူထုထံသို့ ရောဂါ ဆက်လက်ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ပြီး ပြည်သူလူထုအနေဖြင့် Quarantine ၏ အကျိုးကျေးဇူးများအား သိရှိနားလည်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ပါသည်။

၅။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် COVID-19 ကမ္ဘာ့ကပ်ရောဂါ မြန်မာနိုင်ငံအတွင်းသို့ ကူးစက်ပြန့်ပွားမှု မရှိစေရန်၊ ပြည်သူများ၏ အသက်အန္တရာယ် ထိခိုက်မှုမရှိစေရန်နှင့် ပြည်သူများ၏ အကျိုးစီးပွားအား ထိခိုက်မှုနည်းနိုင်သမျှ နည်းစေရန် ရည်ရွယ်၍ ရောဂါကာကွယ် ထိန်းချုပ်ကုသရေးလုပ်ငန်းများအား အမျိုးသားအဆင့်အနေဖြင့် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ လူမှုရေးအဖွဲ့အစည်းများ၊ အလွှာအသီးသီးရှိ အသိပညာရှင် အတတ်ပညာရှင်များနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် COVID-19 ရောဂါအား တုံ့ပြန်ဆောင်ရွက်ရာတွင် အဓိကအရေးကြီးဆုံးဖြစ်ပါသည်။ လက်ရှိအချိန်ထိ COVID-19 ဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိသေးသော်လည်း ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များအား မိမိ၏အရေးကိစ္စကဲ့သို့ သဘောထားကာ တိကျစွာလိုက်နာဆောင်ရွက်ခြင်းဖြင့် COVID-19 ရောဂါ ဖြစ်ပွားပျံ့နှံ့မှုနှင့် ထိခိုက်ပျက်စီးမှုများမှ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့ ရူပဗေဒဘာသာရပ်ကို နိုင်ငံခြားစာစစ်ဌာနများ အပါအဝင် မြန်မာတစ်နိုင်ငံလုံးရှိ စာစစ်ဌာနများတွင် ဖြေဆိုသူပေါင်း ၇၅၀၉၆၈ ဦးရှိ

**နေပြည်တော် မတ် ၁၇**

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့အဖြစ် ရူပဗေဒဘာသာရပ်ကို ယနေ့တွင် ဖြေဆိုကြရာ နိုင်ငံခြားစာစစ်ဌာန ၁၅ ခုနှင့် မြန်မာတစ်နိုင်ငံလုံးရှိ စာစစ်ဌာန ၁၉၆၃ ခု၊ စာစစ်ဌာန စုစုပေါင်း ၁၉၇၈ ခုတွင် ဖြေဆိုသူပေါင်း ၇၅၀၉၆၈ ဦးရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ရူပဗေဒဘာသာရပ်တွင် ဖြေဆိုသူပေါင်း ၇၅၀၉၆၈ ဦးအနက် တစ်နိုင်ငံလုံး၌ ဆေးရုံဖြေဆိုသူ ၁၆၄ ဦး၊ အကြားအာရုံမသန်စွမ်းဖြေဆိုသူ ၁၅ ဦး၊ ကိုယ်အင်္ဂါမသန်စွမ်းဖြေဆိုသူ ၁၃၃ ဦး၊ အကျဉ်းထောင်များတွင် ဝင်ရောက်ဖြေဆိုသူ ၆၅ ဦးနှင့် ကရင်ပြည်နယ် မြဝတီမှ ဝင်ရောက်ဖြေဆိုသူ ၁၁၁ ဦး ရှိကြောင်း သိရသည်။

**သတင်းစဉ်**

### ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမှု အခြေပြဇယား

ဘာသာရပ်- ရူပဗေဒ ရက်စွဲ၊ ၁၇-၃-၂၀၂၀

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် | | | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | ကျား | မ | ပေါင်း | | |
| ၁ | ကချင် | ၇၅ | ၁၂၂၂၉ | ၁၈၈၁၂ | ၃၁၀၄၁ | ၁၁၂၉၅ | ၁၈၀၂၂ | ၂၉၃၁၇ | ၉၄.၄၅ | ၉၃၄ | ၇၉၀ | ၁၇၂၄ | ၅.၅၅ | |
| ၂ | ကယား | ၂၀ | ၁၅၂၅ | ၂၈၅၅ | ၄၃၈၀ | ၁၃၉၃ | ၂၇၄၆ | ၄၁၃၉ | ၉၄.၅၀ | ၁၃၂ | ၁၀၉ | ၂၄၁ | ၅.၅၀ | |
| ၃ | ကရင် | ၅၀ | ၇၁၈၁ | ၁၁၉၀၉ | ၁၉၀၉၀ | ၆၄၆၈ | ၁၁၂၉၀ | ၁၇၇၅၉ | ၉၃.၀၇ | ၇၁၃ | ၆၁၈ | ၁၃၃၁ | ၆.၉၇ | |
| ၄ | ချင်း | ၃၀ | ၃၈၃၆ | ၅၄၁၃ | ၉၂၄၉ | ၃၂၃၉ | ၄၉၀၈ | ၈၁၄၇ | ၈၈.၀၉ | ၅၉၇ | ၅၀၅ | ၁၁၀၂ | ၁၁.၉၁ | |
| ၅ | စစ်ကိုင်း | ၂၃၇ | ၄၃၄၉၆ | ၅၆၃၀၁ | ၉၉၇၉၇ | ၄၀၉၇၄ | ၅၄၆၁၀ | ၉၅၅၈၄ | ၉၅.၇၈ | ၂၅၂၂ | ၁၆၉၁ | ၄၂၁၃ | ၄.၂၂ | |
| ၆ | တနင်္သာရီ | ၄၈ | ၈၅၅၇ | ၁၅၂၈၄ | ၂၃၈၄၁ | ၇၈၂၈ | ၁၄၅၄၆ | ၂၂၃၇၄ | ၉၃.၈၅ | ၇၂၉ | ၇၃၈ | ၁၄၆၇ | ၆.၁၅ | |
| ၇ | ပဲခူး | ၁၇၁ | ၃၁၈၅၉ | ၄၂၁၅၁ | ၇၄၀၁၀ | ၂၉၀၄၅ | ၄၀၀၆၆ | ၆၉၁၁၁ | ၉၃.၃၈ | ၂၈၁၄ | ၂၀၈၅ | ၄၈၉၉ | ၆.၆၂ | |
| ၈ | မကွေး | ၂၀၄ | ၃၅၇၉၄ | ၄၅၅၇၃ | ၈၁၃၆၇ | ၃၃၅၁၁ | ၄၄၂၃၄ | ၇၇၇၄၅ | ၉၅.၅၅ | ၂၂၈၃ | ၁၃၃၉ | ၃၆၂၂ | ၄.၄၅ | |
| ၉ | မန္တလေး | ၂၂၀ | ၅၅၇၄၈ | ၆၉၂၀၅ | ၁၂၄၉၅၃ | ၅၂၂၈၁ | ၆၆၉၆၇ | ၁၁၉၂၄၈ | ၉၅.၄၃ | ၃၄၆၇ | ၂၂၃၈ | ၅၇၀၅ | ၄.၅၇ | |
| ၁၀ | မွန် | ၆၆ | ၁၁၆၉၇ | ၁၈၄၂၉ | ၃၀၁၂၆ | ၁၀၇၄၈ | ၁၇၆၁၉ | ၂၈၃၆၇ | ၉၄.၁၆ | ၉၄၉ | ၈၁၀ | ၁၇၅၉ | ၅.၈၄ | |
| ၁၁ | ရခိုင် | ၁၂၃ | ၁၉၄၉၇ | ၂၂၀၇၉ | ၄၁၅၇၆ | ၁၇၄၆၉ | ၂၀၇၅၈ | ၃၈၂၂၇ | ၉၁.၉၄ | ၂၀၂၈ | ၁၃၂၁ | ၃၃၄၉ | ၈.၀၆ | |
| ၁၂ | ရန်ကုန် | ၂၂၃ | ၅၇၆၉၂ | ၆၄၅၄၈ | ၁၂၂၂၄၀ | ၅၂၂၂၀ | ၆၀၄၆၀ | ၁၁၂၆၈၀ | ၉၂.၁၈ | ၅၄၇၂ | ၄၀၈၈ | ၉၅၆၀ | ၇.၈၂ | |
| ၁၃ | ရှမ်း | ၁၅၇ | ၂၃၀၄၇ | ၃၆၃၈၂ | ၅၉၄၂၉ | ၂၁၂၅၂ | ၃၄၅၅၀ | ၅၅၈၀၂ | ၉၃.၉၀ | ၁၈၉၅ | ၁၇၃၂ | ၃၆၂၇ | ၆.၁၀ | |
| ၁၄ | ဧရာဝတီ | [illegible] | ၂၂၈၉၉ | ၃၀၁၃၄ | ၅၃၀၃၃ | ၂၀၇၈၅ | ၂၈၆၀၃ | ၄၉၃၈၈ | ၉၃.၁၃ | ၂၁၁၄ | ၁၅၃၁ | ၃၆၄၅ | ၆.၈၇ | |
| ၁၅ | နေပြည်တော် | ၅၄ | ၁၀၈၉၈ | ၁၃၅၁၂ | ၂၄၄၁၀ | ၁၀၀၇၉ | ၁၂၉၂၁ | ၂၂၉၆၀ | ၉၄.၀၆ | ၈၁၉ | ၅၉၁ | ၁၄၅၀ | ၅.၉၄ | |
| ၁၆ | နိုင်ငံခြားစာစစ်ဌာန | ၁၅ | ၄၃ | ၇၇ | ၁၂၀ | ၄၃ | ၇၇ | ၁၂၀ | ၁၀၀.၀၀ | ၀ | ၀ | ၀ | ၀.၀၀ | |
| | စုစုပေါင်း | ၁၉၇၈ | ၃၄၆၀၉၈ | ၄၅၂၅၆၄ | ၇၉၈၆၆၂ | ၃၁၈၅၉၀ | ၄၃၂၃၇၈ | ၇၅၀၉၆၈ | ၉၄.၀၃ | ၂၇၅၀၈ | ၂၀၁၈၆ | ၄၇၆၉၄ | ၅.၉၇ | |

*အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီသည် တိုင်းရင်းသားအားလုံး အေးအတူပူအမျှ ဥမကွဲသိုက်မပျက် အပြန်အလှန်နားလည်မှုများ ပိုမိုတည်ဆောက်နိုင်ရန်၊ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ မူလအခွင့်အရေးများရရှိရန်နှင့် တာဝန်ဝတ္တရားများကို လေးစားလိုက်နာနိုင်ရန်၊ တိုင်းရင်းသားလူမျိုးများ၏ ဘာသာ၊ စာပေ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ ဖော်ထုတ်ပျိုးထောင်ပေးရန် ကြိုးပမ်းအားထုတ် ဆောင်ရွက်လျက်ရှိရာ အဆိုပါကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်ရေးရာကဏ္ဍအနေဖြင့် ဖော်ပြလိုက်ရပါသည် - (စာတည်းအဖွဲ့)*

# တိုင်းရင်းသားတွေရဲ့ ဘာသာ၊ စာပေ၊ ရိုးရာယဉ်ကျေးမှုတွေကို ဖော်ထုတ်ပေးဖို့က ကျွန်မတို့ကော်မတီရဲ့ တာဝန်ပဲ ဖြစ်ပါတယ်။ အဓိက အဲဒါကိုပဲ ကျွန်မတို့ ဦးစားပေးပြီး ဆောင်ရွက်ပါတယ်

ဒေါ်နွယ်နွယ်အောင် ( အမျိုးသားလွှတ်တော်တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌ)

*တွေ့ဆုံမေးမြန်း - နန္ဒာဝင်း*

## အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ

အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်၊ အမိန့်ကြော်ငြာစာအမှတ်(၉/၂၀၁၆) အရ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ ကော်မတီသည် တိုင်းရင်းသားအားလုံး အေးအတူပူအမျှ ဥမကွဲ သိုက်မပျက် အပြန်အလှန် နားလည်မှုများ ပိုမိုတည်ဆောက်နိုင်ရန်၊ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ မူလအခွင့်အရေးများရရှိရန်နှင့် တာဝန်ဝတ္တရားများကို လေးစားလိုက်နာနိုင်ရန်၊ တိုင်းရင်းသားလူမျိုးများ၏ဘာသာ၊ စာပေ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ ဖော်ထုတ်ပျိုးထောင်ပေးရန် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တိုင်းရင်းသားရေးရာကော်မတီသည် ပြည်တွင်း ငြိမ်းချမ်းရေးကော်မတီ၊ ကော်မရှင်များ၊ ပြည်ထောင်စုအဆင့်အစိုးရဌာနများ၊ ဝန်ကြီးဌာနများ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများနှင့် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် အခါအားလျော်စွာ တွေ့ဆုံဆွေးနွေးညှိနှိုင်း၍ လုပ်ငန်း၏ ရည်ရွယ်ချက်များကိုဖော်ဆောင်ပေးရန်၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆောင်ရွက်နေသည့် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများ၏ အခြေအနေကို လေ့လာသုံးသပ် တင်ပြရန်တို့ကို ဆောင်ရွက်ရသည်။ ထို့အတူ ဖွံ့ဖြိုးတိုးတက်မှု နည်းပါးသည့် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်၊ တိုင်းရင်းသားလူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ် အယူအဆများ မှန်ကန်ရေးနှင့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရန်၊ လွှတ်တော်ဥက္ကဋ္ဌထံ အစီရင်ခံစာ တင်ပြခြင်းနှင့် အခါအားလျော်စွာ လွှတ်တော်သို့ တင်ပြပေးရန်တို့ကို ဆောင်ရွက်ရသည်။

ထို့ကြောင့် တိုင်းရင်းသားရေးရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ နှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့သည် များကို စုစည်းဖော်ပြလိုက်ရပါသည်။

**ဒေါ်နွယ်နွယ်အောင်**
**အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ကော်မတီဥက္ကဋ္ဌ**
**မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ် (၂)**
**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်**

မြန်မာနိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးတွေအားလုံးဟာ စစ်မှန်တဲ့ မျိုးချစ်စိတ်ဓာတ်နဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မြဲစွာ မွေးမြူပြီး ထာဝစဉ် စည်းလုံးညီညွတ်စွာ ဥမကွဲ သိုက်မပျက် လက်တွဲနေထိုင်ဖို့ ပင်လုံစိတ်ဓာတ်ကို အရင်းခံပြီး ပိုမိုငြိမ်းချမ်းစွာ နားလည်မှုတည်ဆောက်နေထိုင်နိုင်ဖို့စတဲ့ ကျွန်မတို့ ကော်မတီရဲ့ လုပ်ငန်းတာဝန်က ၁၁ ရပ် ရှိပါတယ်။

ကျွန်မတို့ဆီကို များသောအားဖြင့် လာပြီးတင်ပြတာကတော့ တိုင်းဒေသကြီး၊ ပြည်နယ်တွေက တိုင်းရင်းသားစာပေ ယဉ်ကျေးမှုအဖွဲ့တွေ များပါတယ်။ နောက်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်က တိုင်းရင်းသားရေးရာအဖွဲ့တွေကလည်း အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီရဲ့ လုပ်ဆောင်ချက်တွေကို လေ့လာချင်လို့ တောင်းဆိုရင် ကျွန်မတို့ တွေ့ဆုံပြီး လုပ်ငန်းဆောင်ရွက်ချက်တွေကို ရှင်းပြတာ၊ တွေ့ဆုံဆွေးနွေးတာ၊ အကြံပြုတာတွေ ရှိပါတယ်။

ဒါ့အပြင် ပြည်တွင်း ပြည်ပ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့လည်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်နဲ့တွေ့ဆုံပါတယ်။ သူတို့က အကူအညီပေးချင်တာ၊ လုပ်ဆောင်ပေးချင်တာတွေကို နားထောင်တယ်၊ ကျွန်မတို့ကော်မတီကိုပေးထားတဲ့ တာဝန်ဝတ္တရားထဲက ပူးပေါင်းလုပ်ဆောင်လို့ရမယ့် ကိစ္စရပ်မျိုးဆိုရင် သူတို့ရဲ့ ဆွေးနွေးအကြံပြုချက်တွေကို ကျွန်မတို့က လွှတ်တော်ဥက္ကဋ္ဌထံ ပြန်လည်တင်ပြပြီး ခွင့်ပြုချက်ရမှ သူတို့နဲ့ ပူးပေါင်းပြီး လုပ်ငန်းဆောင်ရွက်ပါတယ်။

ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ ကျင်းပတဲ့ (၂၁) ရာစုပင်လုံညီလာခံကို ကျွန်မတို့ တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနဲ့ အဖွဲ့ဝင်ခြောက်ဦး တက်ရောက်ပါတယ်။ ဆွေးနွေးချက်တွေကို နားထောင်တယ်။ အဲဒါကို အခြေပြုပြီး ကျွန်မတို့ တိုင်းရင်းသားရေးရာကော်မတီက လုပ်ဆောင်နိုင်မယ့်အချက်တွေ၊ အချင်းချင်း ပြန်လည်ဆွေးနွေးတာ၊ သုံးသပ်တာတွေကို ဆောင်ရွက်ပါတယ်။

တိုင်းရင်းသားကိစ္စနဲ့ ပတ်သက်ပြီး ကော်မတီအနေနဲ့ ကော်မတီသက်တမ်း လေးနှစ်တာကာလအတွင်းမှာ လုပ်ဆောင်ခဲ့တာတွေကတော့ တိုင်းရင်းသားတွေနဲ့ သက်ဆိုင်တာတွေချည်းပါပဲ။ ဖွဲ့စည်းထားတဲ့ ကော်မတီဝင်တွေကလည်း တိုင်းရင်းသားတွေပါပဲ။ ခြုံငုံပြီး ပြောပြရမယ်ဆိုရင် မိမိတို့ရဲ့ မဲဆန္ဒနယ်မြေ တိုင်းရင်းသားတွေ နေထိုင်တဲ့ ဒေသတွေမှာ တွေ့ကြုံရတဲ့ လိုအပ်ချက်တွေ၊ စိန်ခေါ်မှုတွေကို နားထောင်တယ်၊ အစည်းအဝေးမှာ ပြန်ပြီးဆွေးနွေးကြတယ်။ အဲဒီလို လုပ်ငန်းညှိနှိုင်းအစည်းအဝေးက ကော်မတီသက်တမ်းလေးနှစ်တာကာလအတွင်းမှာ(၄၆) ကြိမ်ရှိပါတယ်။

တိုင်းရင်းသားရေးရာ ကော်မတီက တိုင်းရင်းသားတွေရဲ့ အရေးကိစ္စတွေ ဆောင်ရွက်ရတဲ့အပြင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဘတ်ဂျက်နဲ့ ပတ်သက်ရင်လည်း ဘတ်ဂျက်စိစစ်ရေး ဆောင်ရွက်ပေးရတာတွေရှိပါတယ်။ အထူးသဖြင့် ကျွန်မတို့ တိုင်းရင်းသားရေးရာကော်မတီက တိုင်းရင်းသားရေးရာဝန်ကြီးဌာနရဲ့ ဘတ်ဂျက်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဘတ်ဂျက်နဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ ဘတ်ဂျက်တွေကို စိစစ်ပေးရတာတွေရှိပါတယ်။ အဲဒီလိုဘတ်ဂျက် စိစစ်ခြင်း အစည်းအဝေးတွေပြုလုပ်ခဲ့တာ ၁၉ ကြိမ်ရှိပါပြီ။ ပြည်ပနိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့တွေ့ဆုံတာ ငါးကြိမ်၊ ပြည်တွင်း အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံမှုက လေးကြိမ် ရှိပါတယ်။

တိုင်းရင်းသားတွေနေထိုင်တဲ့ ဒေသတွေကို သွားရောက်ပြီး တွေ့ဆုံတာ၊ သူတို့ရဲ့ လိုအပ်ချက်တွေ နားထောင်တာ အဲဒီလို ကွင်းဆင်းခဲ့တာ လေးကြိမ် ရှိပါတယ်။ တွေ့ဆုံပြီး တိုင်းရင်းသားတွေက တင်ပြလာတဲ့ လိုအပ်ချက်တွေ ကို သက်ဆိုင်ရာဝန်ကြီးဌာနတွေကို အကြောင်းကြားပြီး ညှိနှိုင်းဆွေးနွေးတာ ငါးကြိမ် ရှိပါတယ်။

တိုင်းရင်းသားတွေရဲ့ဘာသာ၊စာပေ၊ရိုးရာ ယဉ်ကျေးမှုတွေကို ဖော်ထုတ်ပေးဖို့က ကျွန်မတို့ကော်မတီရဲ့ တာဝန်ပဲ ဖြစ်ပါတယ်။ အဓိက အဲဒါကိုပဲ ကျွန်မတို့ ဦးစားပေးပြီး ဆောင်ရွက်ပါတယ်။

တိုင်းရင်းသားတွေ နေထိုင်တဲ့ ဒေသတွေကို သွားရောက်တာကလည်း အဲဒီအတွက်ပဲ ဖြစ်ပါတယ်။ လွှတ်တော်မှာလည်း တိုင်းရင်းသားတွေတင်ပြလာတဲ့ အချက်အလက်တွေအပေါ် မူတည်ပြီး မေးခွန်းမေးမြန်းတာ၊ အဆိုတင်သွင်းတာတွေ လုပ်ဆောင်ပေးတာရှိသလို လွှတ်တော်နားရက်တွေမှာလည်း တိုင်းရင်းသားဒေသတွေကို သွားရောက်ပြီး သူတို့နဲ့တွေ့ဆုံတာ သူတို့အသံတွေကို နားထောင်တာတွေ ပြုလုပ်ပါတယ်။ ရှေ့ဆက်လက်ပြီး လုပ်ဆောင်သွားမှာလည်း ဖြစ်ပါတယ်။

*စာမျက်နှာ ၁၁ သို့*



ဒေါ်နွယ်နွယ်အောင် (အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ကော်မတီဥက္ကဋ္ဌ)



ဦးနိုင်သီဟ (အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီ အတွင်းရေးမှူး)



အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ကော်မတီညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

**“ တိုင်းရင်းသားတွေရဲ့ ပညာရေးကဏ္ဍနဲ့ ပတ်သက်ပြီး တော့လည်း တိုးတက်အောင်ဆောင်ရွက်ဖို့ တိုင်းရင်းသားပညာရေးကို ထောက်ပံ့နေတဲ့အဖွဲ့အစည်း ယူနီဆက်ဖ်နဲ့ ချိတ်ဆက်ဆောင်ရွက်ဖို့ အစီအစဉ်တွေ ရှိပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားရေးရာ ကော်မတီအနေနဲ့ တိုင်းရင်းသားတွေရဲ့ ဘာသာ၊ စာပေ၊ စကား၊ ရိုးရာယဉ်ကျေးမှုတွေ နဲ့ပတ်သက်ပြီး ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိပါတယ်”**



အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီနှင့် Westminster Foundation for Democracy (WFD)မှ အကြံပေးပုဂ္ဂိုလ် Mr. Stephen Twigg တို့ တွေ့ဆုံဆွေးနွေးစဉ်။



အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးစဉ်။



အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီက မကြံ့ဂလက်ကျွန်းဘော်ဒါဆောင်တွင် ဆလုံတိုင်းရင်းသားများနှင့် တွေ့ဆုံစဉ်။

*စာမျက်နှာ ၁၀ မှ*

ကျွန်မတို့ ကော်မတီအနေနဲ့ ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၅ ရက်အထိ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်း၊ မြိတ်မှာရှိတဲ့ ဌာနေတိုင်းရင်း သားပျောက်ကွယ်လုနီးပါးဖြစ်နေတဲ့ ဆလုံတိုင်းရင်းသားတွေနဲ့ ကျွန်မတို့ တွေ့ဆုံပါတယ်။ သူတို့ရဲ့ဘဝကို သွားရောက်လေ့လာတယ်။ သူတို့ကလည်း ကျွန်မတို့ရဲ့ တိုင်းရင်းသားဖြစ်တဲ့အတွက် သူတို့လူမျိုးမပျောက်ကွယ်ရေးအတွက်ကိုလည်း တတ်နိုင်သမျှ လုပ်ဆောင်နေပါတယ်။ ဆလုံလူမျိုးတွေနဲ့ ပတ်သက်တဲ့ စာတမ်းငယ်တစ်စောင်ကို တိုင်းရင်းသားရေးရာ ကော်မတီက ပြုစုပြီးထုတ်နိုင်ဖို့ ကြိုးစားနေပါတယ်။

နောက်ပြီး စစ်ကိုင်းတိုင်းဒေသကြီးမှာရှိတဲ့ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(ရွာသစ်ကြီး)ကိုလည်း သွားရောက်လေ့လာတာ ရှိပါတယ်။ ကချင်ပြည်နယ်မှာရှိတဲ့ တိုက်ပွဲရှောင်စခန်းတွေကို သွားရောက်တာတွေ၊ သူတို့ရဲ့ အခက်အခဲကို နားထောင်တာ၊ နှစ်သိမ့်ဆွေးနွေးပေးတာတွေလည်း ရှိပါတယ်။ ကျွန်မတို့ တိုင်းရင်းသားရေးရာကော်မတီအနေနဲ့ သူတို့ရဲ့ လိုအပ်ချက်တွေကို တတ်နိုင်သလောက် လှူဒါန်းပေးခဲ့တာတွေလည်း ရှိပါတယ်။ သက်ဆိုင်ရာပြည်နယ်အစိုးရ တာဝန်ရှိသူတွေနဲ့ တွေ့ဆုံခဲ့တာတွေလည်း ရှိပါတယ်။

ဒါ့အပြင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားတွေရဲ့ အမျိုးသားနေ့တွေ ကျင်းပတာရှိပါတယ်။ ပထမဆုံးအကြိမ်ကျင်းပတဲ့ ခနုအမျိုးသားနေ့ကို ကျွန်မတို့ အမျိုးသားလွှတ်တော်၊ တိုင်းရင်းသားရေးရာ ကော်မတီဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်တွေ သွားရောက်ခဲ့ကြပါတယ်။ ခနုလူမျိုးတွေနဲ့တွေ့ဆုံတယ်။ သူတို့ရဲ့ ရိုးရာယဉ်ကျေးမှုတွေကို လေ့လာတယ်။ တစ်ဆက်တည်းမှာပဲ ပအိုဝ်း၊ ပလောင် စတဲ့ တခြားတိုင်းရင်းသားတွေနဲ့လည်း တွေ့ဆုံပြီး သူတို့ရဲ့ အသံတွေကို နားထောင်တယ်။ အထူးသဖြင့် သူတို့ဆီမှာ သူတို့ဘာသာ စကားနဲ့ စာပေ သင်ကြားမှုနဲ့ဆိုင်တဲ့ လိုအပ်ချက်တွေ တင်ပြကြတယ်။

အဲဒီအတွက် သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတွေနဲ့ တွေ့ဆုံပြီး ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးတာတွေ ရှိပါတယ်။ ကျွန်မတို့နိုင်ငံက တိုင်းရင်းသားပေါင်းစုံ မှီတင်းနေထိုင်ကြတယ်။ တိုင်းရင်းသား လူမျိုးစုတွေများတယ်။ ဓလေ့ထုံးစံလည်း အမျိုးမျိုးရှိကြတယ်။ တိုင်းရင်းသားတိုင်းကလည်း ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ချစ်စရာကောင်းတဲ့ ဓလေ့စရိုက်တွေ ရှိကြတယ်။ တိုင်းရင်းသားတွေအားလုံး ချစ်ချစ်ခင်ခင်နဲ့ ညီညီညွတ်ညွတ်နဲ့နေကြမယ်။ တစ်ယောက်အခက်အခဲကိုလည်းတစ်ယောက်က ကူညီဖြေရှင်းပေးကြမယ်ဆိုရင် ကျွန်မတို့ မျှော်လင့်တဲ့ငြိမ်းချမ်းရေးကို ရနိုင်မှာဖြစ်ပါတယ်။

အဲဒီအတွက်ကိုလည်း တိုင်းရင်းသားရေးရာကော်မတီအနေနဲ့ တိုင်းရင်းသားတွေရဲ့ လိုအပ်ချက်တွေကို တစ်ဖက်တစ်လမ်းက တတ်နိုင်တဲ့အပိုင်းကို ဖြေရှင်းဆောင်ရွက်ပေးတာတွေ ရှိပါတယ်။ သူတို့ရဲ့ ဘာသာ၊ စာပေ၊ စကား၊ ရိုးရာယဉ်ကျေးမှု ဖော်ထုတ်တာမျိုးတွေကိုလည်း လုပ်ဆောင်ပေးရမယ့် တာဝန်လည်း ရှိပါတယ်။ အခုရက်ပိုင်းမှာတော့ တိုင်းရင်းသားတွေရဲ့ ရိုးရာမြေအသုံးချမှုနဲ့ ပတ်သက်ပြီးတော့ ကျွန်မတို့ ပြန်ပြီးလေ့လာနေပါတယ်။ အဲဒါကလည်း သူတို့ရဲ့ ရိုးရာယဉ်ကျေးမှုတွေအရ သူတို့ရဲ့ မြေယာပိုင်ဆိုင်မှုတွေ ဘယ်လိုရှိခဲ့တယ်ဆိုတာပြန်ပြီး သုတေသနလုပ်တာ ဖြစ်ပါတယ်။ စာတမ်းငယ်တစ်စောင်ထုတ်နိုင်ဖို့လည်း ဆောင်ရွက်နေပါတယ်။

**ဦးနိုင်သီဟ**
**အမျိုးသားလွှတ်တော်**
**တိုင်းရင်းသားရေးရာ ကော်မတီအတွင်းရေးမှူး**
**မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)**
**အမျိုးသား လွှတ်တော်ကိုယ်စားလှယ်**

ကျွန်တော်တို့ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌ အပါအဝင်အဖွဲ့ဝင်တွေ၊ ပြည်သူ့လွှတ်တော်က တိုင်းရင်းသားရေးရာ၊ ပြည်တွင်းငြိမ်းချမ်းရေး ကော်မတီအဖွဲ့ဝင်တွေ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနဲ့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးတွေစုပေါင်းပြီး ဆွေးနွေးပွဲတွေပြုလုပ်တာ ရှိပါတယ်။ တိုင်းရင်းသားလူမျိုးများအခွင့်အရေး ကာကွယ်စောင့်ရှောက်တဲ့ နည်းဥပဒေကတော့ ထွက်ရှိနေပြီ ဖြစ်ပါတယ်။ လက်ရှိမှာ ပြန်လည်ပြင်ဆင်ဖို့ ပြည်သူ့လွှတ်တော်မှာ ဆွေးနွေးပြီးပါပြီ။ အမျိုးသားလွှတ်တော်မှာ ပြန်လည်ဆွေးနွေးဖို့ ကျန်ပါတယ်။ ဆွေးနွေးပြီးရင် နည်းဥပဒေက အတည်ဖြစ်သွားမှာပါ။

ဥပဒေထွက်ပြီးပြီ။ နည်းဥပဒေမရှိသေးတဲ့အတွက် လုပ်ငန်းအကောင်အထည်ဖော်ရာမှာ အခက်အခဲတွေကတော့ ရှိပါတယ်။ အခုလို နည်းဥပဒေတွေ အတည်ပြုပြဋ္ဌာန်းပြီးသွားရင် ဒီနည်းဥပဒေပါအတိုင်း လိုက်ပါဆောင်ရွက်တဲ့အတွက် တိုင်းရင်းသားတွေရဲ့ အခွင့်အရေးတွေကတော့ ပိုပြီးရလာမယ်။ အခက်အခဲတွေကို ပိုပြီးဖြေရှင်းမှု ရလာနိုင်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ထားပါတယ်။

တိုင်းရင်းသားစာပေကတော့ ကျွန်တော်တို့ ကော်မတီနဲ့ သက်ဆိုင်တဲ့ ကိစ္စပါ။ မကြာမီက ကယားပြည်နယ်ကို သွားရောက်ခဲ့ပါတယ်။ တိုင်းရင်းသားစာပေသင်ကြားရေးနဲ့ ပတ်သက်ပြီး ဆွေးနွေးကြတယ်။ တိုင်းရင်းသားစာပေ သင်ကြားတဲ့ ဆရာ ဆရာမတွေကလည်း သူတို့ရဲ့ အခက်အခဲတွေကို ဆွေးနွေးကြတယ်။ Language Teacher တွေ၊ သင်ထောက်ကူနဲ့ သက်ဆိုင်တာတွေ၊ ဆရာ၊ ဆရာမတွေရဲ့ အခွင့်အရေးနဲ့ သက်ဆိုင်တာတွေကို တင်ပြကြတယ်။

သူတို့တင်ပြတာတွေကို သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနဲ့ ညှိနှိုင်းပေါင်းစပ်ပြီး ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ပညာရေးမြှင့်တင်မှု ကော်မတီနဲ့ တွေ့ဆုံညှိနှိုင်းပြီးတော့လည်း တိုင်းရင်း သားစာပေသင်ကြားရေးနဲ့ ပတ်သက်ပြီးတော့ ဒီထက်ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ကော်မတီ အဖွဲ့ဝင်တွေကိုယ်တိုင်ကလည်း တိုင်းရင်းသားတွေဖြစ်တဲ့အတွက် တိုင်းရင်းသားစာပေပြဋ္ဌာန်းသင်ကြားရေးကို ကျွန်တော်တို့ ကော်မတီဝင်အချင်းချင်းလည်း အလေးထား ဆွေးနွေးကြပါတယ်။ အခြားအဖွဲ့အစည်းတွေကလည်း တွေ့ဆုံဆွေးနွေးကြပါတယ်။ အချို့တိုင်းရင်းသားတွေ ကျတော့ စာပေတွေ သင်ကြားဖို့ ကျောင်းတွေမှာ ပြဋ္ဌာန်းစာအုပ် မလုပ်ရသေးပါဘူး။ အဲဒီလို လုပ်ဆောင်ဖို့ ကျွန်တော်တို့ ကော်မတီက နည်းလမ်းတွေ အကြံပြုတာတွေလည်း ရှိပါ တယ်။

ပညာရေးဝန်ကြီးဌာနကလည်း တိုင်းရင်းသားစာပေ ပြဋ္ဌာန်းစာအုပ်တွေ ထုတ်နိုင်ဖို့ ဆောင်ရွက်ပေးနေတာတွေ ရှိပါတယ်။ ကျွန်တော်တို့ အဲဒီလို တိုင်းရင်းသားတွေနဲ့ ပတ်သက်တဲ့ ဘာသာ၊ စာပေ၊ စကား၊ ရိုးရာ ယဉ်ကျေးမှုနဲ့ ပတ်သက်တဲ့ အခက်အခဲတွေ တင်ပြလာရင် သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပါတယ်။ တိုင်းရင်းသားဒေသအသီးသီးက တင်ပြချက်တွေကို သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ချိတ်ဆက် ဆောင်ရွက်ပေးပါတယ်။

တိုင်းရင်းသားတွေရဲ့ ပညာရေးကဏ္ဍနဲ့ ပတ်သက်ပြီးတော့လည်း တိုးတက်အောင် ဆောင်ရွက်ဖို့ တိုင်းရင်းသားပညာရေးကို ထောက်ပံ့နေတဲ့အဖွဲ့အစည်း ယူနီဆက်ဖ်နဲ့ ချိတ်ဆက်ဆောင်ရွက်ဖို့ အစီအစဉ်တွေ ရှိပါတယ်။

ကျွန်တော်တို့ တိုင်းရင်းသားရေးရာ ကော်မတီအနေနဲ့ တိုင်းရင်းသားတွေရဲ့ ဘာသာ၊စာပေ၊စကား၊ ရိုးရာယဉ်ကျေးမှုတွေနဲ့ပတ်သက်ပြီး ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရှေ့ဆက်လက်ပြီးတော့လည်း ကရင်ပြည်နယ်၊ မွန်ပြည်နယ်တွေကို သွားရောက်ပြီး ဆောင်ရွက်ဖို့ရှိပါတယ်။ တိုင်းရင်းသားတွေရဲ့ မြေမူဝါဒရေးဆွဲရာမှာလည်း အထောက်အကူပြုအောင် သုတေသနလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်လို့ ပြောကြားလိုပါတယ်။

**တိုင်းရင်းသားရေးရာကော်မတီအနေနဲ့ တိုင်းရင်းသားတွေရဲ့ လိုအပ်ချက်တွေကို တစ်ဖက်တစ်လမ်းက တတ်နိုင်တဲ့ အပိုင်းကို ဖြေရှင်းဆောင်ရွက်ပေးတာ တွေ ရှိပါတယ်။ သူတို့ရဲ့ ဘာသာ၊ စာပေ၊ စကား၊ ရိုးရာယဉ်ကျေးမှု ဖော်ထုတ်တာ မျိုးတွေကိုလည်း လုပ်ဆောင်ပေးရမယ့် တာဝန်လည်း ရှိပါတယ်**



အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီက ကချင်ပြည်နယ် တနိုင်းမြို့ တိမ်းရှောင်စခန်းသို့ ကွင်းဆင်းလေ့လာစဉ်။





မြန်မာနိုင်ငံရှိ အထည်ချုပ်စက်ရုံများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့မှ AQ – 1359 Cargo ကုန်တင်လေယာဉ်ဖြင့် သယ်ဆောင်လာသည့် ကုန်ကြမ်းပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်။

*** *ကျောဖုံးမှ***

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က "ကွမ်ကျိုးကနေ တိုက်ရိုက်လာခဲ့တဲ့ လေယာဉ်ဖြစ်ပါတယ်။ စုစုပေါင်း ကုန်ကြမ်း ၁၅ တန်ပါ။ အကောက်ခွန်ရှင်းလင်းရေး လုပ်ငန်းစဉ်တွေ မနက်ဖြန်မနက်ပြီးတာနဲ့ စက်ရုံတွေဆီ ပေးပို့မှာပါ။ တရုတ်နိုင်ငံဘက်က ဒီတစ်ခါအဆင်ပြေရင် ထပ်မံပေးပို့မယ့် အခြေအနေရှိပါတယ်။ ဟိုဘက်မှာ ကုန်ကြမ်းမပြတ်လပ်ဖို့လည်း လိုအပ်ပါတယ်။ ဒီမှာလည်း ကုန်ကြမ်းရှိမှ လုပ်ငန်းတွေ လည်ပတ်လို့ရမှာ ဖြစ်ပါတယ်။ လေယာဉ်စရိတ်က သင်္ဘောစရိတ်ထက်တော့ ပိုတာပေါ့။ အလုပ်ဆက်ရှိနေဖို့နဲ့ အလုပ်ဆက်လက်ပေးထားနိုင်ဖို့ ကုန်ကြမ်းရှိမှ အဆင်ပြေတာမို့ အခုလိုချိတ်ဆက်နိုင်တဲ့အတွက် ဝမ်းသာမိတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံ တရုတ်အထည်အလိပ် အထည်ချုပ်အသင်း ဥက္ကဋ္ဌ ဦးစန်းခွန်က "ကုန်ကြမ်းတွေ ပြတ်လပ်မှုမရှိစေဖို့အတွက် ရေကြောင်း၊ ကုန်းကြောင်း၊ လေကြောင်းတွေနဲ့ သယ်ယူပို့ဆောင်နေပါတယ်။ လေယာဉ်နဲ့ တင်ပို့တာ ကုန်ကျစရိတ် ပိုများပါတယ်။ ဒါပေမယ့် တကယ်အရေးပေါ် လိုအပ်နေတဲ့အတွက် ကုန်ကြမ်းကို လေယာဉ်နဲ့ တင်ပို့တာပါ။ အရေးကြီးတဲ့ ကုန်ကြမ်းတွေ ပြတ်လပ်မှုမရှိစေဖို့အတွက်လည်း တင်ပို့နိုင်ဖို့ ကြိုးစားနေပါတယ်" ဟု ပြောသည်။

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်စိုးက "တရုတ်အစိုးရနဲ့ တရုတ်လုပ်ငန်းရှင်တို့ရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ ကျွန်တော်တို့ နိုင်ငံဘက်ကလည်း အကောက်ခွန်ရှင်းလင်းရေးတို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုတွေ အားလုံး ဝိုင်းပြီးလုပ်တဲ့အတွက် မြန်မြန်ဆန်ဆန်နဲ့ ကလေးတွေ အလုပ်လက်မဲ့မဖြစ်အောင် အဆက်မပြတ်လုပ်နိုင်အောင် ဖြစ်လာတဲ့အတွက် ကောင်းမွန်တဲ့ ရလဒ်တစ်ခု ရတယ်လို့ ယူဆပါတယ်။ ကုန်ကြမ်းပြတ်လပ်မှုကြောင့် ရန်ကုန်မှာရှိတဲ့ အထည်ချုပ်စက်ရုံ ၂၀ လောက် လုပ်ငန်းရပ်ဆိုင်းထားရတယ်။ အထည်ချုပ်စက်ရုံတွေ ဆက်ပြီးရပ်မသွားအောင် ဒီလိုအစီအစဉ်မျိုးတွေ ဝိုင်းကြိုးစားသွားရမှာ ဖြစ်ပါတယ်။ ဒီလို ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်မှုတွေက ကျွန်တော်တို့အတွက် အင်အားဖြစ်ပါတယ်။ အထည်ချုပ်လုပ်သားတွေအတွက် ကောင်းမွန်တဲ့ရလဒ်တွေ ဆက်တိုက်ရလာမယ်လို့ ယုံကြည်ပါတယ်" ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် အထည်ချုပ်စက်ရုံပေါင်း ၄၀၀ ကျော်ရှိပြီး COVID-19 ရိုက်ခတ်မှုကြောင့် အထည်ချုပ် ကုန်ကြမ်းများ ပြတ်လပ်ကာ ရန်ကုန်မြို့ရှိ အထည်ချုပ် စက်ရုံ ၂၀ ခန့် ရပ်နားထားရကြောင်း မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များအသင်းမှ သိရသည်။

**ခင်ရတနာ၊ မင်းသစ်(MNA)၊ ဓာတ်ပုံ-သန်းထိုက်၊ နေလင်း**

## ကုန်သည်စက်မှုအသင်းချုပ် သတင်းထုတ်ပြန်ချက်

**အခြေခံစားသောက်ကုန်၊ လူသုံးကုန်များ ဈေးနှုန်းတည်ငြိမ်ရေးအတွက်**
**ကုန်သည်စက်မှုအသင်းချုပ်မှ ညီနောင်အသင်းများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်မည်**

(၂၀၂၀ ခုနှစ်၊ မတ်လ ၁၇ ရက်၊ ရန်ကုန်မြို့)

၁။ ကမ္ဘာ့နိုင်ငံအများအပြားတွင် ဖြစ်ပေါ်နေသော အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါ Coronavirus Disease (COVID-19) ကို ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါအခြေအနေတွင် ပြည်သူများအနေဖြင့် စိုးရိမ်ပူပန်စိတ်များဖြင့် ဆန်၊ ဆီစသည့် အခြေခံ စားသောက်ကုန်များ၊ ဆေးဝါးနှင့် ဆေးပစ္စည်းများကို ပုံမှန်ထက် ပိုမိုဝယ်ယူနေကြောင်း တွေ့ရှိရပါသည်။

၂။ ကုန်သည်စက်မှုအသင်းချုပ်အနေဖြင့် အများပြည်သူနေ့စဉ်စားသုံးနေရသည့် အခြေခံစားသောက်ကုန်၊ လူသုံးကုန်၊ ဆေးဝါးနှင့်ဆေးပစ္စည်း စသည့် ကုန်ပစ္စည်းများကို ဈေးကွက်အတွင်းတွင် ကုန်ပစ္စည်း ပြတ်လပ်မှုမရှိစေရန်နှင့် ဈေးနှုန်းတည်ငြိမ်စွာဖြင့် ရောင်းဝယ်နိုင်ရန် မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ လက်လီရောင်းချသူများ အသင်း၊ မြန်မာနိုင်ငံစက်မှု ကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ ရောင်းချသူများ အသင်း စသည့် အသင်းများ အပါအဝင် ညီနောင်အသင်းများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံ ညှိနှိုင်း၍ စီမံ ဆောင်ရွက်လျက်ရှိပါသည်။

၃။ သက်ဆိုင်ရာ အသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်များမှလည်း ကမ္ဘာနှင့်အဝှမ်း ကပ်ရောဂါ ရင်ဆိုင်နေရသော ယခုလိုကာလတွင် အများပြည်သူအကျိုး၊ နိုင်ငံအကျိုးကိုရှေးရှု၍ ကုန်သည်စက်မှုအသင်းချုပ်နှင့် တူညီသော သဘောထားရပ်တည်ချက်ဖြင့် လက်တွဲပူးပေါင်း ဆောင်ရွက်သွားကြမည် ဖြစ်ပါသည်။

၄။ ကုန်သည်စက်မှုအသင်းချုပ်သည် COVID-19 အကျိုးသက်ရောက်မှုကြောင့် ဖြစ်ပေါ်နေသည့် စီးပွားရေး အကျပ်အတည်းများအပြင် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲ လူမှုရေး အကျိုးသက်ရောက်မှုများကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့် အတူတကွ ပူးပေါင်း၍ ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကုန်သည်စက်မှုအသင်းချုပ် (UMFCCI)

**သစ်ပင်နည်းလာ၊ တို့ကမ္ဘာ၊ လွန်စွာပူအေး၊ ဥတုဘေး**

## ဇွန်းမော်မြို့တွင် အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းဆင်း

**ဇွန်းမော် မတ် ၁၇**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန ကချင်ပြည်နယ် ဇွန်းမော်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲအခမ်းအနားကို ယမန့်နေ့က အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်က အဆင့်မြင့်စက်ချုပ်သင်တန်းတွင် ထူးချွန်ဆုရရှိသော သင်တန်းသူအား အပ်ချုပ်စက်တစ်လုံးကို ဆုချီးမြှင့်ပေးအပ်ပြီး အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သိမ့်သိမ့်စိုးက သင်တန်းသူများအား သင်တန်းဆင်းအောင်လက်မှတ်ကို ပေးအပ်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

**❍ *ကျောဖုံးမှ***

ဂိုးပြတ် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဖွဲ့ကပင်အသင်းမှာလည်း နိုင်ပွဲဆက်ခဲ့ပြီး မောရဝတီကို ငါးဂိုးပြတ်သွင်းယူခဲ့သည်။ ပွဲအစ ၁၆ မိနစ်အတွင်း သုံးဂိုးရရှိခဲ့သည့် ဖွဲ့ကပင်အသင်းသည် ဂိုးပြတ်နိုင်ပွဲ ရယူနိုင်ခဲ့ခြင်းဖြစ်ကာ ဒုတိယပိုင်းတွင် အနိုင်ဂိုးနှစ်ဂိုး ထပ်မံသွင်းယူခဲ့သည်။ အား/ကာသိပ္ပံအသင်းမှာမူ ပထမပိုင်းတွင် သွင်းယူသည့် ဂိုးများဖြင့် အနိုင်ရခဲ့၍ နိုင်ပွဲပြန်ရှာတွေ့ခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် ယခုပွဲ အနိုင်ရလဒ်ကြောင့် ဇယားထိပ်ပိုင်းမှ အသင်းများကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။


**ယှဉ်ပြိုင်ကစားမည်**

ပွဲစဉ် (၁၀) တတိယနေ့ကို မတ် ၁၈ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ရာ တောင်ဒဂုံကွင်း၌ မြဝတီအသင်းနှင့် ရန်ကုန်အသင်း၊ YUSC ကွင်း၌ ရခိုင်အသင်းနှင့် စစ်ကိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

**● *ကျောဖုံးမှ***

တွေ့နိုင်မယ့် အနေအထားဖြစ်တယ်ပေါ့။ အဲဒီလို ဆိုင်းငံ့ထားပေမယ့် အွန်လိုင်းပြိုင်ပွဲတွေ ရှိပါတယ်။ အွန်လိုင်းပြိုင်ပွဲတွေ ရွှေ့ဆိုင်းဖို့ မရှိပါဘူး"ဟု ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ဆက်လက်ပြောသည်။ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်သည် နောက်နှစ်တွင် စစ်တုရင်ပတ်လည် အမှတ်ပေးစနစ်မှ ကွာတား၊ ဆီမီး၊ ဖိုင်နယ်စနစ်သို့ ပြောင်းလဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အေကေလင်း**



# မိတ္ထီလာမြို့၌ ထမင်းပေါင်းအိုးအပူလွန်ကဲရာမှ နေအိမ် ၁၂ လုံး မီးလောင်ဆုံးရှုံး



**မိတ္ထီလာ မတ် ၁၇**

မိတ္ထီလာမြို့ အောင်ဇေယျာရပ်ကွက် နယ်မြေ (၈) အတွင်းရှိ စိန်ပန်းလမ်းနေ ဦးမျိုးလှိုင်ဦး၏ နေအိမ်တွင် မတ် ၁၇ ရက် မွန်းလွဲ ၃ နာရီ ခန့်က ထမင်းပေါင်းအိုးတည်ရာမှ အပူလွန်ကဲပြီး အနီးရှိ နေအိမ်ထရံအား မီးကူးစက်လောင်ရာမှ တစ်ဆင့် နေအိမ် ၁၂ လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ မီးလောင်ရာနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအောင်၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးထက်အောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများနှင့်အတူ မီးငြိမ်းသတ်ယာဉ် ခုနစ်စီး၊ ရေသယ်ယာဉ် လေးစီး၊ အထောက်အကူပြုယာဉ် နှစ်စီးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၃ နာရီ ၁၅ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန်ထိခိုက်ဒဏ်ရာရရှိခြင်း မရှိသော်လည်း အိမ်ထောင်စု ၁၅ စု၊ လူဦးရေ ၈၇ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း ခရိုင်မီးသတ်ဦးစီးဌာနမှ သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဦးမျိုးလှိုင်ဦးအား အမှတ်(၁) မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**ချမ်းသာ**
**သိန်းမြင့်ကျော်( မိတ္ထီလာ)**

## ရွှေပြည်သာမြို့နယ်၌ ကျပ် ၁၀၀၀၀ တန် ငွေစက္ကူအတုဖြင့် ဈေးဝယ်သူအား ဖမ်းဆီးစစ်ဆေး

**ရန်ကုန် မတ် ၁၇**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်တွင် ကျပ် ၁၀၀၀၀ တန် ငွေစက္ကူအတုများဖြင့် ဈေးဝယ်ခဲ့သည့် အမျိုးသမီးအား အမှုဖွင့် ဖမ်းဆီးစစ်ဆေးနေကြောင်း ရွှေပြည်သာမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ရွှေပြည်သာမြို့နယ် မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် ရွှေပြည်သာမြို့နယ် ၁၉ ရပ်ကွက်ရှိ ဒေါ်နှင်းယုဝေ၏ ဈေးဆိုင်၌ မတ် ၁၆ ရက် ညနေ ၅ နာရီက အမျိုးသမီးတစ်ဦးသည် ကျပ် ၁၀၀၀၀ တန် ငွေစက္ကူအတုများဖြင့် ဈေးဝယ်နေကြောင်း သတင်းအရ ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ဒေါ်မိမိနွယ်(၃၂နှစ်)အား တွေ့ရှိပြီး ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ ကျပ် ၁၀၀၀၀ တန် ငွေစက္ကူအတု ၂၆ ရွက်၊ ဖုန်း တစ်လုံး၊ ၁၀၀၀ ကျပ်တန် MPT ငွေဖြည့်ကတ် ၁၀ ခု၊ ငွေကျပ် ၁၂၄၀၀ တို့အား သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

ပြစ်မှုကျူးလွန်သူ ဒေါ်မိမိနွယ်အား ရွှေပြည်သာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း ရွှေပြည်သာမြို့မရဲစခန်းမှူး ဒုတိယရဲမှူး တင်မောင်လွင်ထံမှ သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## တိုက်ကြီးမြို့နယ်၌ ဆိုင်ကယ်နှင့်ကားတိုက်မိရာ အမျိုးသားတစ်ဦးသေဆုံး

**ရန်ကုန် မတ် ၁၇**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်၌ မတ် ၁၆ ရက် ည ၈ နာရီခန့်က ရန်ကုန်-ပြည်ကားလမ်းအတိုင်း ဥက္ကံဘက်မှ တိုက်ကြီးဘက်သို့ ဇလွန်မြို့နယ်နေ ဇော်ဝင်းသန်း (၃၅နှစ်) မောင်းနှင်လာသည့် ဆိုင်ကယ်သည် ကျိုက်စကိုင်းကျေးရွာအနီးအရောက် တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိပြီး မျက်နှာချင်းဆိုင်မှ သရက်မြို့နေ ဦးစောခိုင်(၄၃နှစ်) မောင်းနှင် လာသည့် ခရီးသည်တင်မှန်လုံယာဉ်ကို ဝင်ရောက်တိုက်မိခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် ဆိုင်ကယ်မောင်းနှင်သူ ဇော်ဝင်းသန်းတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားပြီး ဆိုင်ကယ်နောက်မှ လိုက်ပါလာသူ မပြည့်ပြည့်ဇော်တွင် ပြင်းထန်စွာဒဏ်ရာများ ရရှိသဖြင့် တိုက်ကြီးဆေးရုံမှတစ်ဆင့် မြောက်ဥက္ကလာပဆေးရုံသို့အတွင်း လူနာအဖြစ် တင်ပို့ကုသထားကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**


## မြန်မာ့ရုပ်မြင်သံကြား

၁၈. ၃. ၂၀၂၀ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၆:၀၀ – တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ – Breakfast News
၈:၃၅ – "Media and Information Literacy မီဒီယာနှင့်သတင်း အချက်အလက်သိနားလည်မှု စကားဝိုင်း" (အပိုင်း– ၁)
၉ : ၂၀ – စိုက်ပျိုးရေးရာအဖြေရှာ "တောင်သူများ မျိုးရွေးချယ် မျိုးစေ့ပြပွဲဝယ်"
၁၀: ၃၀ – ပြည်သူ့နီတိ "ရေမြင့်သည့် ကြာပဒုမ္မာသို့"
၁၁:၁၅ – ရှုဖွယ်စုံလင် အာဆီယံ အစီအစဉ်
၁၃:၁၅ – နိုင်ငံခြားဇာတ်လမ်းတွဲ
၁၄:၃၀ – (၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ (ဇာတ်တော်ကြီး)" မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း " (ဒုတိယဆု) (စစ်ကိုင်းတိုင်းဒေသကြီး)(ဒုတိယပိုင်း)

**ညပိုင်း**

၁၆: ၃၅ – People Talk "ပြည်သူ့အတွက် ရေကြည်"
၁၇: ၂၀ – "ပုဂံမြေမှ ယွန်းလက်မှုပညာ "
၁၇: ၃၅ – MRTV Travelogue " ရွှေသောင်ယံသို့ခရီးသွားခြင်း " (အပိုင်း– ၅)
၁၉: ၁၅ – နိုင်ငံခြားဇာတ်လမ်းတွဲ
၂၀: ၀၀ – ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀: ၃၅ – " Media and Information Literacy မီဒီယာနှင့်သတင်း အချက်အလက်သိနားလည်မှု စကားဝိုင်း" (အပိုင်း– ၂)
– မြန်မာ့ရုပ်ရှင်ရာပြည့်ဂုဏ်ပြုရုပ်ရှင် (ဆေးရောင်စုံရုပ်ရှင်) "မောဟမျဉ်းပြိုင်များ'' ကျော်ဟိန်း၊ရန်အောင်၊ နိုင်းနိုင်း၊ ထက်ထက်မိုးဦး ဒါရိုက်တာ– မောင်မောင်ဦး (စန္ဒီးပိုက်)


## ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ပြည့်နှစ် မတ် ၁၆ ရက်က မန္တလေး – မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၄၉၂ စီး၊ သွင်းကုန် ၁၆၆၆ စီး၊ ရန်ကုန်–မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၉၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၁၆ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃ ဒသမ ၈ သန်းတန်ဖိုးရှိ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Nissan Diesel Truck Head With Engine(1 U)၊ Hino Truck Head With Engine(1 U) နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီးအား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြစ်သားနှင့် တောင်ကြီးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



ပြစ်မှုကျူးလွန်သူ ခွန်သိန်းအောင်နှင့် ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများ။

**နေပြည်တော် မတ် ၁၇**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၆ ရက် နံနက်ပိုင်းက မြစ်သားမြို့ ရွှေသူငွေး ရပ်ကွက် ပုလဲသွယ်(၂)လမ်းနေ ကိုစိုး (ခ) ဝင်းသန့်ဇင်၏ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၇၀ ကို လည်းကောင်း၊ တောင်ကြီးမြို့နယ် ထီဖောင်းကျေးရွာအုပ်စု လွယ်ကောင်းကျေးရွာနေ ခွန်သိန်းအောင်၏ နေအိမ် အောက်ထပ် အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ဆွာဆည်တမံအနီး တရားမဝင်ကျွန်းသစ်ခွဲသားများ ဖမ်းဆီးရမိ

**ရေတာရှည် မတ် ၁၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သိုင်းဂကျေးရွာအုပ်စု ဆွာဆည်တမံ မြောက်ဘက် တစ်မိုင်ခန့်အကွာ ကျွန်းတောစုကျေးရွာဟောင်းအနီး၌ မတ် ၁၅ ရက်က တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုဖြင့် တောင်ငူခရိုင်သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများ၊ သစ်တောလုံခြုံရေးအဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ တရားမဝင် ကျွန်းသစ်ခွဲသား ၇၅ ချောင်း (၇ ဒသမ ၄၀၂၆ တန်)ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ပြီး ဆက်စပ်ပတ်သက်သော ပြစ်မှုကျူးလွန်သူများအား စုံစမ်း၍ အမှုဖွင့်အရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**သန်းလွင်(ဆွာ)**



## စစ်ကိုင်းမြို့ အသင်္ချာအဝိုင်းပတ်အနီး ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

**စစ်ကိုင်း မတ် ၁၇**

စစ်ကိုင်းမြို့ အသင်္ချာအဝိုင်းပတ်အနီးတွင် မန္တလေးဘက်မှ ရွှေဘို–မုံရွာဘက်သို့ သောက်ရေသန့်ဘူးများ တင်ဆောင်လာသည့် မုံရွာမြို့နေ ယာဉ်မောင်း ကိုအေဇင်တိုး အသက်(၂၁ နှစ်) မောင်းနှင်လာသော ခြောက်ဘီးယာဉ်သည် မတ် ၁၆ ရက် ည ၇ နာရီ မိနစ် ၄၀ ခန့်က နောက်တန်းကျိုးပြီး ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားခဲ့ကာ လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း အမှတ်–၁၀၅ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံး (စစ်ကိုင်း)မှ သိရသည်။

အဆိုပါယာဉ်တိမ်းမှောက်မှု ဖြစ်ပွားရာနေရာသို့ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များနှင့် လူမှုကူညီရေးအသင်းအဖွဲ့များ ရောက်ရှိလာပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

# စက်မှုထိပ်သီး ခုနစ်နိုင်ငံမှ ခေါင်းဆောင်များပူးပေါင်း၍ ကိုရိုနာဗိုင်းရပ်စ်ကြောင့် စီးပွားရေးကျဆင်းလာမည်ကို တားဆီးသွားမည်

**ဝါရှင်တန် မတ် ၁၇**
စက်မှုထိပ်သီးနိုင်ငံ ခုနစ်နိုင်ငံမှ ခေါင်းဆောင်များသည် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် စီးပွားရေးကျဆင်းလာမည်ကို တားဆီးသွားမည်ဖြစ်ကြောင်း ယမန်နေ့က ကတိပြုခဲ့ကြသည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကြောင့် နိုင်ငံအတော်များများအလုံပိတ်ခဲ့ရသောကြောင့် ကမ္ဘာ့စီးပွားရေးသည် ကျဆင်းရပ်တန့်မည့်သဘောသက်ရောက်ခဲ့ရာ စက်မှုထိပ်သီးနိုင်ငံ့ခေါင်းဆောင်များက အဆိုပါအခြေအနေကို အမြန်ဆုံးကုစားနိုင်ရန် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ကိုဗစ်-၁၉ ကပ်ရောဂါသည် လူသားများအတွက် ဝမ်းနည်းဖွယ်ရာကပ်ဆိုးကြီးတစ်ခုလို ဖြစ်လာပြီး ကမ္ဘာ့ကျန်းမာရေး အကျပ်အတည်းတစ်ခု ဖြစ်လာခဲ့သည်။ အဆိုပါအခြေအနေကြောင့် ကမ္ဘာ့စီးပွားရေးအတွက် အဓိကခြိမ်းခြောက်မှုကြီးတစ်ခု ဖြစ်လာခဲ့ကြောင်း စက်မှုထိပ်သီးနိုင်ငံများဖြစ်ကြသည့် ဗြိတိန်၊ ကနေဒါ၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဂျပန်နှင့် အမေရိကန်ပြည်ထောင်စုတို့မှ ခေါင်းဆောင်များ၏ ပူးတွဲကြေညာချက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဂျီ-၇ စက်မှုထိပ်သီးနိုင်ငံများ၏ စီးပွားရေးကျဆင်းမည့်ဘေးကို ကာကွယ်ရန်နှင့် စီးပွားရေးခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ရာတွင် မည်သည့်အခြေအနေပဲဖြစ်ဖြစ် မိမိတို့အနေဖြင့် ဖြစ်နိုင်သမျှသောမူဝါဒများကို အသုံးချကာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဗီဒီယိုတွေ့ဆုံဆွေးနွေးပွဲအပြီး ထုတ်ပြန်ကြေညာချက်တွင် ကြေညာခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် အထိနာခဲ့သည့် အလုပ်သမားများ၊ ကုမ္ပဏီများ၊ အခန်းကဏ္ဍများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ထောက်ပံ့မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

ထို့အတူ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကို နှေးကွေးစေရန် နယ်စပ်ဒေသ စီမံခန့်ခွဲရေးများကိုလည်း အတူတကွ လက်တွဲလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

သီးသန့်ခွဲခြားပိတ်ဆို့မှုများ၊ ခရီးသွားလာခွင့် ကန့်သတ်မှုများကြောင့် ရှယ်ယာဈေးကွက်နှင့် စတော့ဈေးကွက်များမှာလည်း အကျဘက်သို့ ကျဆင်းလျက်ရှိသလို ကမ္ဘာ့နိုင်ငံအသီးသီးမှ အစိုးရများအနေဖြင့်လည်း ကိုရိုနာဗိုင်းရပ်စ်ပြဿနာကို မည်သို့မည်ပုံ ထိန်းချုပ်ရမည်ဆိုကာ အကျပ်ရိုက်လျက်ရှိသည်။ **အေအက်ဖ်ပီ**


ဂျီ-၇ အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များကို တွေ့ရစဉ်။


ခြေကျင်ထွက်လာသည့် ပုပ်ရဟန်းမင်းကြီးကို မတ် ၁၅ ရက်က တွေ့ရစဉ်။

## ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူများအတွက် ဆုတောင်းဝတ်ပြုပေးရန် ပုပ်ရဟန်းမင်းကြီး ဗာတီကန်မှ ထွက်ခွာ

**ဗာတီကန်စီးတီး မတ် ၁၇**
ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူများအတွက် ဆုတောင်းပေးရန် မတ် ၁၅ ရက်က ဗာတီကန်စီးတီးမှ ရောမမြို့ရှိ ဘုရားရှိခိုးကျောင်းတစ်ခုသို့ ထွက်ခွာခဲ့ကြောင်း သိရသည်။

အသက် ၈၃ နှစ်အရွယ် ပုပ်ရဟန်းမင်းကြီးသည် ရောမမြို့ရှိ ဆန်တာမာရီယာ မက်ဂျီအိုရီဘုရားရှိခိုးကျောင်းသို့ ပထမဆုံးအကြိမ် သွားရောက်ခြင်းဖြစ်ပြီး ခြေကျင်သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း ဗာတီကန်မှ သတင်းထုတ်ပြန်သည်။

ပုပ်ရဟန်းမင်းကြီးအနေဖြင့် အဆိုပါဘုရားရှိခိုးကျောင်းကို ရွေးချယ်ရခြင်းမှာ ၁၅၂၂ ခုနှစ်က ရောမပြည်သူများကို ပလိပ်ကပ်ရောဂါဆိုးမှ သက်သာရာရစေသည့် ဘုရားကျောင်းဟု ကိုးကွယ်သူများက ယုံကြည်ကြသည်။ ယင်းကြောင့် အဆိုပါဘုရားကျောင်းကိုရွေးချယ်ခဲ့ခြင်းဖြစ်သည်ဟု ဗာတီကန်မှ ပြောသည်။

အီတလီနိုင်ငံနှင့် တစ်ကမ္ဘာလုံးကို ထိခိုက်စေသည့် ကိုရိုနာဗိုင်းရပ်စ်ရောဂါအဆုံးသတ်ရေး၊ ဖျားနာနေသူများ ပြန်လည်သက်သာလာစေရေး ပုပ်ရဟန်းမင်းကြီးက ဆုတောင်းပေးခဲ့သည်။

အီတလီနိုင်ငံသည် တရုတ်နိုင်ငံပြင်ပတွင် ကူးစက်မှုအမြင့်ဆုံး နိုင်ငံဖြစ်သည်။ ဗာတီကန်မှထွက်လာပြီး မိနစ် ၉၀ အကြာတွင် ပုပ်ရဟန်းမင်းကြီး ပြန်လည်ရောက်ရှိခဲ့ကြောင်း ဗာတီကန်က သတင်းထုတ်ပြန်သည်။ ဘုရားရှိခိုးကျောင်းများပိတ်ထားရမှုကို ပုပ်ရဟန်းမင်းကြီးက မကျေနပ်ကြောင်း ပြသပြီးနောက် ရောမမြို့ရှိ ကက်သလစ်ဘုရားရှိခိုးကျောင်း အချို့ကို မတ် ၁၄ ရက်က ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအန္တရာယ်ကြောင့် ဘုရားရှိခိုးကျောင်းများပိတ်ထားရန် အီတလီအာဏာပိုင်များက တွန်းအားပေးလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ယခုဖြစ်စဉ်သည် ပုပ်ရဟန်းမင်းကြီးနှင့် အီတလီဝန်ကြီးချုပ် ဂူဆက်ပီကွန်တီတို့ကြား ရှားရှားပါးပါး လိပ်ခဲတည်းလည်းအခြေအနေပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ရောဂါကူးစက်ခံရမှုလျော့ကျရန်နှင့် ဆေးရုံများတွင် လူများစုပြုံမှုလျော့နည်းစေရေး ဈေးဆိုင်များ၊စားသောက်ဆိုင်များ၊ အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများပိတ်ထားရန် အီတလီဝန်ကြီးချုပ်က လုပ်ဆောင်ခဲ့သည်။ အီတလီနိုင်ငံသားများမလိုအပ်ဘဲ အပြင်မထွက်ကြရန်တိုက်တွန်းထားပြီး လမ်းမများတွင်လည်း သေနတ်များကိုင်ဆောင်ထားသည့် တပ်ဖွဲ့ဝင်များက စောင့်ကြပ်နေကြသည်။ **အေအက်ဖ်ပီ**

# ကိုရိုနာဗိုင်းရပ်စ် လူ့အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်လာသဖြင့် ပြင်သစ်နိုင်ငံတွင် ပြင်းထန်သည့် ကန့်သတ်ပိတ်ဆို့မှုပြုလုပ်

**ပါရီ မတ် ၁၇**
ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပြင်သစ်နိုင်ငံတွင် မတ် ၁၇ ရက်က အကုန်လုံးနီးပါး ဝင်ထွက်ခွင့်ပိတ်ဆို့ထားကြောင်း သိရသည်။

လူ့အသက်ဆုံးရှုံးမှုများဖြစ်ပေါ်ပြီးနောက် ပြင်သစ်နိုင်ငံသည် ပြင်းထန်သည့် ကန့်သတ်ပိတ်ဆို့မှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဥရောပတိုက်တွင် မလိုအပ်ဘဲ ခရီးသွားလာခြင်းများမပြုကြရန် ပိတ်ဆို့ကန့်သတ်မှုများပြုလုပ်ရေး ဥရောပခေါင်းဆောင်များစီစဉ်ထားကြသည်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဈေးကွက်စီးပွားရေးထိခိုက်ကာ ကမ္ဘာအနှံ့ လူ့အသက်ထောင်ပေါင်းများစွာဆုံးရှုံးခဲ့ရသည်။ ကိုဗစ် -၁၉ တိုက်ဖျက်ရေးကို ပြင်သစ်သမ္မတ အီမန် နျူရယ်မက်ခရွန်က စစ်ပွဲတစ်ခုဟု ခေါ်ဝေါ်ခဲ့သည်။

ကိုဗစ်-၁၉ ကြောင့် စတော့ဈေးကွက်၊ စီးပွားရေး လုပ်ငန်းများ၊ ထိခိုက်ရပြီး ၁၉၈၇ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံးထိခိုက်မှုအဖြစ် စီးပွားရေးတွင် ၁၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဝေါစထရိ ဂျာနယ်တွင် မတ် ၁၆ ရက်က ဖော်ပြထားသည်။ စီးပွားရေးမပြိုလဲစေရေး ဗဟိုဘဏ်နှင့် အစိုးရက အရေးပေါ်ကြားဝင်ကာ ဆောင်ရွက်ပေးထားသော်လည်း ရင်းနှီးမြှုပ်နှံသူများလည်း ကြောက်လန့်တကြားရှိနေကြသည်။ ကိုဗစ် -၁၉ ကြောင့် ကမ္ဘာအနှံ့ လူပေါင်း ၇၀၀၀ ကျော်သေဆုံးကာ အီတလီနိုင်ငံသည် တရုတ်နိုင်ငံပြီးလျှင် ထိခိုက်မှုအများဆုံးနိုင်ငံဖြစ်သည်။

မတ် ၁၇ ရက် ညပိုင်းမှစတင်ကာ ၁၅ ရက်ကြာ ပြင်သစ်ပြည်သူများ နေအိမ်အတွင်း၌သာနေကြရန် သမ္မတ မက်ခရွန်က အမိန့်ထုတ်ထားသည်။

မလိုအပ်သော လူမှုရေးတွေ့ဆုံမှုများမလုပ်ကြရန် တားမြစ်ထားသည်။ ကမ္ဘာလှည့်ခရီးသွားများ အများဆုံးလာရောက်လည်ပတ်ရာနေရာများ၊ ဈေးဆိုင်များ၊ စားသောက်ဆိုင်များကိုပိတ်ထားပြီး လမ်းပေါ်တွင် ရဲတပ်ဖွဲ့ဝင် ၁၀၀၀၀၀ ကို နေရာချထားကာ စောင့်ကြည့်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ သတ်မှတ်ချက်များကို ချိုးဖောက်ပါက အပြစ်ပေးခြင်းခံရမည်ဟု ပြင်သစ်သမ္မတက သတိပေးထားသည်။

ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်သည် ၎င်း၏နိုင်ငံသားများအား ဈေးဝယ်သည့်ကိစ္စကဲ့သို့ မဖြစ်မနေကိစ္စမှလွဲ၍ မတ် ၁၇ ရက် မွန်းလွဲပိုင်းမှစကာ အိမ်ထဲတွင်သာ နေထိုင်ကြရန်နှင့် ကိုရိုနာဗိုင်းရပ်စ်ကိုတိုက်ဖျက်ရန် ချမှတ်ထားသောတင်းကျပ်သည့် စည်းမျဉ်းစည်းကမ်းများ ဖောက်ဖျက်သူများကိုလည်း အပြစ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ယခုသတ်မှတ်ပြဋ္ဌာန်းသည့် တည်ဆဲအမိန့်ကို ဆန့်ကျင်သူအားလုံး အပြစ်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပြင်သစ်နိုင်ငံသည် စစ်ပွဲအသွင်ဖြစ်နေကြောင်း၊ မတ် ၂၂ ရက်တွင် ကျင်းပရန်လျာထားသော ပြည်နယ်ရွေးကောက်ပွဲ ဒုတိယအကျော့ပွဲစဉ်များကိုလည်း ရွှေ့ဆိုင်းလိုက်ကြောင်း မက်ခရွန်ကပြောကြားသည်။ ထို့အပြင် အီးယူသည် ၎င်း၏ပြင်ပနယ်စပ်များကိုလည်း နောက်ထပ် ရက် ၃၀ ကြာပိတ်ရန် သဘောတူခဲ့ကြောင်းလည်း မက်ခရွန်က ထပ်မံပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**

# နိုင်ငံခြားသားခရီးသွားများဝင်ရောက်ခွင့် ကနေဒါနယ်စပ်ပိတ်

**အော့တဝါ မတ် ၁၇**
ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို တားဆီးကာကွယ်နိုင်ရန် ကနေဒါသည် အမေရိကန်နိုင်ငံသားများမှလွဲ၍ အခြားနိုင်ငံခြားသား ခရီးသွားများဝင်ရောက်ခွင့် ၎င်း၏နယ်စပ်ကို ပိတ်လိုက်ကြောင်း ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုက ယမန်နေ့က ပြောကြားလိုက်သည်။

ကနေဒါနိုင်ငံသားများအားလုံးလည်း ဖြစ်နိုင်သမျှ အိမ်တွင်နေထိုင်ရန် ဝန်ကြီးချုပ်က အိမ်တော်အပြင်ဘက်ရှိ သတင်းစာရှင်းလင်းပွဲတွင် တိုက်တွန်းပြောကြားလိုက်သည်။ ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒို၏ ဇနီးဖြစ်သူ ဆိုဖီသည် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ရှိကြောင်း အတည်ပြုပြီးနောက်ပိုင်းတွင် သူနှင့်သူ့မိသားစုကို သီးသန့်ခွဲထားကြောင်း သိရသည်။


ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုကို တွေ့ရစဉ်။

ကနေဒါနိုင်ငံထဲကို ကနေဒါနိုင်ငံသားမဟုတ်သူများနှင့် အမြဲတမ်းနေထိုင်ခွင့်မရှိသူများ လုံးဝဝင်ရောက်ခွင့်ပြုမည်မဟုတ်ကြောင်းနှင့် ဝင်ရောက်ခွင့်များကို ငြင်းဆန်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုကပြောကြားလိုက်သည်။

လေယာဉ်ပေါ်သို့လည်း တုပ်ကွေးမိလက္ခဏာရှိသူများကို လိုက်ပါစီးနင်းခွင့်မပြုရန် အမိန့်ထုတ်ပြန်ထားကြောင်းနှင့် ကနေဒါနိုင်ငံသို့ ပျံသန်းထွက်ခွာလာသော နိုင်ငံတကာလေကြောင်းလိုင်းများကိုလည်း ကိုရိုနာဗိုင်းရပ်စ်ပိုး ရှိ မရှိ အရှိန်မြှင့်စစ်ဆေးမှုများပြုလုပ်နိုင်ရန် ပြည်တွင်းလေဆိပ်လေးခုဖြစ်သည့် မွန်ထရယ်၊ တော်ရန်းဒိုး၊ ကယ်ဂယ်ရီနှင့် ဗန်ကူပါးလေဆိပ်များတွင်သာရပ်နားရန် တိုက်တွန်းထားကြောင်း သတင်းရရှိသည်။

ယခုလို နယ်စပ်ကိုပိတ်လိုက်ခြင်းသည် မတ် ၁၈ ရက် မွန်းလွဲပိုင်းမှစတင်ကာ အကျိုးသက်ရောက်မည်ဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီး မာ့ဂါနီယူက ပြောသည်။ အမေရိကန်နိုင်ငံနှင့် ကနေဒါနိုင်ငံတို့သည် နှစ်နိုင်ငံဆက်ဆံရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အဆင့်မြင့်မားလာသောကြောင့် နယ်စပ်ပိတ်ဆို့မှုတွင် အမေရိကန်နိုင်ငံသားများမပါဝင်ကြောင်း ဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုက ပြောသည်။

ထို့အတူ လေယာဉ်အမှုထမ်းများ၊ သံတမန်များနှင့် လတ်တလော ကနေဒါနိုင်ငံသားဖြစ်သွားသူများလည်း မပါဝင်ကြောင်း ဂျက်စတင်ထရူးဒိုက ပြောသည်။ ကနေဒါစံတော်ချိန် နံနက် ၉ နာရီတွင် ကနေဒါနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် အတည်ပြုလူနာ ၃၂၄ ဦးရှိကြောင်းသိရပြီး တစ်ဦးမှာ သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။ သို့သော်လည်း ဒေသတွင်းမီဒီယာများက ဗြိတိသျှ ကိုလံဘီယာပြည်နယ်တွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ သုံးဦးအထိရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

**အေအက်ဖ်ပီ**

# မမြင်နိုင်တဲ့ ရန်သူနဲ့ ဥရောပရဲ့တိုက်ပွဲ

ကလျာမိုးမြင့်

**ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်စေဖို့ ကြိုးပမ်းတဲ့အနေနဲ့ နိုင်ငံအများအပြားက ၎င်းတို့ရဲ့နယ်စပ်တွေကို ပိတ်ဆို့မှုတွေလုပ်ဆောင်လာနေသလို ဥရောပရဲ့ လွတ်လပ်စွာ ဖြတ်ကျော်သွားလာခွင့်ဇုန်ဖြစ်တဲ့ Schengen ဇုန်တစ်လျှောက် မလိုလားအပ်တဲ့ ခရီးသွားလာမှုတွေမှန်သမျှကို ပိတ်ပင်တားဆီးဖို့ ဥရောပကော်မရှင်က စီစဉ်လျက်ရှိပါတယ်။**

### ခရီးသွားလာမှုနည်းလေလေ ဗိုင်းရပ်စ်ကိုပိုထိန်းချုပ်နိုင်လေလေ

ဒီကိစ္စအတွက် အစီအမံတွေချပြီး မြန်မြန်ဆန်ဆန်အကောင်အထည်ဖော်ကြဖို့ ခေါင်းဆောင်တွေကို တိုက်တွန်းသွားမယ်လို့ ဥရောပကော်မရှင်ဥက္ကဋ္ဌ အာစူလာ ဗွန်ဒါလီယန်က မတ် ၁၇ရက်မှာ ပြောကြားခဲ့ပါတယ်။ ခရီးသွားလာမှုနည်းနိုင်သမျှနည်းလေလေ ဗိုင်းရပ်စ်ကို ပိုပြီးထိန်းချုပ်နိုင်လေလေဖြစ်တယ်လို့ ၎င်းက ဆိုပါတယ်။

ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်ကတော့ ဥရောပသမဂ္ဂရဲ့ ပြင်ပနယ်စပ်နေရာတွေကို ခရီးသွားတွေမဝင်ရောက်နိုင်ဖို့ ပိတ်ထားရမှာဖြစ်တယ်လို့ အစောပိုင်းကတည်းကပြောခဲ့တာပါ။ တစ်ချိန်တည်းမှာပဲ ဥရောပမဟုတ်တဲ့ နိုင်ငံတွေနဲ့ ဥရောပနိုင်ငံတွေအကြား ခရီးစဉ်မှန်သမျှကိုပါ ရပ်ဆိုင်းထားမှာဖြစ်တယ်လို့ သမ္မတ မက်ခရွန်က မတ် ၁၆ ရက်နေ့ ရုပ်မြင်သံကြားမိန့်ခွန်းမှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။

### ကပ်ရောဂါထိန်းချုပ်ရေးဆောင်ရွက်မှု

ရေရှည်နေထိုင်တဲ့ ဒေသခံပြည်သူတွေ၊ ဥရောပနိုင်ငံသားတွေရဲ့ မိသားစုဝင်တွေနဲ့ သံအမတ်ကြီးတွေအပြင် နယ်စပ်ဖြတ်ကျော်တဲ့ ကျန်းမာရေးစောင့်ရှောက်ရေးဝန်ထမ်းတွေနဲ့ ကုန်စည်သယ်ပို့သူတွေကိုတော့ ခြွင်းချက်ထားပြီး ခွင့်ပြုပေးမှာဖြစ်တယ်လို့ မစ္စ ဗွန်ဒါလီယန်က ဗီဒီယို ကွန်ဖရင့်ဆွေးနွေးမှုအတွင်းမှာ ပြောကြားခဲ့တာဖြစ်ပါတယ်။

ဖော်ပြပါဆောင်ရွက်ချက်ဟာ ရက်ပေါင်း ၃၀ ထက်မနည်းကြာအောင် အသက်ဝင်မှာဖြစ်တယ်လို့ သိရပါတယ်။ Schengen သဘောတူစာချုပ်အရ ဥရောပနိုင်ငံတွေအချင်းချင်းကြားမှာ နယ်စပ်စစ်ဆေးမှုတွေမရှိဘဲ လွတ်လပ်စွာဖြတ်သန်းသွားလာခွင့်ပြုထားပါတယ်။ ဗြိတိန်အပါအဝင် Schengen သဘောတူညီမှုပြုလုပ်ထားတဲ့ ဥရောပအဖွဲ့ဝင်နိုင်ငံတွေထဲမှာ မပါဝင်တဲ့ နိုင်ငံသားတွေကိုလည်း ခရီးသွားလာခွင့်ပိတ်ပင်မှုပြုလုပ်ဖို့ တိုက်တွန်းထားပါတယ်။


### ဂျာမနီရဲ့ဆောင်ရွက်ချက်

ဥရောပကောင်စီအကြီးအကဲ ချားလ်စ် မစ်ချယ် ဦးဆောင်ကျင်းပခဲ့တဲ့ မတ်၁၇ ရက် ဗီဒီယို ထိပ်သီးဆွေးနွေးမှုအတွင်းမှာ ဒီလိုမှတ်ချက်တွေပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ ဒီအချိန်မှာ ဂျာမနီဟာဆိုရင်လည်း တင်းကျပ်ခိုင်မာတဲ့ အစီအမံတွေချမှတ်ဆောင်ရွက်နေပြီလို့ သိရပါတယ်။ ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်က နိုင်ငံအတွင်း ဘာသာရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုတွေကို တားမြစ်ထားပြီး ပြည်တွင်းနဲ့ ပြည်ပ အားလပ်ရက်ခရီးစဉ်သွားရောက်မယ့်ကိစ္စမှန်သမျှကို ပယ်ဖျက်လိုက်ဖို့ ပြည်သူတွေကို အသိပေးတိုက်တွန်းထားပါတယ်။ ကုန်စုံဆိုင်တွေနဲ့ ပွဲလမ်းသဘင်အခမ်းအနားကျင်းပတဲ့နေရာတွေအားလုံးကိုလည်း ပိတ်ထားဖို့အမိန့်ထုတ်ထားပြီးဖြစ်သလို နိုင်ငံတစ်ဝန်းက ကျောင်းတွေကိုလည်း ပိတ်ထားပြီးပြီဖြစ်ပါတယ်။

### ပြင်သစ်နိုင်ငံရဲ့ ဆောင်ရွက်ချက်

ပြင်သစ်နိုင်ငံမှာဆိုရင် ပြည်သူတွေအနေနဲ့ တတ်နိုင်သမျှ အိမ်ထဲမှာပဲ နေကြဖို့နဲ့ မဖြစ်မနေ တာဝန်ဆောင်ရွက်ဖို့ရှိမှသာ အပြင်ထွက်ကြဖို့ အမိန့်ထုတ်ထားပါတယ်။ ကျောင်းတွေ၊ ကဖေးဆိုင်တွေ၊ သိပ်အရေးမကြီးတဲ့ ဈေးဆိုင်တွေကို ပိတ်ထားခဲ့တာတွေအပါအဝင် ကနဦးကြိုတင်လုပ်ဆောင်ထားတဲ့ အစီအမံတွေတောင် ဗိုင်းရပ်စ်ကူးစက်မှုကို တားဆီးရာမှာ လုံလောက်မှုမရှိသေးဘူးဆိုတာကို တွေ့နေရတယ်လို့ ၎င်းကသတိပေးထားပါတယ်။

ဆေးပညာရှင်တွေက လတ်တလောအခြေအနေတွေနဲ့ပတ်သက်ပြီး အန္တရာယ်ကိုသတိပေးထားပါလျက်နဲ့တောင် ပန်းခြံတွေမှာ လူတွေအတူတကွ စုဝေးနေတာကို တွေ့နေရတုန်းပဲ။ လူထူထပ်တဲ့ ဈေးတွေ၊ စားသောက်ဆိုင်တွေ နဲ့ဘားဆိုင်တွေဟာ ပိတ်ထားဖို့ ပေးထားတဲ့အမိန့်ကို လေးစားလိုက်နာမှုမရှိတာကို တွေ့နေရတယ်လို့ မိနစ် ၂၀ စာ ရုပ်သံမိန့်ခွန်းထုတ်လွှင့်မှုမှာ ၎င်းက ပြောကြားခဲ့တာပါ။



အီဖယ်မျှော်စင်အနီးတွင် နှာခေါင်းစည်းတပ်ဆင်ကာ သွားလာနေကြသည့် ပြည်သူများ။

### မလိုက်နာသူတွေကို အပြစ်ပေးမည်

ကျွန်ုပ်တို့ဟာ စစ်ပွဲတစ်ခုအတွင်း ကျရောက်နေတယ်။ ကျွန်ုပ်တို့ ရင်ဆိုင်နေရတဲ့အရာက တခြားစစ်တပ်တစ်ခုနဲ့ တိုက်ခိုက်နေရတာမဟုတ်သလို ကိုယ့်နိုင်ငံနဲ့ တိုက်နေရတာလည်းမဟုတ်ဘူး။ ဒါပေမယ့် တကယ့်ရန်သူဟာ ဒီနေရာမှာ အမှန်တကယ်ရှိနေတယ်။ အဲဒီရန်သူဟာ မျက်စိနဲ့လည်းမမြင်နိုင်ဘူး။ ကိုင်တွယ်ထိတွေ့လို့လည်းမရဘူး။ အဲဒီအပြင် ပိုပြီးတော့လည်း အရှိန်မြင့်လာနေတယ်လို့ သမ္မတက ပြည်သူတွေကို နိုးနိုးကြားကြားဖြစ်စေဖို့ တိုက်တွန်းလျက်ရှိပါတယ်။

ပြင်သစ်နိုင်ငံမှာ ဗိုင်းရပ်စ်ကိုတားဆီးကာကွယ်ဖို့ ချမှတ်လိုက်တဲ့ စည်းကမ်းတင်းကျပ်မှုတွေဟာ ၁၅ ရက်ထက်မနည်း အသက်ဝင်နေမှာဖြစ်တယ်လို့ သမ္မတက ပြောပါတယ်။ တားမြစ်ချက်စည်းကမ်းတွေ မလိုက်နာတဲ့သူကို အပြစ်ပေးဖို့အထိလည်း အလေးပေးနေပါတယ်။ အစိုးရအနေနဲ့လည်း နိုင်ငံတစ်ဝန်း မြို့တွင်းမြို့ပြင် အဝင်အထွက်ပိတ်ဆို့မှုလုပ်ဆောင်ဖို့အတွက် အရာရှိတစ်သိန်းကျော်အထိ ချထားဖို့ စီစဉ်နေပါတယ်။

### ဘယ်ကုမ္ပဏီမှ စီးပွားမပျက်စေရ

သမ္မတ မက်ခရွန်ပြောကြားခဲ့တဲ့ နောက်တစ်ချက်ကတော့ ဖျားနာသူတွေကို ဆေးရုံပို့ပေးနိုင်ရေး အကူအညီပေးဖို့အတွက် တပ်ဖွဲ့ဝင်တွေကို အသုံးပြုသွားမှာဖြစ်ပြီး ယခုရက်သတ္တပတ်မှာ ပြုလုပ်ဖို့ရှိတဲ့ ဒုတိယအကျော့ ဒေသရွေးကောက်ပွဲတွေကို ရွှေ့ဆိုင်းထားပြီဆိုတာပါပဲ။ ပြီးတော့လည်းသမ္မတ မက်ခရွန်က စီးပွားရေးလုပ်ငန်းရှင်တွေကိုလည်း အားတက်စေမယ့်စကားတွေနဲ့ ဖေးမခဲ့ပါတယ်။ ပြင်သစ်နိုင်ငံရဲ့ ဘယ်ကုမ္ပဏီမဆို ကြီးသည်ဖြစ်စေ၊ငယ်သည်ဖြစ်စေ စီးပွားပျက်ပြီး ပြိုလဲသွားတာမျိုး ဖြစ်မှာမဟုတ်ပါဘူးလို့ ၎င်းက စီးပွားရေးလုပ်ငန်းတွေရဲ့ သံသယကို ချွေးသိပ်ဖြေဖျောက်ပေးခဲ့ပါတယ်။

မတ် ၁၆ ရက်မှာ ပြင်သစ်နိုင်ငံရဲ့ ကျန်းမာရေးဝန်ဆောင်မှု အဖွဲ့အကြီးအကဲ ဂျီရွမ်း ဆာလိုမွန်က ရောဂါကူးစက်မှုဟာ အတော်လေးစိုးရိမ်စရာကောင်းနေပြီး အခြေအနေတွေကိုမြန်မြန်ဆန်ဆန် ယိုယွင်းလာစေလျက်ရှိတယ်လို့ ပြောခဲ့ပါတယ်။ ပြင်သစ်နိုင်ငံမှာ ရောဂါကူးစက်ခံရသူဟာ ၆၀၀၀ ကျော်ရှိလာခဲ့ပြီး သေဆုံးသူ ၁၄၈ဦးအထိရှိလာပါတယ်။ နိုင်ငံရဲ့ နယ်စပ်တွေကိုလည်း မတ် ၁၇ ရက် နံနက် ၁၁ နာရီအချိန်ကစပြီး ပိတ်ထားမယ်လို့ သမ္မတ မက်ခရွန်က ကြေညာထားပါတယ်။

ဂျာမနီနိုင်ငံမှာဆိုရင်လည်း လက်ရှိမှာ ရောဂါကူးစက်ခံထားရသူ ၇၀၀၀ နီးပါးဖြစ်လာသလို သေဆုံးသူဟာ ၁၄ ဦးရှိပါပြီ။ လူစုလူဝေးနဲ့နေတာကိုတော့ နိုင်ငံတစ်ဝန်းတားမြစ်ထားပြီးပါပြီ။ ပြင်သစ်နဲ့ထိစပ်နေတဲ့ ဂျာမနီနယ်စပ် ဖြတ်ကျော်မှုတွေကိုတော့ ကန့်သတ်မှုတွေစလုပ်နေပါတယ်။ နယ်သာလန်နဲ့ ဘယ်လ်ဂျီယံတို့နဲ့ ထိစပ်နေတဲ့ နယ်စပ်တွေကိုတော့ ယခုချိန်ထိ ပိတ်ဆို့မှုလုပ်တာမတွေ့ရသေးပါဘူး။

### ရောင်းရန်မဟုတ်

ဂျာမန်ဓာတ်ခွဲခန်းမှာ စမ်းသပ်တီထွင်နိုင်ဖို့ကြိုးပမ်းနေတဲ့ ဗိုင်းရပ်စ်ကာကွယ်ဆေးနဲ့ပတ်သက်တဲ့ ထုတ်လုပ်ခွင့်ကို သမ္မတထရမ့်က ဝယ်ယူဖို့ကြိုးပမ်းနေတယ်ဆိုတဲ့ သတင်းတွေအပေါ်မှာလည်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဟီကို မာအက်စ်က ဂျာမနီဟာ ကိုယ့်နိုင်ငံက ထွက်ပေါ်လာမယ့် မူပိုင်ရလဒ်တစ်ခုကို တခြားသူတွေလက်ထဲဘယ်တော့မှ အရောက်ခံမှာမဟုတ်ဘူးလို့ တုံ့ပြန်ထားတာကို တွေ့ရပါတယ်။

စပိန်နိုင်ငံဟာလည်းပဲ နယ်စပ်ထိန်းချုပ်ဆောင်ရွက်မှုတွေ အကောင်အထည်ဖော်နေပြီးဖြစ်ပြီး စပိန်အစိုးရဟာ ပြီးခဲ့တဲ့ စနေနေ့ကပဲ နိုင်ငံတစ်ဝန်း အဝင်အထွက်ပိတ်ဆို့မှုကို ၁၅ ရက်ကြာ အရေးပေါ်ဆောင်ရွက်မှုအနေနဲ့ ချမှတ်ထားပြီးဖြစ်ပါတယ်။ တရုတ်နိုင်ငံပြင်ပမှာ ကူးစက်မှုအဆိုးဆုံးဖြစ်တဲ့ အီတလီမှာဆိုရင် သေဆုံးသူဟာ ၂၁၅၀ ရှိခဲ့ပါပြီ။ အစိုးရကတော့ အရေးပေါ်လုပ်ငန်းစဉ်တွေ ချမှတ်ဆောင်ရွက်နေရဆဲပါပဲ။ မမြင်နိုင်တဲ့ ရန်သူနဲ့ ရင်ဆိုင်တိုက်ခိုက်နေရတဲ့ ဥရောပရဲ့ တိုက်ပွဲအောင်မြင်မှုရပါစေလို့ ဆန္ဒပြုနေမိပါတယ်။ ။

**ကိုးကား- အေအက်ဖ်ပီ၊ဘီဘီစီ**

---

## နိုင်ငံတကာသတင်းတိုထွာ

### အိုလံပစ်အားကစားပွဲတော်ကို စီစဉ်ထားသည့်အတိုင်း ဆက်လက်ကျင်းပနိုင်ရန် ဂျပန်ပြင်ဆင်

**တိုကျို မတ် ၁၇**

တိုကျိုအိုလံပစ်အားကစားပွဲနှင့် မသန်စွမ်းအားကစားပြိုင်ပွဲများကို မူလကစီစဉ်ထားသည့်အတိုင်း ယခုနှစ်နွေရာသီတွင် ဂျပန်နိုင်ငံ၌ လက်ခံကျင်းပနိုင်ရေး ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျပန်အစိုးရအဖွဲ့အတွင်းရေးမှူး ယိုရှီဟီဒီစူဂါက ပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုကို အတူတကွပူးပေါင်းကာ တုံ့ပြန်ဆောင်ရွက်ရန်အတွက် ဂျီဆဲဗင်းနိုင်ငံများမှ ခေါင်းဆောင်များက အထူးအစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့ပြီးနောက် မတ် ၁၇ ရက် နံနက်ပိုင်းက မစ္စတာစူဂါက သတင်းထောက်များအား ထိုသို့ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အိုလံပစ်အားကစားပြိုင်ပွဲနှင့် မသန်စွမ်းအားကစားပြိုင်ပွဲများကို ပြည့်ပြည့်စုံစုံဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇို အာဘေးက အခြားနိုင်ငံများမှခေါင်းဆောင်များသို့ ပြောကြားခဲ့သည်။ အဆိုပါအားကစားပွဲကို ဂျပန်နိုင်ငံက ရွှေ့ဆိုင်းထားသင့်သည်ဟု မည်သည့်ကမ္ဘာ့ခေါင်းဆောင်တစ်ဦးတလေကမျှ အကြံပြုခဲ့ခြင်းမရှိကြောင်း မစ္စတာစူဂါက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

### ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး လက်တွေ့စမ်းသပ်မှု အမေရိကန်၌ စတင်

**ဝါရှင်တန် မတ် ၁၇**

ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး ထုတ်လုပ်နိုင်ရေးအတွက် လက်တွေ့ စမ်းသပ်မှုများကို အမေရိကန်ပြည်ထောင်စု၌ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း အမေရိကန်အမျိုးသား ကျန်းမာရေးအဖွဲ့အစည်းက ပြောကြားခဲ့သည်။

အမျိုးသားကျန်းမာရေးအဖွဲ့အစည်းနှင့် ဇီဝနည်းပညာ ကုမ္ပဏီဖြစ်သည့် မော်ဒန်နာတို့ အတူတကွတွဲဖက်ကာ ဇန်နဝါရီလလယ်လောက်ကတည်းက စတင်တီထွင်ခဲ့ပြီး ဖေဖော်ဝါရီလနှောင်းပိုင်းတွင် ပြီးစီးခဲ့ကြောင်း အင်န်အိုင်အိတ်ချ် သတင်းက ဖော်ပြခဲ့သည်။

ယခုအခါ ကာကွယ်ဆေး လက်တွေ့စမ်းသပ်မှု ပထမအဆင့်ကို ဆီတယ်ရှိ ဆေးဝါးစက်ရုံ၌ မတ် ၁၆ ရက်တွင် စတင်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ကျန်းမာသန်စွမ်းသည့် အရွယ်ရောက်ပြီးသူ ၄၅ ဦး ပါဝင်သည့် စေတနာ့ဝန်ထမ်းအဖွဲ့သားများကို အုပ်စုအလိုက်ခွဲခြားကာ မတူညီသည့် ဆေးအညွှန်းများဖြင့် ကာကွယ်ဆေးများထိုးပေးခဲ့သည်။ စမ်းသပ်မှုတွင် ပါဝင်ကြမည့် အဖွဲ့သားများကို ၂၈ ရက်ခြား တစ်ကြိမ်ဖြင့် ကာကွယ်ဆေးနှစ်ကြိမ် စမ်းသပ်မည်ဖြစ်ကြောင်း သိရသည်။

ကာကွယ်ဆေး၏ လုံခြုံစိတ်ချရမှုနှင့် ခုခံအားတုံ့ပြန်မှုစွမ်းရည်ကို ဆုံးဖြတ်နိုင်ရန်အတွက် စမ်းသပ်မှုတွင်ပါဝင်သူ စေတနာ့ဝန်ထမ်းများကို တစ်နှစ်ကျော်အကြာတွင် ပုံမှန်စမ်းသပ် စစ်ဆေးမှုပြုလုပ်မည်ဖြစ်သည်။ **အေအက်ဖ်ပီ**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ပဲခူးတက္ကသိုလ်ရိယာအတွင်း ပါဝင်သွားသည့် သိမ်းဆည်းခံလယ်မြေရှင်တောင်သူများနှင့်တွေ့ဆုံ

**ပဲခူး မတ် ၁၇**
ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးတက္ကသိုလ်ရိယာအတွင်း ပါဝင်သွားသည့် သိမ်းဆည်းခံ လယ်မြေများနှင့် ပတ်သက်၍ လယ်သမားများအား ယမန်နေ့က ပဲခူးတက္ကသိုလ်၌ တွေ့ဆုံခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ပဲခူးတက္ကသိုလ် ရိယာအတွင်း ပါဝင်ခဲ့သည့် သိမ်းဆည်းခံ လယ်ယာမြေများနှင့် ပတ်သက်၍ ကဏ္ဍတစ်ခုချင်းအလိုက် ညှိနှိုင်းဖြေရှင်းပေးရန် လာရောက်ခဲ့ရခြင်း ဖြစ်ကြောင်း၊ ယခင်ခေတ်ကာလ အချိန်က ပဲခူးတက္ကသိုလ် တည်ဆောက်ရန် သိမ်းဆည်းခဲ့သော်လည်း သက်ဆိုင်ရာမှ နစ်နာကြေး၊ လျော်ကြေးပေးလျော်ခဲ့ခြင်း မရှိသည်ကို စိစစ်တွေ့ရှိရကြောင်း၊ ယခုအခါ အစိုးရစက်မှု၊ လက်မှုသိပ္ပံ (ပဲခူး) တည်ဆောက်ရန် လျာထားခဲ့သည့် မြေရိယာဧက ၁၆၀ အတွင်း နစ်နာခဲ့ရသည့် တောင်သူများအား ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်သည့် တစ်ဧကနှုန်းထား ငွေကျပ်သိန်း ၃၀ နှင့် မိမိတို့ပဲခူးတိုင်းဒေသကြီး အစိုးရမှ ထပ်မံ၍ ပေ(၄၀ x ၆၀) မြေကွက်တစ်ကွက် ခွင့်ပြုချထားပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်းနှင့် သက်ဆိုင်ရာတောင်သူများမှလည်း တစ်ဖွဲ့ချင်းအလိုက် တင်ပြပေးရန် ပြောကြားသည်။

တက်ရောက်လာသည့် သိမ်းဆည်းခံတောင်သူများက အစိုးရစက်မှု၊ လက်မှုသိပ္ပံ (ပဲခူး) တည်ဆောက်ရာတွင် ပါဝင်သွားသည့် လယ်ယာမြေများအတွက် မြေစစ်မှု ဝါဒ(၅၂)ချက်နှင့်အညီ ပြန်လည်စိစစ်ဆောင်ရွက်ပေးရန်ကိုလည်းကောင်း၊ ပဲခူးတက္ကသိုလ်မြေအဖြစ် စတင်သိမ်းယူစဉ်က လာဂမို့ကျေးရွာရှိ အိမ်ခြေများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် လယ်ယာမြေများ ပါဝင်ခဲ့မှုအား စိစစ်ဆောင်ရွက်ပေးရန်တို့ကို တင်ပြခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပညာရေးဝန်ကြီးဌာနနှင့် ထပ်မံညှိနှိုင်း ဆောင်ရွက်ပေးရမည့်အချက်များနှင့် ဗဟိုမြေစစ်ကော်မတီသို့ ထပ်မံတင်ပြပေးရမည့် အခြေအနေများအား ရှင်းလင်းပြောကြားခဲ့သည်။ ပဲခူးမြို့နယ် ဥသာမြို့သစ် ရပ်ကွက်ကြီး(၈)၊ ကွင်းအမှတ် (၆၂၆)၊ ဘုရားသုံးဆူကွင်းနှင့် အထက်စီတီးအနောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၆၁၇)၊ ဘုရားသုံးဆူကွင်း၊ မြေရိယာ ၇၁၈ ဒသမ ၆၅ ဧကအား ပဲခူးတက္ကသိုလ်မြေအဖြစ် ၁၉၉၅ ခုနှစ် မေ ၁၆ ရက်က သိမ်းဆည်းခဲ့ပြီး၊ ယခုအခါ အဆိုပါမြေရိယာအနက်မှ မြေရိယာဧက ၁၆၀ အား အစိုးရစက်မှု၊ လက်မှုသိပ္ပံ (ပဲခူး) မြေအဖြစ် အသုံးပြုခြင်းဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်(ပဲခူး)**



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း ပဲခူးတက္ကသိုလ်ရိယာအတွင်း ပါဝင်သွားသည့် သိမ်းဆည်းခံ လယ်မြေများနှင့် ပတ်သက်၍ လယ်သမားများနှင့် တွေ့ဆုံဆွေးနွေးစဉ်။



ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှီ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေသည့် ကျောင်းသား ကျောင်းသူများအား ကြည့်ရှုအားပေးစဉ်။

## ကယားပြည်နယ်ဝန်ကြီးချုပ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေသည့် ကျောင်းသားကျောင်းသူများအား ကြည့်ရှုအားပေး

**ဒီးမော့ဆို မတ် ၁၇**
ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှီနှင့် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မြင့်ဝေ၊ ပြည်နယ်ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးလှမျိုးဆွေ၊ ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ် စာရင်းစစ်ချုပ်၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ဒီးမော့ဆိုမြို့နယ်ရှိ စာစစ်ဌာနများတွင် ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်တန်း စာမေးပွဲရူပဗေဒဘာသာရပ် ဝင်ရောက်ဖြေဆိုနေမှုကို ကြည့်ရှုအားပေးသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှီနှင့် တာဝန်ရှိသူများသည် ဒီးမော့ဆိုမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (ငွေတောင်) စာစစ်ဌာန၊ အခြေခံပညာအထက်တန်းကျောင်းခွဲ (ဒေါတမငယ်) စာစစ်ဌာနနှင့် အခြေခံပညာအထက်တန်းကျောင်း (ဒီးမော့ဆို) စာစစ်ဌာနတို့တွင် ကျောင်းသား ကျောင်းသူများ ရူပဗေဒဘာသာရပ် ဝင်ရောက်ဖြေဆိုနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

တက္ကသိုလ် ဝင်တန်းစာမေးပွဲကို ပြင်ပမှ ဝင်ရောက်ဖြေဆိုနေသော မီးဖွားကျောင်းသူ တစ်ဦးအားလည်း ကြည့်ရှုအားပေးကာ ဆေးရုံအတွင်း ဆေးဝါးကုသမှုခံယူနေသော လူနာများအား ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားသည်။

ဒီးမော့ဆိုမြို့နယ်တွင် စာစစ်ဌာန ငါးခု၌ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုလျက်ရှိပြီး ရူပဗေဒဘာသာရပ်တွင် ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၀၆၉ ဦး ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**

## ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့တွင်း လုံခြုံရေးကင်မရာထိန်းချုပ်ရေးစင်တာအား ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား မတ် ၁၇**
ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် မြစ်ကြီးနားမြို့တွင်း တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးနှင့် အများပြည်သူလုံခြုံရေးတို့အတွက် စီမံဆောင်ရွက်ထားသည့် လုံခြုံရေးကင်မရာ ထိန်းချုပ်ရေးစင်တာအဆောက်အအုံနှင့် ပြင်ဆင်ဆောင်ရွက်နေမှုတို့ကို ယမန်နေ့က ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ် ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းလျော့နည်းကျဆင်းရေးအတွက် မြစ်ကြီးနားမြို့ တစ်မြို့လုံးတွင် လွှမ်းခြုံတပ်ဆင်ထားသည့် လုံခြုံရေးကင်မရာများ ထိန်းချုပ်ရေးစင်တာ အဆောက်အအုံပြီးစီးမှုအခြေအနေနှင့် အဆောက်အအုံအတွင်း Protocal Technologies ကုမ္ပဏီမှ လုံခြုံရေးကင်မရာ ထိန်းချုပ်ရေးအတွက် ဆက်စပ်ပစ္စည်းများ တပ်ဆင်ဆောင်ရွက်နေမှု၊ Storage ဆာဗာများ တပ်ဆင်ထားရှိမှု၊ LED Board အတွင်း ကင်မရာများကို စောင့်ကြည့်ထိန်းချုပ်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ပြည်နယ်လမ်းပန်းဆက် သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးနှင့် ကုမ္ပဏီတာဝန်ရှိသူများ၏ ရှင်းလင်းပြသမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ လုံခြုံရေးကင်မရာများကို အဓိကကျသည့် နေရာများနှင့် လမ်းဆုံ၊ လမ်းခွများအပြင် တစ်မြို့လုံးကို လွှမ်းခြုံတပ်ဆင်မည်ဖြစ်ကြောင်းနှင့် ယာဉ်တိုက်မှု၊ မှုခင်းဖြစ်ပွားမှု တစ်စုံတစ်ရာပေါ်ပေါက်ပါက စောင့်ကြည့် ထိန်းချုပ်ပြီး အရေးယူဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် လုံခြုံရေးကင်မရာ တပ်ဆင်ထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

# မြို့ပေါ်ရပ်ကွက်သုံးခုတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေး ညှိနှိုင်းစည်းဝေး

**မုံရွာ မတ် ၁၇**
မုံရွာမြို့ မြဝတီရပ်ကွက်၊ ရန်ကင်းရပ်ကွက်နှင့် စက်မှုဇုန်ရပ်ကွက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယင်းရပ်ကွက်သုံးခုသည် သောက်သုံးရေရရှိရေးအတွက် B.O.T စနစ်ဖြင့် ဆောင်ရွက်ရန် စီစဉ်ထားသော်လည်း B.O.T စနစ်ဖြင့်ဆောင်ရွက်မည့်ကုမ္ပဏီမှ လုပ်ငန်းကြန့်ကြာမှုများဖြစ်ပေါ်နေသဖြင့် သောက်သုံးရေအမြန်ဆုံးရရှိရေးကို ယခုလက်ရှိ အကောင်အထည်ဖော်လုပ်ဆောင်လျက်ရှိသော AQUA PURA ကုမ္ပဏီဖြင့် ချိတ်ဆက်လုပ်ဆောင်နိုင်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ ရပ်ကွက်နေပြည်သူများ၏ ဆန္ဒသဘောထားကို တင်ပြနိုင်ရန် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"ရပ်ကွက်နေ ပြည်သူတွေက သောက်သုံးရေရရှိရေးကို တင်ပြလာကြတယ်။ တချို့ရပ်ကွက်တွေက သောက်သုံးရေရရှိနေပြီး သူတို့ဆီမှာကအခုထိ လုပ်ငန်းလုပ်တာမရှိသေးတော့ အမြန်ဆုံးရရှိရေးအတွက် တင်ပြလာကြတယ်၊ အခုအစည်းအဝေးလုပ်တဲ့ရပ်ကွက်တွေအတွက် B.O.T စနစ်နဲ့ လုပ်ဆောင်မယ့် ရပ်ကွက်တွေဖြစ်တယ်။ လုပ်ငန်းလုပ်ဖို့အတွက်ကို B.O.T စနစ်နဲ့ ဆောင်ရွက်မယ့် ကုမ္ပဏီက တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ (၃၀.၅.၂၀၁၈) ရက်နေ့က နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ပေမယ့် အခုအချိန်အထိ လုပ်ငန်းစတင်လုပ်ဆောင်တာလည်း မရှိသေးဘူး၊ အခုလက်ရှိလုပ်ငန်းလည်ပတ်နေတဲ့ ရေပေးဝေရေးကုမ္ပဏီနဲ့ ချိတ်ဆက်လုပ်ဆောင်ဖို့ သူတို့ကလည်းဆန္ဒရှိတဲ့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆက်လက်တင်ပြပေးသွားမှာ ဖြစ်ပါတယ်" ဟု မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီမှ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးထွန်းထွန်းက ပြောသည်။

ညှိနှိုင်းအစည်းအဝေးသို့ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်နှင့်ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့သည်။

**ဝင်းဦး(ဇေယျာတိုင်း)**

## မန်းရွှေစက်တော် ဘုရားပွဲမှ ဆိုင်ခန်းပိုင်ရှင်များအား နစ်နာကြေး ၆၀ ရာခိုင်နှုန်း ထုတ်ပေးမည်

**မင်းဘူး မတ် ၁၇**
မကွေးတိုင်းဒေသကြီး မင်းဘူး (စကု) မြို့နယ်ရှိ မန်းရွှေစက်တော် ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကြီးကို ပိတ်သိမ်းလိုက်ပြီးနောက် ဘုရားပွဲတော်ဝင်းအတွင်းရှိ တဲကျောင်းများ၊ ဈေးဆိုင်ခန်းများ၊ အဆောက်အအုံများအားလုံးကို မတ် ၂၀ ရက်၌ အပြီးဖျက်သိမ်းပေးရန် ဘုရားဂေါပကအဖွဲ့က ကြေညာချက်ထုတ်ပြန်ထားပြီး လေလံလုပ်ငန်းရှင်များ၊ ဈေးဆိုင်ပိုင်ရှင်များ၊ တဲကျောင်းလုပ်ငန်းရှင်များအား နစ်နာကြေးအဖြစ် ၆၀ ရာခိုင်နှုန်းထုတ်ပေးသွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးမှူး ဦးအောင်မျိုးထွန်းထံမှ သိရသည်။

အဆိုပါ ပွဲတော်ကြီးကို တပို့တွဲလဆန်း ၅ ရက်မှ နှစ်ဆန်း ၁ ရက်အထိ ကျင်းပရန် စီစဉ်ထားသော်လည်း ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပြန့်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် မတ် ၁၃ ရက်မှစတင်၍ မန်းရွှေစက်တော် ဘုရားပွဲတော်ကို ပိတ်သိမ်းလိုက်ခြင်းဖြစ်ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုက ပြောသည်။

**ဇေယျာထက် (မင်းဘူး)**

# သုတေသနလုပ်ငန်းများဆောင်ရွက်ရန် Controlled Greenhouse ဆောက်လုပ်ပြီးစီး၍ ကျွမ်းကျင်စွာ အသုံးချနိုင်ရေးလက်တွေ့ပြသ

**နေပြည်တော် မတ် ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသန ဦးစီးဌာန၊ ပဲမျိုးစုံသီးနှံသုတေသန ဌာနစု၏ ကွင်းသုတေသနစိုက်ခင်း၌ အပြည်ပြည်ဆိုင်ရာ ပဲတီစိမ်းဖွံ့ဖြိုးတိုးတက်မှုကွန်ရက် တည်ထောင်ခြင်း စီမံကိန်းအစီအစဉ်အရ ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးသုတေသနဌာန (ACIAR) ၏ ရန်ပုံငွေ အထောက်အပံ့ဖြင့် အိန္ဒိယနိုင်ငံ Bhahu Biotech Private Limited မှ တာဝန်ယူကာ Controlled Greenhouse ကို အောင်မြင်စွာ ဆောက်လုပ်ပြီးစီးခဲ့ပြီဖြစ်ရာ အဆင့်မြင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် အလိုအလျောက် ထိန်းချုပ်မှုနည်းစနစ်များကို ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လက်တွေ့ပြသခြင်းကို မတ်လ ဒုတိယပတ်က ပြုလုပ်သည်။ (ယာပုံ)



အဆိုပါ Controlled Greenhouse အတွင်း၌ တစ်နှစ်ပတ်လုံး သီးနှံမျိုးများအလိုက် သင့်တော်သည့် အပူချိန်၊ စိုထိုင်းဆနှင့် နေရောင်ခြည်ရရှိမှု (နေ့တာတို/နေ့တာရှည်)တို့ကို ထိန်းညှိ၍ အဆင့်မြင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြောင်းလဲလာသည့် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် ရေငတ်ဒဏ်ခံ၊ အပူဒဏ်ခံနှင့် အအေးဒဏ်ခံနိုင်သည့် သီးနှံမျိုးသစ်များ ပိုမိုသုတေသနပြု ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နိုင်ကြည်ဝင်းက ပြောသည်။

Controlled Greenhouse သည် သီးနှံပင်များနှင့် သဘာဝပတ်ဝန်းကျင် (အပူချိန်၊ စိုက်ပျိုးရေရရှိမှု) တို့ အကြား အပြန်အလှန်ဆက်စပ်မှုကို လေ့လာသည့် သုတေသနများ ဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အပူချိန်၊ စိုထိုင်းဆများ၊ အလင်းရောင်စနစ်များ၊ စွမ်းအင်ထိရောက်သော ကြိမ်နှုန်းမြင့် အလင်းရောင်စနစ်၊ နေ့/ ညထိန်းချုပ်မှု၊ နေ့စဉ်သော်လည်းကောင်း (သို့မဟုတ်) လအလိုက်သော်လည်းကောင်း ထိန်းချုပ်မှုများ ဆောင်ရွက်နိုင်သည့် ပရိုဂရမ်များ ရေးဆွဲ၍ ထိန်းချုပ်မှုစနစ်ထားရှိနိုင်ခြင်း၊ စမ်းသပ်မှုအလိုက် သီးခြားပရိုဂရမ်နှင့် ဂရပ်ဖစ်များထားရှိကာ ဗဟိုထိန်းချုပ်မှုစနစ်ပါရှိခြင်းတို့ကြောင့် ရာသီဥတုနှင့် လိုက်လျောညီထွေသည့် သီးနှံမျိုးသစ်များ သုတေသနပြု ရှာဖွေဖော်ထုတ်ခြင်း၊ သုတေသနနှင့် အဆင့်မြင့် Genetic Engineering သုတေသနများ ဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။ **မေမိုးသဲ**

## ရေတာရှည်မြို့နယ်၌ စနစ်ကျလယ်ယာမြေ ဧက ၂၀၀ ဖော်ထုတ်

**ရေတာရှည် မတ် ၁၇**

ကျေးလက်ဒေသနေ စိုက်ပျိုးရေးကို အဓိကအားထားလုပ်ကိုင်လျက်ရှိကြသည့် တောင်သူများ၏ လက်မှုလယ်ယာခေတ်မှသည် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေး မဟာဗျူဟာစီမံကိန်းဖြင့် စနစ်ကျလယ်ယာမြေ ဧက ၂၀၀ ကို ရေတာရှည်မြို့နယ် ညောင်ပင်သာကျေးရွာအုပ်စု ကွင်းအမှတ် ၆၅၈ ကွင်းတွင် ဇန်နဝါရီ ၅ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့အချိန်အထိ ၉၀ ရာခိုင်နှုန်းကျော်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

စနစ်တကျလယ်ယာမြေ ဖော်ထုတ်ရာတွင် ကေကွက်များအဖြစ် ဆောင်ရွက်၍ မြေပြုပြင်ခြင်း၊ မြေညှိခြင်းနှင့် ရေသွင်းမြောင်း၊ ရေထုတ်မြောင်း၊ ကုန်ထုတ်လမ်းများဆောင်ရွက်ခြင်းတို့ပါဝင်သည်ကို တွေ့ရှိရသည်။

“အခုလို စနစ်တကျ လယ်ယာမြေဖော်ထုတ်လိုက်တဲ့အတွက် တောင်သူတွေအနေနဲ့ စိုက်ပျိုးချိန်မှာ စက်တွေဝင်စရာလမ်းပိတ်တာတို့ မရှိတော့ဘူး။ ရေယူတဲ့အခါမှာလည်း အထက်အောက်ရေမရတဲ့ ပြဿနာတွေမရှိတော့ဘူး။ စက်ကိရိယာတွေနဲ့ စိတ်ကြိုက်စိုက်ပျိုးနိုင်ကြတဲ့အတွက် အများကြီး အဆင်ပြေသွားပါတယ်” ဟု မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးသန်းဦးက ပြောသည်။

စနစ်တကျ လယ်ယာမြေဖော်ထုတ်ခြင်းကြောင့် တောင်သူများ ကြုံတွေ့ရလေ့ရှိသည့် စိုက်ပျိုးချိန်လမ်းပိတ်မည်ကို စိုးရိမ်ရသည့်အတွက် တောင်သူများ နည်းတူထွန်ယက်ကြရခြင်း၊ မိမိတို့ကြိုက်နှစ်သက်သော စပါးမျိုးများကို စိုက်ပျိုးခွင့်မရှိခြင်းနှင့် စပါးရိတ်သိမ်းချိန်တွင် ကုန်ထုတ်လမ်းမရှိသည့်အတွက် သယ်ယူစရိတ်များ ထပ်မံကုန်ကျခြင်း အစရှိသည့် အခက်အခဲများကို ကျော်လွှားနိုင်မည်ဖြစ်သည်။ **ကိုလွင်(ဆွာ)**

## ကော့မှူးမြို့နယ် ဗဟိုစာကြည့်တိုက်သို့ တိုင်းရင်းသားပုံပြင်စာအုပ်များ လှူဒါန်း

**ကော့မှူး မတ် ၁၇**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဗဟိုစာကြည့်တိုက်တွင် ပြည်သူများ တိုင်းရင်းသားစာပေများကို လေ့လာဖတ်ရှုနိုင်ရန်နှင့် တိုင်းရင်းသားကလေးငယ်များအနေဖြင့် မိခင်ဘာသာစကား တတ်မြောက်မှု မြင့်မားပြီး မြန်မာစာ၊ မြန်မာစကားကို လေ့လာရာတွင်လည်း အထောက်အကူရရှိစေရန် ရည်ရွယ်၍ တိုင်းရင်းသားဘာသာ ပုံပြင်စာအုပ်များကို ယူနီဆက်ဖ်မြန်မာမှ လာရောက်လှူဒါန်းပေးထားကြောင်း သိရသည်။

လှူဒါန်းထားသော စာအုပ်များမှာ တိုင်းရင်းသား ၂၅ မျိုးဖြစ်သော ပေါင်း ညွှမ်နာဂ၊ ကနီဆေခူမီး၊ အဆန်(ခေါင်ခို)၊ လိခခ်၊ တောင်ရိုး၊ ရှန်းတူ၊ ပိုးကရင်၊ ပကညောစကော၊ ဆွဲကရင်၊ တအော၊ ခေါင်ထူး၊ တိုင်းသာ(ခ)မိုင်းသာရှမ်း၊ ယင်းတလဲ၊ လောင်းဖူးရီ၊ ခမီ၊ အင်းအာ၊ မြို၊ ရုံရှမ်း၊ အနူး၊ မော်ကယ်(ဆလုံ)၊ ကိုလာ မျိုးနွယ်စု၊ လေမီး(ချင်း)နှင့် တိုင်းလုံတိုင်းရင်းသား လူမျိုးများ၏ စာပေနှင့် ရိုးရာပုံပြင်စာအုပ်များဖြစ်ကြောင်း သိရသည်။ **ကျော်သူရ(ကော့မှူး)**

## Singapore Festival 2020 ပြပွဲတွင် နှစ်နိုင်ငံယဉ်ကျေးမှုနှင့် အတွေးအခေါ် ဓာတ်ပုံနှင့် ကဗျာများ ပြသ

**ရန်ကုန် မတ် ၁၇**

Singapore Festival 2020 ပြပွဲကို ဖေဖော်ဝါရီ ၁ ရက်မှစ၍ နှစ်ရက်တာ ရန်ကုန် မြို့ ချင်းချောင်းနန်းတော်တွင် ပြသခဲ့ပြီး ဒုတိယအကြိမ်အဖြစ် ရန်ကုန်မြို့ကမ်းနားလမ်းရှိ Rosewood Yangon တွင် ယမန်နေ့က ပြသသည်။

မြန်မာနှင့်စင်ကာပူနိုင်ငံတို့ ပူးပေါင်းကျင်းပခဲ့သော စင်ကာပူပွဲတွင် စင်ကာပူနိုင်ငံမှ နာမည်ကျော် အစားအစာများ၊ တေးဂီတ၊ ဗီဒီယို၊ ဓာတ်ပုံ၊ ကဗျာများနှင့် အနုပညာလက်ရာများ၊ မြန်မာနိုင်ငံမှ ရိုးရာလက်မှုပစ္စည်းများနှင့် ကဗျာများ၊ အတွေးအခေါ်ဓာတ်ပုံတို့ကိုပြသခဲ့ပြီး ဒုတိယအကြိမ်ကျင်းပသော ယခုပွဲတော်တွင် စင်ကာပူမှ အနုပညာရှင် Marc Nair နှင့် မြန်မာနိုင်ငံမှ Maung Day တို့က ကဗျာနှင့်ဓာတ်ပုံပေါင်းစပ်ထားသော အတွေးအခေါ် ပိုင်းဆိုင်ရာနှင့် ရန်ကုန်မြို့ပြ၏ ပြောင်းလဲလာမှုတို့ကို ပူးပေါင်းဖန်တီးထားသော ဓာတ်ပုံ၊ ကဗျာများလည်း ပါဝင်ကြောင်း သိရသည်။

“ရန်ကုန်မြို့ရဲ့ပြောင်းလဲမှုအပိုင်းတွေမှာ နှစ်သက်တဲ့ အပိုင်းတွေရှိသလို ဆက်ပြီးပြောင်းလဲလုပ်ဆောင်ရမယ့် ကဏ္ဍတွေကို ကဗျာ၊ ဓာတ်ပုံနဲ့တွဲပြီးဖော်ပြထားတာလည်း ပါပါတယ်။ ဥပမာ ရန်ကုန်မြို့ထဲမှာ ယခင်က လေထန်ကုန်းဆိုတာရှိတယ်။ စာပေသမား၊ အနုပညာသမားတွေ စုဝေးတဲ့ နေရာပေါ့။ အခုနည်းသွားပြီ။ အွန်လိုင်းမှာပဲ တွေ့ဆုံကြတဲ့ အခြေအနေတွေဖြစ်သွားတာဟာ အရင်က မြို့ပြပုံရိပ်နဲ့ အခုနည်းပညာပေါင်းစပ်မှုအပေါ် ရန်ကုန်မြို့ဟာလည်း ပြောင်းလဲမှုမှာ လိုက်ပါလာခဲ့ပါတယ်။ ကျွန်တော်နဲ့ စင်ကာပူနိုင်ငံက Marc Nair တို့ ပူးတွဲပြသထားတဲ့ ဓာတ်ပုံနဲ့ ကဗျာတွေကို မြင်ရမှာပါ”ဟု မြန်မာနိုင်ငံမှ Maung Day က ပြောသည်။

ဖေဖော်ဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် ချင်းချောင်းနန်းတော်၌ ကျင်းပခဲ့သော Singapore Festival 2020 ပွဲတော်လက်မှတ်ရောင်းရငွေတို့ကို ချင်းချောင်း နန်းတော် ပြုပြင်ထိန်းသိမ်းနိုင်ရန် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံရုံး ကိုယ်စားသံရုံးမှ တာဝန်ရှိသူတစ်ဦးက ပေးအပ်ခဲ့ရာ ချင်းချောင်းနန်းတော်၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက လက်ခံခဲ့သည်။

Singapore Festival 2020 ပွဲတော်၏ ပြပွဲများကိုလည်း ရန်ကုန်မြို့၌ ယခုနှစ်အတွင်း ဆက်လက်ပြသနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကာ ဒုတိယအကြိမ်အဖြစ် Singapore Festival 2020 ပွဲတွင် နှစ်နိုင်ငံမှ ဓာတ်ပုံနှင့် ကဗျာများကို နှစ်နိုင်ငံယဉ်ကျေးမှုနှင့် အတွေးအခေါ် ပူးပေါင်းပြသခြင်းဖြစ်ကြောင်း သိရသည်။

**သန်းထိုက်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၇-၃-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၆၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၉၈၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၆၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၉၈၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၆၀/၆၄၀ | ကျပ် | ၆၂၀/၆၄၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၇၀/၆၅၅ | ကျပ် | ၆၃၅/၆၅၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၉၀/၅၇၀ | ကျပ် | ၅၈၀/၅၉၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၁၀/၆၉၅ | ကျပ် | ၇၁၅/၇၃၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၂၅ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၈၃ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၀ . ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၃၈ . ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၃၅ . ၀ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၈၆၃ . ၅၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၃ . ၃၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၉ . ၂၄၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၉၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၇ . ၉၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၁၅၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၁၀၀၀ | ၂၁၄၂ | ၂၃၅၆၂၀၀၀ |
| MTSH | ၃၈၀၀ | ၃၈၀၀ | ၅၄၅၅ | ၂၀၇၂၉၀၀၀ |
| MCB | ၈၂၀၀ | ၀ | ၀ | ၀ |
| FPB | ၂၂၅၀၀ | ၂၂၀၀၀ | ၁၁၈၉ | ၂၆၁၈၃၀၀၀ |
| TMH | ၂၈၀၀ | ၂၇၀၀ | ၄၆၀၆ | ၁၂၈၈၆၈၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# သရုပ်ဆောင် အကယ်ဒမီ ထွန်းထွန်းနှင့် တွေ့ဆုံမေးမြန်းခြင်း



ကိုရိုနာဗိုင်းရပ်စ်ကြောင့် ရုပ်ရှင်ရုံများကို ယာယီ ပိတ်ထားပြီဖြစ်ရာ မတ် ၁၉ ရက်တွင် စတင်ရုံတင်ရန် လျာထားသော "ငါ၏အမိန့်"ရုပ်ရှင်ဇာတ်ကားကိုလည်း ရွှေ့ဆိုင်းထားရပြီဖြစ်သည်။ "ငါ၏အမိန့်" ဇာတ်ကားတွင် အဓိကသရုပ်ဆောင်တစ်ဦးဖြစ်ပြီး နှင်းဆီအငြိမ့်အဖွဲ့၏ ပင်တိုင်လူရွှင်တော်တစ်ဦးလည်းဖြစ်သည့် သရုပ်ဆောင် အကယ်ဒမီထွန်းထွန်းနှင့် တွေ့ဆုံခိုက် သူ၏ အနုပညာလှုပ်ရှားမှုများအကြောင်းကို မေးမြန်းဖြစ်ခဲ့သည်။

**မေး။ ။"ငါ၏ အမိန့်" ဇာတ်ကားထဲက ကာရိုက်တာလေးက ဘယ်လိုမျိုးလဲ။**

ဖြေ။ ။ကျွန်တော်က အမှားမရှိအောင် နေလာတဲ့လူငယ်တစ်ယောက်၊ အိမ်ထောင်ပြုတဲ့အချိန်အထိ စမတ်ကျကျနဲ့ အမှားနည်းအောင်နေတယ်။ မိဘတွေကို စိတ်ချမ်းသာအောင်ထားတယ်။ အဲဒီလိုမျိုး မင်းသန့်ဆိုတဲ့ သားကောင်းတစ်ယောက်နေရာက ပါဝင်ထားပါတယ်။

**မေး။ ။ကားရိုက်ကူးခဲ့တာဘယ်လောက်ကြာပြီလဲ၊ လက်ခံဖြစ်တာက။**

ဖြေ။ ဒီကားကကြာပြီ၊ ၂နှစ်ကျော်လောက်ရှိပြီထင်တယ်၊ ဒီကားရိုက်ခဲ့စဉ်ကဆိုရင် ဦးစတီးလ်က ဇာတ်လမ်းလေး ပြောပြတယ်။ ဒီလိုပုံစံလေးတွေကိုကြိုက်တဲ့အတွက် လက်ခံဖြစ်တာပါ။

**မေး။ ။ဒါရိုက်တာစတီးလ်နဲ့က ဘယ်နှကားလောက်ဆုံခဲ့ဖူးသေးလဲ။**

ဖြေ။ ။ခိုးဆိုးလုနှိုက်ပြီးထပ်ဆုံတဲ့ကားပါ။ ဇာတ်ညွှန်းထဲက လိုအပ်ချက်အတိုင်း ကျွန်တော်တို့တစ်တွေ အကောင်းဆုံး သရုပ်ဆောင်ခဲ့ကြပါတယ်။ ဒီကားထဲမှာ တစ်ယောက် သရုပ်ဆောင်နေပြီဆို နောက်တစ်ယောက်က လျှော့နေလို့မရဘူး၊ ဘေးနားကနေပြီး အိုက်တင် အပေး အယူတွေမျှအောင် လိုက်လုပ်ပေးရတာတော့ အမှတ်တရပါ။

**မေး။ ။အခု ခေါင်းတုံးတုံးလိုက်တဲ့အကြောင်းကရော ဇာတ်လမ်းကာရိုက်တာတစ်ခုခုအရလား။**

ဖြေ။ ။ဟုတ်ပါတယ်။ ရိုက်ကူးရေးတစ်ခုရှိနေလို့ပါ၊ အဲဒီရိုက်ကူးရေးက ဆံပင်ရှိလို့မရဘူး။ ကာရိုက်တာအရ ခေါင်းတုံးလုပ်လိုက်ရတာပါ။ ဇာတ်လမ်းကိုကြိုက်လို့လည်း ရိုက်ဖြစ်တာပါ။ ဒါရိုက်တာ သိုးဆောင်း ရိုက်ကူးတဲ့ "မိုးနဲ့အတူ"ဆိုတဲ့ ကားလေးပါ။ စိုးပြည့်သဇင်ပါတယ်၊ အခြားသရုပ်ဆောင်တွေလည်း အများကြီး ပါပါတယ်။ ကျွန်တော် သဘောကျပြီး လက်ခံဖြစ်တဲ့ကားလေးဆိုတော့ ဇာတ်လမ်းအရ လိုအပ်လို့ ကတုံးတုံးရတာပါ။

**မေး။ ။ဒါရိုက်တာညီမြင်းလွင်နဲ့ရိုက်မယ့် ကားလေးကရော ဘယ်တော့လောက် ရိုက်ဖြစ်မလဲ။**

ဖြေ။ ။ကျွန်တော်တို့ ဧပြီလထဲမှာရိုက်ဖြစ်မှာပါ၊ ကိုညီနဲ့ ခါတိုင်းလိုမျိုး ပြန်ပြီး အလုပ်လုပ်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်၊ အရှေ့ပိုင်းကာလမှာတွေ တုန်းက အတူလက်တွဲပြီးရိုက်ခဲ့တဲ့ ကားတွေ အများကြီးရှိတယ်။ ကြားထဲမှာ ကျွန်တော် အလုပ်မလုပ်တဲ့အချိန်တွေနဲ့ ကိုညီ ပြန်အလုပ်လုပ်တဲ့အချိန်နဲ့ သဟဇာတမဖြစ်ခဲ့ဘူး၊ ဒါပေမယ့် ဒီနှစ်ထဲမှာတော့ ကျွန်တော်ဖြစ်ချင်တဲ့ ဆန္ဒတွေထဲက တစ်ခုပေါ့နော်၊ ကိုညီနဲ့ ရုပ်ရှင်ဇာတ်ကား တစ်ကား နှစ်ကားရိုက်ချင်တဲ့ဆန္ဒရှိတဲ့အထဲမှာ ဒါက ပထမဆုံး ဆန္ဒပြည့်သွားတာပေါ့။

**မေး။ ။ကြားထဲမှာ မဆုံဖြစ်တဲ့နှစ်တွေ ဘယ်လောက်တောင်ရှိခဲ့လို့လဲ။**

ဖြေ။ ။နှစ်နဲ့ချီပြီး ကြာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ကိုယ်တိုင် အလုပ်မလုပ်တဲ့အချိန်တွေရယ်၊ ကိုညီကိုယ်တိုင်လည်း အလုပ်တစ်ခုကို ကောင်းကောင်းနဲ့ အေးဆေးလုပ်နေတဲ့အချိန်တွေရယ်မှာ မဆုံဖြစ်ပါဘူး။ အခုမှ တိုက်ဆိုင်ပြီးတော့ ပြန်ရိုက်ဖြစ်တာပါ။ ကိုညီရဲ့ ညကျောင်းရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်တာလည်းဖြစ်တော့ ပိုပြီးဝမ်းသာတာပေါ့။

**မေး။ ။ဟိုအရင် ဗီဒီယိုခေတ်မှာရော ကိုညီနဲ့အမှတ်တရတွေ ရှိခဲ့လား။**

ဖြေ။ ။ဗီဒီယိုခေတ်မှာ ကျွန်တော့်ကို ခေါင်းဆောင်မင်းသားဖြစ်အောင် တွန်းတင်ပြီး ရိုက်ခဲ့ပေးတဲ့အထဲမှာ စိန်ငွေးဗီဒီယိုထုတ်လုပ်ရေးနဲ့ ကိုညီလည်း အမြဲပါခဲ့တယ်၊ 'ငါ့သမီးစာကျက်နေတယ်'၊ 'အသည်းကွဲလူရွှင်တော်' စတဲ့ ရိုက်တဲ့ကားတွေ တော်တော်များခဲ့ပါတယ်။ အမှတ်တရတွေလည်း အများကြီးရှိပါတယ်။ အခုလို ပြန်လည်လက်တွဲပြီး ဇာတ်ကားရိုက်ခွင့်ရတဲ့အတွက် တကယ်ကို ဝမ်းသာပါတယ်။

**မေး။ ။နှင်းဆီအဖွဲ့သားတွေပါဝင်တဲ့ Rose Rider ဇာတ်ကားလည်း သိပ်မကြာခင် ရုံတင်မယ်ဆိုတော့ နည်းနည်းလောက်မိတ်ဆက်ပေးပါဦး။**

ဖြေ။ ။ဒီကားမှာ ကျွန်တော်တို့က ဆိုင်ကယ်တွေကို အခြေခံထားပြီး ရိုက်ထားသလို မိုးတွင်းကြီးမှာသွားရိုက်ခဲ့တာဆိုတော့ အမှတ်တရတွေ အများကြီးပေါ့။ အဲဒီတုန်းက ဆိုင်ကယ်မောင်းနေတုန်းမှာသာ ကိုယ့်ဟာကိုယ် ပျော်ပြီး အမြန်မောင်းခဲ့တာ။ အခုအချိန် ကားနဲ့ အဲဒီနေရာပြန်ရောက်ရင် ဒီလမ်းမှာ Speed တွေ အများကြီးနဲ့ အမြန်မောင်းခဲ့ကြတယ်ဆိုတာ အမှတ်တရဖြစ်တယ်၊ ပြီးတော့ ကျွန်တော်တို့ နှင်းဆီအဖွဲ့သား ငါးယောက်က ကားတစ်ကားမှာ ဆုံဖို့ဆိုတာ အင်မတန် ခဲယဉ်းပါတယ်။ ဆုံပြီးတော့ ကိုယ်တွေပြချင်တဲ့ အနုပညာကို ပြခွင့်ရအောင် ဒါရိုက်တာဦးမျိုးမင်းရဲ့ သွန်သင်မှုနဲ့ အကောင်းဆုံး လုပ်ထားကြတာပါ။

**မေး။ ။Rose Rider ကားကို အားပေးကြမယ့် ပရိသတ်ကြီးကို ဖိတ်ခေါ်စကားလေး ပြောပေးပါဦး။**

ဖြေ။ ။Rose Rider ကားက ကျွန်တော်တို့နှင်းဆီအဖွဲ့သားတွေကို အားပေးနေတဲ့ ပရိသတ်တွေအနေနဲ့ စိတ်ကျေနပ်စေမယ့် ကားလေးတစ်ကားဖြစ်ပါတယ်၊ မင်းသမီးအသစ်လေးတွေလည်း ရိုက်ကူးထားတာ ပါပါလိမ့်မယ်၊ ဒါကြောင့် ရုံတင်တဲ့အခါ လာရောက်အားပေးကြပါဦး။

**ကိုလင်း**

# Myanmar Media 7 မှ ၂၀၂၀-၂၀၂၁ အတွင်း တင်ဆက်မည့် အနုပညာလှုပ်ရှားမှုများကို မိတ်ဆက်



Myanmar Media 7 ရုပ်ရှင်ထုတ်လုပ်ရေး၏ (၇)နှစ်ပြည့် အခမ်းအနားနှင့်အတူ ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း Myanmar Media 7 မှ တင်ဆက်မည့် အနုပညာလှုပ်ရှားမှုများ မိတ်ဆက်အသိပေးပွဲကို မတ် ၁၅ ရက်က ပြုလုပ်ခဲ့ပြီး အခမ်းအနားသို့ Myanmar Media 7 နှင့် လက်တွဲရိုက်ကူးမည့် အနုပညာရှင်များနှင့်အတူ ဖိတ်ကြားထားသည့် သရုပ်ဆောင်၊ ဒါရိုက်တာ၊ အဆိုတော်များနှင့် ရုပ်ရှင်ထုတ်လုပ်ရေးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

"ကျွန်တော်တို့ Myanmar Media 7 အနေနဲ့ အနုပညာအလုပ်တွေကို စည်းစည်းလုံးလုံးနဲ့ သိုက်သိုက်ဝန်းဝန်း လုပ်ကြမယ်ဆိုတဲ့ ရည်ရွယ်ချက်လေးနဲ့ 7th Family Group ဆိုပြီးတော့ လွန်ခဲ့တဲ့ ခုနစ်နှစ်ကတည်းက စခဲ့တာပါ။ အခု (၇)နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားလေးမှာ ကျွန်တော်တို့ရဲ့ အနုပညာရှင်တွေ၊ အတတ်ပညာရှင်တွေ ဝိုင်းဝန်းပြီးတော့ ရှေ့ဆက်တင်ဆက်မယ့် အနုပညာတွေကို မီဒီယာတွေနဲ့ ပရိသတ်တွေ သိသွားအောင် ဒီပွဲလေး ကျင်းပဖြစ်တာပါ။ Myanmar Media 7 ကနေ ၂၀၂၀-၂၀၂၁ အတွင်းမှာ ရုပ်ရှင်ဇာတ်ကားတွေလည်း အများကြီး ရိုက်ကူးဖို့ရှိပါတယ်။ ပြီးတော့ ရုပ်ရှင်ရုံမရှိတဲ့ နယ်ပရိသတ်တွေအတွက် တီဗွီဇာတ်လမ်းတွဲတွေလည်း ရိုက်ကူးသွားမှာပါ။ တေးသီချင်း တင်ဆက်မှုတွေမှာလည်း ကျွန်တော်တို့ ပါဝင်ပါမယ်။ Myanmar Media 7 နဲ့ လက်တွဲခဲ့တဲ့ အနုပညာရှင်တွေကတော့ အများကြီးပေါ့။ ဒီနေ့ပွဲမှာတော့ ၂၀၂၀-၂၀၂၁ အတွင်းမှာ ကျွန်တော်တို့နဲ့ အများဆုံး လက်တွဲရိုက်ကူးမယ့် အနုပညာရှင်တွေကို မိတ်ဆက်ပေးတာပါ"ဟု Myanmar Media 7 မှ ကိုဝေမင်းမောင်က ပြောသည်။

Myanmar Media 7 အနေဖြင့် ၂၀၂၀-၂၀၂၁ အတွင်း သရုပ်ဆောင်များဖြစ်သည့် နေတိုး၊ မြင့်မြတ်၊ ရွှေထူး၊ ဝတ်မှုံရွှေရည်၊ မိုးစက်ဝိုင်၊ ဒါရိုက်တာများဖြစ်သည့် ဝင်းလွင်ထက်၊ ညြရသ၊ ကိုပေါက်၊ သားညီ၊ Chartchai Ketnust(ထိုင်းဒါရိုက်တာ)၊ ပွင့်သိင်္ဂီဇော်၊ DOP – အာကာတိုးတို့နှင့် လက်တွဲ၍ ရုပ်ရှင်ဇာတ်ကား ၁၀ ကားနှင့် ရုပ်သံဇာတ်လမ်းတွဲ ၁၀ ကားခန့် ရိုက်ကူးတင်ဆက်သွားမည်ဟု အဆိုပါ မိတ်ဆက်ပွဲမှ သိရသည်။

**ကိုလင်း**

# သည်းထိတ်ရင်ဖိုနှင့် ဒရာမာ ဇာတ်လမ်းအမျိုးအစားဖြစ်သည့် "အပျိုရောင်ည"ရုပ်ရှင် စတင်ရိုက်ကူးမည်

Idea Canvas ရုပ်ရှင်ထုတ်လုပ်ရေးနှင့် သော်ဝန်းကြာဖြူ ရုပ်ရှင်ထုတ်လုပ်ရေးတို့ ပူးပေါင်း၍ သည်းထိတ်ရင်ဖိုနှင့် ဒရာမာ ဇာတ်လမ်းအမျိုးအစားဖြစ်မည့် အပျိုရောင်ည ရုပ်ရှင်ကို စတင်ရိုက်ကူးရန် ကန်တော့ပွဲပေးသည့် အခမ်းအနားနှင့် စာနယ်ဇင်းမိတ်ဆက်ပွဲကို မတ် ၁၆ ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ M3 Food Center ၌ ကျင်းပခဲ့သည်။

ဒါရိုက်တာ ကိုပေါက်က"သူငယ်ချင်းရဲ့ Idea Canvas ထုတ်လုပ်ရေးနဲ့ ပူးပေါင်းပြီးတော့ ကျွန်တော့်ရဲ့ သော်ဝန်းကြာဖြူ ရုပ်ရှင်ထုတ်လုပ်ရေးက တတိယမြောက်ထုတ်လုပ်တဲ့ကား ဖြစ်ပါတယ်။ ဒီကားကို ကျွန်တော်တို့ဂန့်ဂေါနဲ့ ချင်းတောင် မတူပီ၊ ကန်ပက်လက်ဘက်မှာ ရိုက်ပါမယ်။ ၂၀ ရက်နေ့မှာ စရိုက်ပြီးတော့ ရိုက်ကူးရက် တစ်လလောက် ခန့်မှန်းထားပါတယ်။ ပထမဆုံး ဂန့်ဂေါမှာ အရင်ရိုက်ပြီးတော့မှ ဇာတ်ကားရဲ့ နောက်ပိုင်းရိုက်ကူးရေးတွေကိုတော့ ချင်းတောင်ဘက်မှာ ရိုက်မှာဖြစ်ပါတယ်"ဟု ပြောသည်။

သရုပ်ဆောင် ထွန်းအိန္ဒြာဗိုလ်ကလည်း "ဒီကားမှာ အငြိုးအတေးကြီးတဲ့ မိန်းမတစ်ယောက်နေရာက သရုပ်ဆောင်ရမှာပါ၊ ကျွန်မရဲ့ ငယ်ဘဝပုံရိပ်က စိုးပြည့်သဇင်ပါ၊ ဒီကားလေးက ဒရာမာပုံစံလေးပါ၊ စိတ်လှုပ်ရှားဖို့ကောင်းတဲ့ အခန်းလေးတွေလည်း ပါတယ်၊ ကိုယ်နဲ့အတူကလေးတွေရဲ့ အနုပညာကြိုးစားမှုတွေကို ဒီကားမှာ မြင်ရမယ်ဆိုတော့ ရင်ခုန်ရပါတယ်"ဟု ပြောသည်။

အဆိုပါ ဇာတ်ကားသည် ခေတ်ပျိုဖြူ၏ ဇာတ်လမ်းကို မင်းသခင်နှင့် ဒီဒီထက်အောင် ဇာတ်ညွှန်းရေးသား၍ ဒါရိုက်တာ ကိုပေါက်က ရိုက်ကူးပြီး သရုပ်ဆောင်များအဖြစ် မြင့်မြတ်၊ ညီထွဋ်ခေါင်၊ သူရိယ၊ နေရဲကျော်ဆု၊ ထွန်းအိန္ဒြာဗိုလ်၊ စိုးပြည့်သဇင်နှင့် ခင်ဝင့်ဝါတို့ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်သည်။

**ကိုလင်း**




အပျိုရောင်ညရုပ်ရှင် စာနယ်ဇင်းမိတ်ဆက်ပွဲမှ ဒါရိုက်တာနှင့် သရုပ်ဆောင်များ

# နိုင်ငံတကာအနုပညာ သတင်းပဒေသာ

## ကေတီပယ်ရီနှင့် အော်လန်ဒိုဘလွန်းတို့စုံတွဲ လက်ထပ်ပွဲအတွက် အခက်ကြုံနေရ

နာမည်ကျော်ရုပ်ရှင်မင်းသားဖြစ်သူ အော်လန်ဒိုဘလွန်းနဲ့ အဆိုတော်ကေတီပယ်ရီတို့အတွက် ဘေးကျပ်နံကျပ် ဖြစ်စရာဖြစ်နေပါတယ်။ သူတို့နှစ်ဦးဟာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်မှာ စေ့စပ်ခဲ့ကြပြီး မကြာခင်အချိန်အတွင်းမှာ မင်္ဂလာပွဲ ကျင်းပတော့မှာပါ။ ကံမကောင်းစွာဘဲ ဒီအချိန်မှာ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုနဲ့ ကြုံနေရပါတယ်။ ကမ္ဘာ့အနှံ့သေဆုံးမှုတွေ မြင့်တက်နေတဲ့အတွက် အချို့သောမြို့ကြီးတွေမှာ ဝင်ထွက်ခွင့်ကို ပိတ်ဆို့ထားပါတယ်။ ကေတီပယ်ရီကတော့ သူ့ရဲ့မင်္ဂလာပွဲကို မရွှေ့ဆိုင်းချင်ပါဘူးလို့ သတင်းအရင်းအမြစ်တစ်ခုက ဟောလီဝုဒ်လိုက်ဖ်ကို ပြောပါတယ်။

အခုတော့ သူတို့နှစ်ဦးဟာ နောက်ထပ်အစီအစဉ်တစ်ခုကို ထပ်စဉ်းစားနေရပါပြီ။ အခြေအနေတွေအားလုံး တည်ငြိမ်သွားတဲ့အခါ ပွဲကိုနေအိမ်မှာပဲ သီးသန့်ကျင်းပပြီး ဂျပန်နိုင်ငံမှာ ပွဲကြီးတစ်ခု ကျင်းပဖို့ အစီအစဉ်ရှိတယ်လို့ ကေတီက သူ့ရဲ့သူငယ်ချင်းတွေကို ပြောထားကြောင်း သတင်းအရင်းအမြစ်က ဟောလီဝုဒ်လိုက်ဖ်ကို ပြောပါတယ်။ အရင်ကတည်းက ကေတီနဲ့ အော်လန်ဒိုတို့ရဲ့ မင်္ဂလာပွဲဟာ ဂျပန်မှာကျင်းပမှာဆိုပြီး ကောလာဟလတွေ ထွက်ဖူးပါတယ်။ အခုအခါမှာတော့ မင်္ဂလာပွဲတက်ရောက်မယ့်လူတွေကို ဖိအားပေးပြီး ခရီးထွက်ခိုင်းဖို့မဖြစ်နိုင်ဘူးလို့ အော်လန်ဒိုက ပြောပါတယ်။ မတ် ၁၅ ရက်က တိုင်းမ်စ်သတင်းစာနဲ့ အင်တာဗျူးမှာလည်း မကြာခင်အချိန်အတွင်း လက်ထပ်ပွဲကျင်းပတော့မယ်လို့ အော်လန်ဒိုက ပြောပါတယ်။ ဒါပေမယ့်လည်း အခုအချိန် အခါမှာ ခရီးထွက်ဖို့ဆိုတာ မဖြစ်နိုင်သေးတာကြောင့် အစီအစဉ်ပြောင်းလဲမှုတွေ ရှိမယ်လို့ အော်လန်ဒိုဘလွန်းက ပြောကြားခဲ့ပါတယ်။

ဟောလီဝုဒ်လိုက်ဖ်



အော်လန်ဒိုဘလွန်းနှင့် ကေတီပယ်ရီ

## ရုပ်ရှင်မင်းသားကြီးတွမ်ဟန့်နှင့် ဇနီးသည်တို့ ဆေးရုံပေါ်မှဆင်း

ရုပ်ရှင်မင်းသားကြီး တွမ်ဟန့်နှင့် ဇနီးသည်ရီတာဝေလ်ဆင်တို့ဟာ ဩစတြေးလျနိုင်ငံ ကွင်းစလန်းဆေးရုံကနေ ဆင်းသွားပြီလို့သိရပါတယ်။ အခုအခါမှာတော့ အိမ်မှာပဲ သီးခြားခွဲနေတယ်လို့ တွမ်ဟန့်ရဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောပါတယ်။ သူတို့စုံတွဲဟာ ပြီးခဲ့တဲ့သီတင်းပတ်က ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း ဆေးစစ်တွေ့ရှိပြီးတဲ့နောက် ဆေးရုံပေါ်မှာ သီးခြားခွဲနေရတာပဲဖြစ်ပါတယ်။ တွမ်ဟန့်တို့စုံတွဲဟာ ရုပ်ရှင်အကြို ရိုက်ကူးထုတ်လုပ်ရေးအတွက် ဩစတြေးလျနိုင်ငံကို ရောက်ရှိနေကြတာပဲ ဖြစ်ပါတယ်။

အခုအခါမှာတော့ ရုပ်ရှင်ရိုက်ကူးရေးကိုလည်း ရပ်နားထားရပါတယ်။ "ကိုယ်ခန္ဓာမှာ ကိုက်ခဲနေပြီး ပင်ပန်းနွမ်းနယ်မှုခံစားခဲ့ရပါတယ်။ နှစ်ဦးစလုံးမှာ အဖျားကိုယ်စီရှိတဲ့အတွက် ဆေးစစ်မှုခံယူရာမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရတာကို တွေ့ရှိခဲ့ရတယ်"လို့ တွမ်ဟန့်ကပြောပါတယ်။ ပြည်သူ့ကျန်းမာရေးနဲ့လုံခြုံရေးအတွက် သူတို့နှစ်ဦးဟာ နေအိမ်မှာပဲနေပြီး အပြင်မထွက်ဘဲ စိတ်ချရတဲ့အချိန်ထိနေရမှာပါ။ တွမ်ဟန့်ဟာ သူတို့နှစ်ဦးပြန်လည်သက်သာလာတဲ့ သတင်းတွေကိုလည်း မျှဝေပေးခဲ့ပါတယ်။

အောဘီစီ လိုကယ်



ရုပ်ရှင်မင်းသားကြီးတွမ်ဟန့်နှင့် ဇနီးဖြစ်သူရီတာဝေလ်ဆင်

ဖြိုး

# ဥပဒေအတွေး ရေးပါရစေ အပိုင်း (၂၁၁)

# စွဲချက်တင်သောအခါ သေချာပါ



**ဦးဟန်ညွန့် (ဥပဒေ)**

### စွဲချက်ဆိုတာ ဘာလဲ

တရားခံအပေါ် မည်သည့်ပြစ်မှုနှင့် ငြိစွန်းကြောင်း အခိုင်အမာပြလိုက်ခြင်းဟု အလွယ်တကူပြောနိုင်ပါသည်။ တရားသူကြီးများ သတိထားရမည့် အလုပ်ဖြစ်ပါသည်။ ဘာကြောင့်လဲ။ အစွပ်စွဲခံရသည့် တရားခံအတွက် အပြစ်ကျစေဖို့ ပထမခြေလှမ်းဖြစ်နေသောကြောင့်ပါ။

### ရည်ရွယ်ချက်

ဘာရည်ရွယ်ချက်နှင့် စွဲချက်တင်ပါသလဲ။ ခုခံချေပဖို့ အဓိကပါ။ ဘာအမှု၊ ဘာအပြစ်၊ ဘာပုဒ်မဟု တရားသူကြီးက ထုတ်ဖော်ကြေညာလိုက်ခြင်းလည်း ဖြစ်ပါသည်။ စွဲချက်အတင်ခံရသည့် တရားခံအတွက် "ငါဘယ်လိုရှင်းရပ့ါမလဲ" ဟု ချေပချက်ကို စိန်ခေါ်လိုက်ခြင်းလည်း ဖြစ်ပေသည်။ အရေးကြီး၏ ။ ပထမခြေလှမ်းပါ။ အမှုအတွက် ကြိုတင်ပြင်ဆင်ရတော့မည်။ စွဲချက်တင်သော ပုဒ်မ၏ဆိုလိုရင်း၊ ငြိစွန်းချက်၊ ခုခံမှုစသည်များကို စဉ်းစားရပါတော့မည်။ ခုခံရေးလမ်းကြောင်း ဘာလဲ။ လမ်းကြောင်းကောင်းမှ၊ ချေပမှုသေချာမှ ဖြစ်တော့မည်။

### အပြစ်ပေးခြင်းမဟုတ်

"စွဲချက်တင်ခြင်းသည် အပြစ်ပေးခြင်းမဟုတ်" ဟု တရားရေးလောကတွင် ပြောကြသည်။ ရှေ့နေတိုင်း၏ ပါးစပ်ဖျားတွင်လည်း တွင်တွင်ကြီးသုံးနေကျစကားပါပဲ။ သို့သော်ငြား စွဲချက် တိတိကျကျ သေသေချာချာ ချောချောမောမော ဖြစ်နေလျှင် အပြစ်က ကင်းလွတ်ဖို့ အတော်ကြိုးပမ်းရပေမည်။ မနည်းရုန်းကန်ရသည်ဟု ပြောကြပါစို့။

### တရားသူကြီးကဏ္ဍ

စွဲချက်တင်သော တရားသူကြီးများ၏ တာဝန်ကြီးလေးသည်။ သတိရှိကြပါ။ အလွယ်မလုပ်ပါနှင့်။ တရားခွင်စာရေးကို ယုံပြီး လွှဲထားတတ်ကြသည်။ လက်မှတ်ထိုးရုံသာထိုးသော တရားသူကြီးများ (မကြာခဏ) တွေ့ရသည်။ ကိုယ့်တာဝန်ကိုယ်ယူကြပါ။ စွဲချက်တင်ခံရမည့် တရားခံများ၏ မျက်နှာကြည့်ပါ။ ဥပဒေနှင့်အညီ ဆောင်ရွက်ပါဟု အကြံပြုတာပါ။ ပေါ့ပေါ့ဆဆ မလုပ်မိဖို့ စေတနာပါ။

### စွဲချက်ပုံစံ

(၁) ဘာပုဒ်မလဲ။ ဘာပြစ်မှုလဲ။

(၂) ပြစ်မှု၊ အမှု၊ အမည်နာမ ဖော်ပြပါ။

(၃) တရားခံသိနားလည်သော၊ ရှင်းလင်းပြတ်သားသော အဓိပ္ပာယ်၊ စွဲချက်ဖြစ်ရမည်။

(၄) ဘာဥပဒေ၊ ဘာပုဒ်မ၊ တိကျပါစေ။

(၅) ဥပဒေနှင့်ညီသော၊ ပြည့်စုံသော စွဲချက်ဖြစ်ပါစေ။

(ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၂၁ ကို ရည်ညွှန်း)

### ပြည့်စုံမှု

ဘယ်အချိန်၊ ဘယ်နေရာ ဘာပြစ်မှု၊ ဘာပစ္စည်း၊ ဘာလုပ်တာ၊ တိကျသေချာ ရှိစေရမည်။

### နားလည်ရဲ့လား

စွဲချက်ဖတ်ပြသည့်အခါ တရားခံနားလည်ရမည်။ ဘာကိုဆိုလိုတာလဲ။ ဘာကိစ္စလဲ။ ဘာပြစ်မှုလဲ။ မြန်မာလို ပြောတာ မြန်မာနားမလည်ဘူးလား။ တရားသူကြီးပြောတာ တရားခံက နားလည်ရဲ့လား။ ရှင်းပြပါ။ ပြောပြပါ။

(ရာဇဝတ်ကျင့်ထုံး- ၂၂၃)

### အထက်ရုံးက ပြင်ပေးရ

အောက်ရုံးများက စွဲချက်တင်ခြင်း မှားယွင်းနေတာတွေ များစွာတွေ့ရသည်။ ပြင်ဆင်မှု တင်ကြစမြဲ။ အထက်ရုံးက ပြင်ပေးနေရဆဲ။ မှားလိုက်၊ ပြင်လိုက်။ မပြည့်စုံလိုက်၊ ပြည့်စုံအောင် ပြင်ပေးလိုက်။ ဂျာအေးသူ့အမေရိုက် ဇာတ်လမ်းတွေ များလှပေသည်။ ဘာအကျိုးထူးမည်လဲ။ အချိန်တွေ



ကုန်၊ ငွေတွေကုန်၊ လူတွေပင်ပန်း၊ အမှုတွေကများသထက်များ၊ ကြန့်ကြာသထက် ကြန့်ကြာ၊ တရားစီရင်ရေးကို အထင်အမြင်လွဲကြ။ သို့ဖြစ်၍ မြန်လည်းမြန်၊ မှန်လည်းမှန်အောင်၊ စွဲချက်အဆင့်မှာပင် ပီပီပြင်ပြင်၊ ရှင်းရှင်းလင်းလင်းဖြစ်အောင် ကြိုးပမ်းကြစေချင်သည်။ အထူးသဖြင့် တရားသူကြီးများက ဝါယမစိုက်ထုတ်ဖို့၊ မှန်ဖို့၊ မြန်ဖို့ ကူညီစီရင်ပေးကြလျှင် ပြင်ဆင်မှုတွေ နည်းမည်။ စွဲချက်အတင်ခံရသော တရားခံတွေကလည်း မှန်မှန်ကန်ကန် ရှင်းရှင်းလင်းလင်း ထုချေရှင်းလင်း နိုင်ကြမည်။ တရားရုံးကို ပြည်သူပို၍၊ ပို၍ အားကိုးမည်၊ ယုံကြည်မည် အသေအချာ။

### စီရင်ထုံး

(၁) "စွဲချက်ပါအကြောင်းအရာများသည် သေချာရမည်" ဟု မောင်အေးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၆၆၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ- ၁၂၄၈ တွင် ဖော်ပြသည်။ မသေချာဘဲ စွဲချက်မတင်သင့်။

(၂) ရာဇဝတ်မှုများကို စစ်ဆေးစီရင်ရာ၌ တရားရုံး၏ တာဝန်မှာ၊ ရုံးရှေ့ရှိ အချက်အလက်များအရ မည်သည့်ပြစ်မှု သို့မဟုတ်၊ ပြစ်မှုများကျူးလွန်ကြောင်း ပေါ်ပေါက်ကြောင်းကို စိစစ်ရန် ဖြစ်သည်။
(ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ဦးထွန်းရင်၊ ၁၉၆၄၊ မြန်မာနိုင်ငံစီရင်ထုံး၊ ရုံးချုပ်၊ စာ-၃၃၇) တွင် ဖော်ပြသည်။ တရားရုံး၏တာဝန်ကို ဖော်ပြသည်။

(၃) ထုချေဖြေရှင်းခြင်း မပြုစေဘဲ တရားရှင်လွှတ်လျှင် တစ်ဖက်က နစ်နာသူများအဖို့ တရားရုံး၏ စီရင်ချက်သည် တရားမျှတမှု ကင်းမဲ့သည်ဟု ထင်မြင်ယူဆဖွယ်ရှိသည်။ တရားစီရင်ရာတွင် အမှန်ကို ဆုံးဖြတ်ရုံသာမကဘဲ ထိုသို့ အမှန်တရားကို စီရင်ကြောင်း အများမြင်စေရာသည်။ (ပြည်ထောင်စုမြန်မာနိုင်ငံနှင့် မောင်ရွှေ၊ ၁၉၆၆၊ မြန်မာနိုင်ငံ စီရင်ထုံး၊ စာ-၆၁၆)

(၄) တရားခံတစ်ဦးအပေါ် စွဲချက်တင်ထိုက်၊ မတင်ထိုက်နှင့် ပတ်သက်၍ စဉ်းစားရန် အချက်အလက်မှာ တရားခံအား အပြစ်ပေးထိုက်၊ မပေးထိုက် စဉ်းစားရန်အချက်မျိုးနှင့် ဥပဒေအရ မတူညီပါ။ (ပြည်ထောင်စု မြန်မာနိုင်ငံနှင့် ဦးဘိုးရင်၊ ၁၉၆၆၊ မြန်မာနိုင်ငံစီရင်ထုံး၊ ရုံးချုပ်၊ စာ-၉၂၁)

(၅) ကားတိုက်မှုတစ်မှုတွင် တရားခံနှစ်ဦးအား တစ်မှုတည်းပူးတွဲ၍ မစစ်ဆေးသင့်။ တစ်ဦးအပေါ်တစ်ဦး အပြစ်ပုံချတတ်သည်။ တစ်မှုစီ ခွဲခြားပြီး စွဲဆိုစစ်ဆေးရသည်။
(အန်းဝါခန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၅၂၊ မြန်မာနိုင်ငံစီရင်ထုံး၊ တရားလွှတ်တော်ချုပ်၊ စာ-၁၆၀)

(၆) ပုဒ်မခွဲ(၃)ခုရှိသော ဥပဒေပုဒ်မနှင့် စပ်လျဉ်း၍၊ မည်သည့်ပုဒ်မခွဲဖြင့် စွဲချက်တင်သည်ကို စွဲချက်၌ တိကျစွာ ဖော်ပြရမည်။ တရားခံသဘောပေါက်နားလည်ရမည်။
(ကျော်လှအောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၄၉၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ-၅၈၂)

### မောင်ပျင်းရိ၏ မေးခွန်း

အလုပ်သင်ရှေ့နေ မောင်ပျင်းရိက "စွဲချက်အမိန့်တွေ တရားသူကြီးအမိန့်ချတိုင်း ကျွန်တော်သွားနားထောင်တယ်။ တရားခံက နားမလည်ဘူး။ တရားသူကြီးအသံကလည်း တိုးတိုးကလေး။ နားမလည်လို့ ပြန်မေးတော့ အဟောက်ခံရတယ်။ ပြီးမှ တရားခွင်စာရေးကို သွားပြီးမေးရတယ်။ ဘယ်လိုလုပ်ရမလဲ ဆရာကြီး" ဟု ကျွန်တော့်အား မေးသည်။

"ကြုံတတ်၊ ဖြစ်တတ်တာမျိုးပါ။ ရှေ့နေပါရင် ကိစ္စမရှိဘူး။ ရှေ့နေမပါတဲ့ တရားခံတွေအတွက်တော့ တရားသူကြီးက စေတနာထားပြီး ရှင်းလင်းစွာ ပြောပြသင့်ပါတယ်။ တာဝန်ရှိသူတွေနဲ့ စည်းဝေးညှိနှိုင်းတဲ့အခါ တင်ပြပေးပါမယ် မောင်ပျင်းရိ" ဟု ကျွန်တော်ဖြေလိုက်ပါသည်။

### လူငယ်တရားသူကြီးများ

အတွေ့အကြုံနည်းသော လူငယ်တရားသူကြီးများအနေဖြင့် တစ်ခါတစ်ရံ စေတနာအမှားရှိတတ်ပါသည်။ သည်းခံခွင့်လွှတ်ထိုက်သော်လည်း တရားရုံး အလုပ်ဖြစ်သောကြောင့် ပြန်ပြင်၍မရသည့် အဖြစ်မျိုး ကြုံတတ်ပေသည်။ မိမိအမှား (အောက်ရုံး အမှား)ကို မိမိပြန်ပြင်၍ မရဘဲ အယူခံ၊ ပြင်ဆင်ရုံး (အပေါ်ရုံး)က ပြုပြင်ပေးမှရသည့် ကိစ္စမျိုးကြုံတတ်ပေသည်။

ထို့ကြောင့် သတိကြီးစွာ ထားသင့်သည်။

"စွဲချက်တင်သောအခါ သေချာပါ" ဟု ကျွန်တော်ရေးခြင်း၊ မေတ္တာရပ်ခံခြင်း ဖြစ်ပါသည်။ ဆရာလုပ်သည့် သဘောမပြောပါ။ တရားရေးသင်တန်းတွေမှာလည်း အကြိမ်ကြိမ်ပြောပြီး၊ သင်တန်းပေးပြီးသားတွေပါ။ ဘာခက်တာမှတ်လို့။

### စေတနာ

ကျွန်တော်၏ ဥပဒေလုပ်သက် အနှစ် (၄၀) ကျော် အတွေ့အကြုံများထဲမှ စွဲချက်တင်ခြင်းအကြောင်း တွေးမိသည့် ကျွန်တော်၏စေတနာ ဥပဒေအတွေးမျှသာပါ...။ ။

> "စွဲချက်တင်ခြင်းသည် အပြစ်ပေးခြင်း မဟုတ်" ဟု တရားရေးလောကတွင် ပြောကြသည်။ ရှေ့နေတိုင်း၏ ပါးစပ်ဖျားတွင်လည်း တွင်တွင်ကြီးသုံးနေကျစကားပါပဲ။ သို့သော်ငြား စွဲချက်တိတိကျကျ သေသေချာချာ ချောချောမောမော ဖြစ်နေလျှင် အပြစ်က ကင်းလွတ်ဖို့ အတော်ကြိုးပမ်းရပေမည်"

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)

# ၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၃) နိုင်ငံရေးပါတီများ



မောင်စာဂ

ရွေးကောက်ပွဲဟုဆိုလျှင် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍက အရေးပါလာသည်။ ရွေးကောက်ပွဲကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့က စီမံကြီးကြပ်ဆောင်ရွက်ကြရသည်။ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ မဲဆန္ဒရှင်ပြည်သူများက ဆန္ဒမဲပေးကြရသည်။ ဤသို့ဖြင့် ရွေးကောက်ပွဲတိုင်း ရွေးကောက်ပွဲတိုင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံရေးပါတီများနှင့် မဲဆန္ဒရှင်များ သုံးဦးသုံးဖလှယ်သည် တြိဂံပုံသဏ္ဍာန်အဖြစ် မြင်တွေ့ကြရသည်။ ဤတွင် ရွေးကောက်ပွဲနှင့် နိုင်ငံရေးပါတီများအကြောင်း အနှစ်ချုပ်မျှဝေပါရစေ။

### မှတ်ပုံတင်ခြင်း

လွှတ်တော်ရွေးကောက်ပွဲများတွင် နိုင်ငံရေးပါတီတစ်ရပ်အဖြစ်နှင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဆိုပါက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်ထားပြီး ဖြစ်ရပါမည်။

### နိုင်ငံရေးပါတီအမျိုးအစားနှစ်မျိုး

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်သည့်အခါ ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးဆောင်ရွက်သည့် ပါတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးဆောင်ရွက်သည့်ပါတီဟူ၍ နိုင်ငံရေးပါတီ နှစ်မျိုးနှစ်စားရှိသည်။

ယင်းပါတီနှစ်မျိုး၏ အဓိကခြားနားချက်မှာ ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့် ပါတီဖြစ်ပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀ ကို စည်းရုံးပြီးဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရသည်။ ရွေးကောက်ပွဲများတွင် ပြည်ထောင်စုတစ်ဝန်းလုံးတွင်ကျင်းပသော မည်သည့်လွှတ်တော်မဲဆန္ဒနယ်တွင်မဆို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်ဦးရေ အနည်းဆုံး ၅၀၀ ကို စည်းရုံးပြီးဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရသည်။ ရွေးကောက်ပွဲများတွင် ယင်းပါတီစည်းရုံးသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းတွင် ကျင်းပသော မည်သည့်လွှတ်တော်မဲဆန္ဒနယ်တွင်မဆို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည်။

### စည်းမျဉ်း၊ အလံနှင့် တံဆိပ်

နိုင်ငံရေးပါတီတိုင်းသည် ပါတီစည်းမျဉ်းနှင့် ဖွဲ့စည်းပုံရှိသည်။ နိုင်ငံရေးဝါဒ သဘောတရားရှိသည်။ ကိုယ်ပိုင်အလံရှိသည်။ ကိုယ်ပိုင်တံဆိပ်ရှိသည်။ ယင်းတို့ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ရရှိရန် စတင်လျှောက်ထားစဉ်ကတည်းက သတ်မှတ်ထားသည့်အတိုင်း လျှောက်လွှာနှင့်အတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြ၍ အတည်ပြုချက်ယူရသည်။

### ပါတီဝင်များစည်းရုံးခြင်း

နိုင်ငံရေးပါတီတစ်ခုသည် မှတ်ပုံတင်ခွင့်ရရှိသည့်နေ့မှစ၍ သတ်မှတ်ထားချက်များနှင့် ကိုက်ညီသော ပါတီဝင်ခွင့်လျှောက်ထားသူများအား ပါတီဝင်အသိအမှတ်ပြုလွှာများ ထုတ်ပေးခြင်း၊ ပါတီဝင်များထံမှ ပါတီဝင်ကြေး၊ ပါတီလစဉ်ကြေးများကောက်ခံခြင်းနှင့် စည်းရုံးခြင်းများကို ပါတီစည်းမျဉ်းနှင့်အညီ ဆောင်ရွက်ခွင့်ရှိသည်။

### ပါတီရန်ပုံငွေထားရှိခြင်း

နိုင်ငံရေးပါတီတစ်ခုသည် မိမိ၏ပါတီပိုင်ရန်ပုံငွေကို အောက်ပါအတိုင်း ကောက်ခံစုစည်း၍ စာရင်းပြုစုထားရှိရသည်-

(၁) ပါတီဝင်များထံမှ ကောက်ခံရရှိသော ပါတီဝင်ကြေးနှင့် ပါတီလစဉ်ကြေး၊

(၂) ပြည်တွင်းရှိ နိုင်ငံသားတစ်ဦးချင်းကဖြစ်စေ၊ အဖွဲ့အစည်းလိုက်ဖြစ်စေ၊ နိုင်ငံသားပိုင် ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီအစုအဖွဲ့ကဖြစ်စေ ၎င်းတို့ တရားဝင်ရရှိထားသော ငွေကြေးပစ္စည်းများထဲမှ ပါတီသို့ လှူဒါန်းထည့်ဝင်သည့် ငွေကြေး သို့မဟုတ် ပစ္စည်း၊

(၃) ပါတီပိုင်စီးပွားရေးလုပ်ငန်းများမှ တရားဝင်ရရှိသော ငွေနှင့် အမြတ်အစွန်း။

အထက်အပိုဒ် (၁) နှင့် (၂) တို့အရ ရရှိသော ငွေကြေးပစ္စည်းများအပေါ်တွင် ထမ်းဆောင်ရမည့် အခွန်အခများကို ကင်းလွတ်ခွင့်ပြုသည်။

### စည်းရုံးခွင့်နှင့် အသုံးစရိတ်

နိုင်ငံရေးပါတီတစ်ရပ်သည် နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ လွတ်လပ်စွာ စည်းရုံးခွင့်ရှိသည်။ လွှတ်တော် သက်တမ်းတစ်ရပ်အတွင်း မိမိပါတီစည်းရုံးရေးအတွက် ပါတီစည်းမျဉ်းနှင့်အညီ သတ်မှတ်ထားသော အသုံးစရိတ်များကို သုံးစွဲခွင့်ရှိသည်။

**“ယနေ့အချိန်တွင် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ နိုင်ငံရေးပါတီပေါင်း ၉၈ ပါတီ မှတ်ပုံတင်ထားပြီးဖြစ်သည်။ ပါတီသုံးခုမှာ ယာယီရပ်ဆိုင်းထားခြင်းခံရသဖြင့် ၉၅ ပါတီကျန်ရှိသည်။ ပါတီတည်ထောင်ခွင့်စိစစ်ဆဲ သုံးပါတီဖြစ်ပြီး မှတ်ပုံတင်ခွင့်စိစစ်ဆဲ သုံးပါတီဖြစ်သည်။ ယင်းပါတီများ ပါတီမှတ်ပုံတင်ခွင့်ရရှိပါက နိုင်ငံရေးပါတီပေါင်း ၁၀၁ ပါတီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ဖွယ်ရှိ”**




### ပါဝင်ယှဉ်ပြိုင်ခွင့်နှင့် အသုံးစရိတ်

နိုင်ငံရေးပါတီတစ်ရပ်သည် လွှတ်တော်ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ လွှတ်တော်သက်တမ်းတစ်ရပ်အတွင်း အထွေထွေရွေးကောက်ပွဲ၌ဖြစ်စေ၊ ကြားဖြတ်ရွေးကောက်ပွဲ၌ဖြစ်စေ မိမိပါတီကို ကိုယ်စားပြု၍ ရွေးကောက်ခံသာ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးစီအတွက် သတ်မှတ်ထားသောအသုံးစရိတ်များကို သုံးစွဲခွင့်ရှိသည်။

### ပါတီများဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်း

၇ - ၁၁ - ၂၀၁၀ ပြည့်နှစ်က ကျင်းပခဲ့သည့် ပထမအကြိမ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီပေါင်း ၃၇ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ပါတီ ၂၂ ခုမှ ကိုယ်စားလှယ်လောင်းများ ရွေးကောက်တင်မြှောက်ခံရသည်။ ၂၀၁၂ ခုနှစ်က မဲဆန္ဒနယ် ၄၅ နေရာအတွက် ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီပေါင်း ၁၇ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ပါတီသုံးခုမှ ကိုယ်စားလှယ်လောင်းများ ရွေးကောက်တင်မြှောက်ခံရသည်။

၈ - ၁၁ - ၂၀၁၅ ခုနှစ်က ကျင်းပခဲ့သည့် ဒုတိယအကြိမ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီပေါင်း ၉၁ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ပါတီ ၂၂ ခုမှ ကိုယ်စားလှယ်လောင်းများ ရွေးကောက်တင်မြှောက်ခံရသည်။ ၂၀၁၇ ခုနှစ်က မဲဆန္ဒနယ် ၁၉ နေရာအတွက် ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီပေါင်း ၂၄ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ငါးပါတီမှ ကိုယ်စားလှယ်လောင်းများ ရွေးကောက်တင်မြှောက်ခံရပြီး ၂၀၁၈ ခုနှစ်က မဲဆန္ဒနယ် ၁၃ နေရာအတွက် ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီပေါင်း ၂၄ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ လေးပါတီမှ ကိုယ်စားလှယ်လောင်းများ ရွေးကောက်တင်မြှောက်ခံရသည်။

### ပါတီဖျက်သိမ်းခြင်း

ပါတီတစ်ခုသည် အထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များအနက် အနည်းဆုံး မဲဆန္ဒနယ်သုံးနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မှုမပြုနိုင်လျှင် သို့မဟုတ် ကြားဖြတ်ရွေးကောက်ပွဲ၌ သတ်မှတ်ထားသည့်အတိုင်း ဝင်ရောက်ယှဉ်ပြိုင်မှုမပြုနိုင်လျှင် ပါတီအဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိပါ။ ပါတီအဖြစ်မှတ်ပုံတင်ထားခြင်းမှ ဖျက်သိမ်းခံရပါမည်။

ယင်းပြဋ္ဌာန်းချက်အရ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအပြီးတွင် ပါတီမှတ်ပုံတင်ထားခြင်းမှ ပါတီငါးခု ဖျက်သိမ်းခံရပြီး ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအပြီး နှစ်ပါတီ ဖျက်သိမ်းခံရသည်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအပြီးတွင် မှတ်ပုံတင်ထားခြင်းမှ ဖျက်သိမ်းခံရသည့်ပါတီမရှိခဲ့ပါ။ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအပြီး တစ်ပါတီ ဖျက်သိမ်းခံရသည်။

ယနေ့အချိန်တွင် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ နိုင်ငံရေးပါတီပေါင်း ၉၈ ပါတီ မှတ်ပုံတင်ထားပြီးဖြစ်သည်။ ပါတီသုံးခုမှာ ယာယီရပ်ဆိုင်းထားခြင်းခံရသဖြင့် ၉၅ ပါတီကျန်ရှိသည်။ ပါတီတည်ထောင်ခွင့်စိစစ်ဆဲ သုံးပါတီဖြစ်ပြီး မှတ်ပုံတင်ခွင့်စိစစ်ဆဲ သုံးပါတီဖြစ်သည်။ ယင်းပါတီများ ပါတီမှတ်ပုံတင်ခွင့်ရရှိပါက နိုင်ငံရေးပါတီပေါင်း ၁၀၁ ပါတီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ဖွယ်ရှိပါမည်။

### ကြိုတင်ပြင်ဆင်ကြရပါမည်

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီများအားလုံးက မိမိတို့ဆောင်ရွက်ရန်ရှိသည်များကို ကြိုတင်ပြင်ဆင်ကြရပါမည်။ ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်မဲဆန္ဒနယ်များကို စိစစ်ရသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ရသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ်များ၊ အကူကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များကိုခန့်ထားနိုင်ရန် စီစဉ်ရသည်။ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းတွေ ဖွင့်လှစ်၍ပို့ချပေးရသည်။ မဲဆန္ဒရှင်ပြည်သူများအား ထိတွေ့စည်းရုံးရသည်။ ဤမျှ များပြားသော လုပ်ငန်းတာဝန်များကို ကြိုတင်ဆောင်ရွက်မှုများ ပြုလုပ်ကြရမည်ဖြစ်သဖြင့် အချိန်နှင့်အမျှ အလေးထားဂရုပြု သတိမူသင့်ကြသည်။

### ရွေးကောက်ပွဲနှင့်အတူ

နိုင်ငံရေးပါတီများအတွက် ၂၀၂၀ ပြည့်နှစ်သည် အရေးကြီးသော နှစ်တစ်နှစ်ဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် မိမိတို့ပါတီက လွှတ်တော်ကိုယ်စားလှယ်လောင်း များများ ရွေးကောက်တင်မြှောက်ခံရရေး မျှော်မှန်းကြိုးစားကြရပါမည်။ နိုင်ငံရေးပါတီများသည် ၂၀၂၀ ပြည့်နှစ်ကို ရွေးကောက်ပွဲလုပ်ငန်းများ စီမံဆောင်ရွက်ရင်း ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့်အတူ ဖြတ်ကျော်ရမည်ဖြစ်ကြောင်းပါ။

❖ **လွှတ်တော်မဲဆန္ဒနယ်အများတွင် ဥပဒေနှင့်အညီ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြပါစေ၊**

❖ **အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်နိုင်ကြပါစေ၊**

❖ **လူတော်လူကောင်း လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်နိုင်ကြပါစေ။**

# စားသုံးသူ မိတ်ပြည်သူများအား အသိပေးပန်ကြားခြင်း

စားသုံးသူရေးရာ ဥပဒေ (၂/၂၀၁၉)အရ စားသောက်ကုန်ညွှန်းစာအမှတ်အသားများကို မြန်မာဘာသာဖြင့် ထည့်သွင်းအသုံးပြုရန် ဥပဒေမှ ပြဋ္ဌာန်းထားပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့ ထုတ်လုပ်သည့် အသေးစားအလတ်စား စားသောက်ကုန်များကို မြန်မာဘာသာ ကုန်ညွှန်းအမှတ်အသားများဖြင့် (၁၃-၃-၂၀၂၀) ရက်မှ စတင်၍ ဥပဒေသတ်မှတ်ချက်များနှင့်အညီ ပြောင်းလဲထုတ်လုပ်ရောင်းချနေပါသည်။

အရောင်းကိုယ်စားလှယ် (သို့) စားသုံးသူများအနေဖြင့် မိမိလက်ဝယ်ရှိ ယခင်ထုတ်ပိုးမှု ပုံစံတွင် (၂/၂၀၁၉) ဥပဒေပါ အချက်အလက်များကို "မြန်မာဘာသာဖြင့် မဖော်ပြထားသော" ကုန်ပစ္စည်းများ လက်ကျန်ရှိနေပါက (၃၁-၃-၂၀၂၀) ရက်အထိ နောက်ဆုံးထား၍ အောက်ဖော်ပြပါ လုပ်ငန်းရှင်များမှ လဲလှယ်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် လဲလှယ်လိုပါက သက်ဆိုင်သော နီးစပ်ရာအရောင်းကိုယ်စားလှယ်ဆိုင်များထံတွင် လဲလှယ်နိုင်ပါကြောင်း မိတ်ပြည်သူများအား အသိပေးပန်ကြားအပ်ပါသည်-

| စဉ် | လုပ်ငန်းအမည် | ပိုင်ရှင်အမည် | လိပ်စာ | ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁ | Top (တော့ပ်) နေကြာ | ကိုဇော်ဝင်း | ရပ်ကွက်ကြီး(၆)၊ သိင်္ဂါလမ်း၊ အမှတ်(၁၃၁)၊ ပြင်ဦးလွင်မြို့။ | ၀၉၂၀၀၇၈၁၇ |
| ၂ | စော်ဘွားလေး ဝိုင်နှင့်သစ်သီးယိုစုံ | ကိုဇော်ဝင်း | ရပ်ကွက်ကြီး(၆)၊ သိင်္ဂါလမ်း၊ အမှတ်(၁၃၁)၊ ပြင်ဦးလွင်မြို့။ | ၀၉၂၀၀၇၈၁၇ |
| ၃ | အိုးရှင်း မက်မန်းနှင့်သီးစုံ | ကိုဇော်ဝင်း | ရပ်ကွက်ကြီး(၆)၊ သိင်္ဂါလမ်း၊ အမှတ်(၁၃၁)၊ ပြင်ဦးလွင်မြို့။ | ၀၉၂၀၀၇၈၁၇ |
| ၄ | အပျိုစင် မက်မန်းနှင့်သီးစုံ | ကိုဇော်ဝင်း | ရပ်ကွက်ကြီး(၆)၊ သိင်္ဂါလမ်း၊ အမှတ်(၁၃၁)၊ ပြင်ဦးလွင်မြို့။ | ၀၉၂၀၀၇၈၁၇ |
| ၅ | Aurora(အော်ရိုလာ) မက်မန်း၊ ယိုမျိုးစုံနှင့်ဝိုင်မျိုးစုံ | ဦးအိုက်ဟော် (ခ) ဦးစိုးဝင်း | အမှတ်(၄၆၃)၊ ရပ်ကွက်ကြီး(၉)၊ မန္တလေး-လားရှိုးလမ်း၊ ပြင်ဦးလွင်မြို့။ | ၀၉၂၀၄၄၃၄၉ ၀၉၇၉၃၃၄၄၃၄၈ |
| ၆ | ဇွန်ပွင့် မက်မန်းနှင့်သစ်သီးယိုစုံ | ဒေါ်ရီရီခင် | အမှတ်(၁၀၈)၊ (၃)လမ်း၊ (၇)ရပ်ကွက်၊ ရပ်ကွက်ကြီး(၄)၊ ပြင်ဦးလွင်မြို့။ | ၀၉၂၀၄၄၅၉၅ ၀၉၄၃၀၆၁၉၁၄ |
| ၇ | စိုးစံ မက်မန်းနှင့်သစ်သီးယိုစုံ | ဒေါ်သိင်္ဂီအောင် | အမှတ်(၅၂)၊ လာဘလမ်း၊ မြမာလာရပ်ကွက်၊ ပြင်ဦးလွင်မြို့။ | ၀၉၇၉၄၈၁၄၅၃၃ ၀၉၄၀၂၅၆၄၃၂၃ |
| ၈ | မြမြအေး မက်မန်းနှင့်သစ်သီးယိုစုံ | ဒေါ်မြမြအေး | အမှတ်(၂၁၆)၊ နဝရတ်လမ်း၊ ပဒေသာမြို့သစ်၊ ပြင်ဦးလွင်မြို့။ | ၀၉၂၅၈၅၂၂၁၂၃ ၀၉၄၃၀၁၁၁၄၉ |
| ၉ | ပြင်ဦးလွင် သီးစုံလုပ်ငန်း | ဒေါ်တင်တင်ရွှေ | (၁၅)လမ်း၊ ၈၆-၈၇ ကြား၊ ရွှေလရောင်ဝင်း၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့။ | ၀၉၄၀၆၈၀၁၈၂၉ |
| ၁၀ | စုထူး မက်မန်းနှင့်သီးစုံလုပ်ငန်း | ဒေါ်စန်းစန်းဦး | ရပ်ကွက်ကြီး(၅)၊ အောင်သုခရပ်ကွက်၊ ပြင်ဦးလွင်မြို့။ | ၀၉၂၀၄၄၅၇၅ ၀၉၃၃၃၁၉၁၄၄ |
| ၁၁ | စုပါ မက်မန်းနှင့်သီးစုံလုပ်ငန်း | ဦးမျိုးအောင် | ရပ်ကွက်ကြီး(၁၉)၊ ငါးရံ့ချောင်း၊ ပြင်ဦးလွင်မြို့။ | ၀၉၅၁၈၂၅၀၈ |
| ၁၂ | Sweet Jam | ဦးမျိုးအောင် | ရပ်ကွက်ကြီး(၁၉)၊ ငါးရံ့ချောင်း၊ ပြင်ဦးလွင်မြို့။ | ၀၉၅၁၈၂၅၀၈ |
| ၁၃ | ချိုဝင်း မက်မန်းနှင့်သစ်သီးယိုစုံ | ဦးသိန်းစိုးရွှေ | ရပ်ကွက်ကြီး(၁၉)၊ ငါးရံ့ချောင်း၊ ပြင်ဦးလွင်မြို့။ | ၀၉၇၉၈၇၇၇၅၀၀ |
| ၁၄ | လွှမ်း ရွှေနေကြာ | ဦးသိန်းစိုးရွှေ | ရပ်ကွက်ကြီး(၁၉)၊ ငါးရံ့ချောင်း၊ ပြင်ဦးလွင်မြို့။ | ၀၉၇၉၈၇၇၇၅၀၀ |
| ၁၅ | ပေါ်လွင် သီးစုံလုပ်ငန်း | ဦးကျော်လင်းအောင် | နန်းဦးလွင်ကျေးရွာအုပ်စု၊ ကံကောက်အရှေ့ရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။ | ၀၉၇၇၂၀၁၆၆၈၁ ၀၉၂၀၁၆၆၈၁ |
| ၁၆ | မယ်ဝ သစ်သီးယိုစုံ | ဒေါ်စန်းစန်းအေး | တောမရွာ၊ စဥ့်ကိုင်မြို့နယ်၊ မန္တလေးမြို့။ | ၀၉၇၉၁၁၁၂၄၈ |
| ၁၇ | ပိုးဖုံ မက်မန်းနှင့်သစ်သီးယိုစုံ | ဒေါ်စိုးသီတာဝင်း | အမှတ်(အမ-၈၂)၊ မိုက်စုရပ်၊ အမရပူရ မြို့နယ်။ | ၀၉၂၀၅၈၄၃၂ |
| ၁၈ | တက်လူ ယိုစုံ | ကိုကျော်မျိုးဝင့် | ကားဆိပ်ရပ်၊ ပုလိပ်မြို့၊ မန္တလေးတိုင်းဒေသကြီး။ | ၀၉၂၀၂၂၈၄၇ |
| ၁၉ | ဖိုးဝ သစ်သီးယိုစုံ | ဦးရန်နိုင်မြင့် | (၈၁)လမ်း၊ (၁၂-၁၃) လမ်းကြား၊ မန္တလေးမြို့။ | ၀၉၂၀၀၆၄၂၈ ၀၉၂၀၃၆၁၃၅ |
| ၂၀ | ကျော်ကြား ယိုစုံ | ဒေါ်စောစော | (၁၂)လမ်း၊ (၈၆-၈၇) လမ်းကြား၊ မန္တလေးမြို့။ | ၀၉၇၈၆၈၆၅၃၈၇ ၀၉၂၀၅၆၀၈၄ |
| ၂၁ | ဆန်းမီ သစ်သီးယိုစုံ | ကိုခင်မောင်ဌေး | (၁၁)လမ်း၊ (၈၆-၈၇) လမ်းကြား၊ မန္တလေးမြို့။ | ၀၉၂၀၁၈၃၂၁ |
| ၂၂ | Like သစ်သီးယိုစုံ | ဦးစိုင်းညီညီလွင် | အမှတ်(၄၁၇)၊ အကွက် (၄၅-ဏ)၊ ဒေါနဘွားရပ်၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့။ | ၀၉၂၀၂၁၅၈၃ |
| ၂၃ | ယိုမင်းသမီး သစ်သီးယိုစုံ | မမြင့်မြင့်ကြည် | အမှတ်(၂၇-A)၊ သီရိသစ္စာလမ်း၊ မှန်တန်းတိုးချဲ့(၁)၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။ | ၀၉၅၁၀၂၆၉၀ ၀၉၇၇၅၁၀၂၆၉၀ |

# သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မြိတ်မြို့၊ အေးရိပ်ချောင်လမ်းနှင့် စပါးရွှေဝါလမ်းထောင့်နေ ဦးလှအောင်(ခ)ဦးဝင်းသူ နှင့် ဒေါ်ယုအင်တို့၏ တစ်ဦးတည်း သော သားဖြစ်သူ မောင်စိုးမိုးနောင်၆/မမန(နိုင်)၁၇၀၅၈၆သည်မိဘများ၏ဆိုဆုံးမမှုကိုမနာခံပဲ မိဘများခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များကို ပြုလုပ်၍ ၁၄-၃-၂၀၂၀ရက်တွင် နေအိမ်မှ မိမိသဘောဆန္ဒအလျောက်ဆင်းသွားပါသဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်မည်သည့် ကိစ္စမျိုးလုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေး မည် မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးလှအောင်(ခ)ဦးဝင်းသူ-ဒေါ်ယုအင်

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
ပြင်ဦးလွင်မြို့နယ်တရားရုံး
၂၀၂၀ပြည့်နှစ်၊ တရားမကြီးမှုအမှတ် ၁၉

ဒေါ်ဆွေဆွေအောင် — တရားလို
နှင့်
၁။ ဦးမျိုးတင့်ဆွေ
၂။ ဦးညွန့်ဝင်း — တရားပြိုင်များ

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ RA-III၊ ရိပ်သာလမ်း၊ အိမ်အမှတ် ၁၃၆ (အတူနေလိပ်စာ) (ယခင်နေရပ်လိပ်စာ)နေ ဦးမျိုးတင့်ဆွေနှင့် ဦးညွန့်ဝင်းတို့ သိစေရ မည်။

သင့်အပေါ်၌ တရားလို ဒေါ်ဆွေဆွေအောင်က ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ ဖြစ်စေ ၂၀၂၀ပြည့်နှစ်၊ မတ်လ ၂၆ရက်(၁၃၈၁ခုနှစ်၊ တန်ခူးလဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထု ချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် မတ်လ ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ် ပေးလိုက်သည်။

(အုန်းမြင့်)
မြို့နယ်တရားသူကြီး
ပြင်ဦးလွင်မြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
ပြင်ဦးလွင်မြို့နယ်တရားရုံး
၂၀၂၀ပြည့်နှစ်၊ တရားမကြီးမှုအမှတ် ၁၄

ဦးလှိုင်မျိုးဦး — တရားလို
နှင့်
၁။ ဒေါ်ချစ်မြိုင်
၂။ ဒေါ်ဘီနား — တရားပြိုင်များ

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အမှတ် ၅၃၊ လာဘလမ်း၊ မြမာလာရပ် (ယခင်နေရပ်လိပ်စာ)နေ ဒေါ်ချစ်မြိုင်နှင့် ဒေါ်ဘီနားတို့ သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးလှိုင်မျိုးဦးက ကတိပဋိညာဉ်အတိုင်း အိမ်မြေအကျိုးခံစားခွင့်များ အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၀ပြည့်နှစ်၊ မတ်လ ၃၁ရက် (၁၃၈၁ခုနှစ်၊ တန်ခူးလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင်အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထု ချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် မတ်လ ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အုန်းမြင့်)
မြို့နယ်တရားသူကြီး
ပြင်ဦးလွင်မြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
ပြင်ဦးလွင်မြို့နယ်တရားရုံး
၂၀၂၀ပြည့်နှစ်၊ တရားမကြီးမှုအမှတ် ၁၅

၁။ ဦးစိုးစိုးဦး
၂။ ဒေါ်သိင်္ဂီအောင် — တရားလိုများ
နှင့်
၁။ ဒေါ်ချစ်မြိုင်
၂။ ဒေါ်ဘီနား
၃။ ဦးလှိုင်မျိုးဦး — တရားပြိုင်များ

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အမှတ် ၅၃၊ လာဘလမ်း၊ မြမာလာရပ် (ယခင်နေရပ်လိပ်စာ)နေ ဒေါ်ချစ်မြိုင်နှင့် ဒေါ်ဘီနားတို့ သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးစိုးစိုးဦးနှင့်ဒေါ်သိင်္ဂီအောင်တို့က ကတိပဋိညာဉ်အတိုင်း အိမ်မြေအကျိုးခံစားခွင့်များ အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၀ပြည့်နှစ်၊ မတ်လ ၃၁ရက်(၁၃၈၁ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ်၊ မတ်လ ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အုန်းမြင့်)
မြို့နယ်တရားသူကြီး
ပြင်ဦးလွင်မြို့နယ်တရားရုံး

## ပုလဲမြို့သစ် မြေကွက်ရောင်းမည်

အမှတ် ၃ လမ်း နှင့် ပြည်လမ်းအကြား၊ ဗိုလ်ခြိုလမ်းအနီး၊ အေးသာယာ (၃)လမ်း ထောင့်ကွက်၊ ၆၀ပေ × ၅၀ပေ၊ ပါမစ်မြေ၊ အရှေ့လှည့်။
(၅၂၀)သိန်း ညှိနှိုင်း : 09 -43021002

## ဖခင်အမည်မှန်

သရက်မြို့နယ်၊ ပိဿလိမ်း (အလက) အဌမတန်းမှ မမေဖူးသွယ်၏ ဖခင်အမည်မှန်မှာ ဦးတင့်နိုင်ဝင်း ၈/သရန(နိုင်)၀၈၆၈၁၂ ဖြစ်ပါကြောင်း။

ဦးတင့်နိုင်ဝင်း

## ထပ်မံဖြည့်စွက်ခေါ်ပါရန်

ဦးရဲကြည် ၁၂/ဒဂန(နိုင်) ၀၀၆၀၈၇၏သား အထက(၁)ဒဂုံ Grade(IX) သဇင်ခန်းမှ မောင်သူရိန်ရဲအား ယနေ့မှစ၍ မောင်သူရိန်ရဲ (ခ) မောင်ဟန်မင်းသုတဟု ထပ်မံဖြည့်စွက်ခေါ်ပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၃-၂၀၂၀ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၃၀)အများသိစေရန် ကြေညာခြင်းကြော်ငြာတွင် ၂၉-၁၁-၂၀၁၉ရက်အစား ၂၉-၁၁-၂၀၁၈ ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/3306 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3J/1987၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၃၂/ပေါင်းလောင်း-၂၊ ဦးစိုးမြင့်အမည် ပေါက်မြေကွက်အမှတ်(၄၅၉၃)၊ ဧရိယာ ၀ဒသမ ၀၅၅ကေရှိ ပါမစ်မြေကွက်အား ဦးဝင်းမင်းဆန်း(ဘ)ဦးဝင်းမောင် ၉/၀တန(နိုင်)၁၁၂၈၄၇မှမြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေး မှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စု လူဦးရေစာရင်း(မူရင်း)များတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေး
ကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်တော်ဦးအောင်အောင် ၁၂/ပဘတ (နိုင်) ၀၀၂၂၄၃၊ ဦးလွှမ်းမိုး ၁၂/လမတ(နိုင်) ၀၂၄၇၇၇ တို့ နှစ်ဦးသည် ၂၃-၉-၂၀၁၆ရက်တွင် ဝယ်ယူခဲ့သည့် သန်လျင် Star City အခန်းအမှတ်-A-4, အမှတ် (302)အခန်းအား ၁၆-၃-၂၀၂၀ ရက်တွင် ဦးလွှမ်းမိုးမှ ဦးအောင်အောင်ထံသို့ မေတ္တာဖြင့်အပြီးအပိုင် လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာချုပ်စာတမ်းဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဦးအောင်အောင်
ဖုန်း-၀၉-၂၅၁၉၉၀၀၃၃

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၈၇၀၇, Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးညီညီမင်း ၆/မမန(နိုင်)၁၁၂၀၉၃ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/7761 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

# CB BANK

လေးစားအပ်ပါသော CB Bank ၏မိတ်ဟောင်းမိတ်သစ် Customer များအတွက် CB Bank ၏ (၂၃၃)ခုမြောက် ဘဏ်ခွဲဖြစ်သော မန္တလေး(၂၆-Bလမ်း)ဘဏ်ခွဲ အသစ်ကို ဖွင့်လှစ်၍ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများအားဆောင်ရွက် ပေးနေပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။




## မန္တလေး(၂၆-Bလမ်း)ဘဏ်ခွဲ

အမှတ်(၈၀)၊ (၂၆)လမ်း၊ ပြည်ကြီးကျက်သရေအရှေ့ ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

Tel : (95-2) 4030948, 4030949
Fax : (95-2) 4030946, 4030947
Email : mdy26bstbr@cbbank.com.mm
Contact Center : (95-1) 2317770

---

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6A/5336 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2B-9689 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၃၉၉**

ကမ္ဘာ့ရတနာဘဏ် (အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်) (ယခင်) မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက် (၎င်း၏ကိုယ်စား-လက်ထောက်မန်နေဂျာ ဦးဇော်ဇော်ဦး) **နှင့်** ၁။ ဦးစံဝင်း ၂။ ဒေါ်ရန်ကျင်းလုံ(ခ) ဒေါ်ခင်နှင်းမာ (အတူနေလင်မယား)

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ မဟာဆွေလမ်း၊ အမှတ်(၁၉၆)နေ (၁)ဦးစံဝင်း၊ (၂)ဒေါ်ရန်ကျင်းလုံ(ခ)ဒေါ်ခင်နှင်းမာ (ယခုလိပ်စာမသိသူ) တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုကတရားလိုဘဏ်၌ တရားပြိုင်များက အာမခံ(အပေါင်)အဖြစ် တင်သွင်းထားသော မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ရောင်းချပြီး ရောင်းချငွေမှ တရားလိုဘဏ်ရရန်ရှိသော ဘဏ်ချေးငွေအရင်းအတိုးစုစုပေါင်း၄-၄-၂၀၁၉ရက်ထိ ၆၂၄,၅၃၄,၁၃၅.၅၃ကျပ် (ခြောက်ထောင့်နှစ်ရာလေးဆယ့်ငါးသိန်းသုံးသောင်းလေးထောင့်တစ်ရာသုံးဆယ်ငါးကျပ်နှင့်ငါးဆယ့်သုံးပြားတိတိ)ကို တရားလိုဘဏ်သို့ပေးအပ်စေလိုမှု (အပေါင်ဒီကရီ)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုရှိသည်ဖြစ်၍သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ပြည့်နှစ် ဧပြီ ၉ ရက် (၁၃၈၁ခုနှစ် တန်ခူးလပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက် က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် မတ် ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ကျော်ကျော်)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

### အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ

**(အုပ်ထိန်းသူနှင့်အုပ်ထိန်းခံရသူတို့အက်ဥပဒေပုဒ်မ-၁၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်**
**၂၀၂၀ပြည့်နှစ် တရားမအထွေထွေမှုအမှတ်-၄၁**

**ဒေါ်ခရေနွယ်** **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (၂၃)ရပ်ကွက်၊ သုဝဏ္ဏ၊ စရည်းပင်လမ်း၊ အမှတ် ၂၂၈နေ အရွယ်မရောက်သေးသူ မောင်ဘုန်းမြင့်ရှိန်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃-သုဝဏ္ဏ)၊ စရည်းပင်လမ်း၊ မြေကွက်အမှတ် ၂၂၈၊ မြေဧရိယာ ဝဒသမ၁၁၀ဧကေ၊ နှစ် ၆၀(ဂရန်)မြေကွက်နှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အနက်မှ တစ်ဝက်တိတိကို ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (၂၃)ရပ်ကွက်၊ (သုဝဏ္ဏ)၊ စရည်းပင်လမ်း၊ အမှတ် ၂၂၈ ရပ်နေ ဒေါ်ခရေနွယ်က အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ၏ မိခင်ဖြစ်သည်ဟူ၍ ၎င်းသူ၏ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ်ခန့်အပ်ပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ ထိုသို့လျှောက်ထားခြင်းကို လူအများသိရှိစေရန် အလို့ငှာ ဤကြော်ငြာစာထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၂၀ ပြည့်နှစ် မတ် ၃၁ ရက် (၁၃၈၁ခုနှစ် တန်ခူးလဆန်း ၈ရက်)တွင် ဆိုင်ဆိုရန် ချိန်းဆိုသည်။

၂၀၂၀ပြည့်နှစ် မတ် ၁၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စံမြင့်)**
**ဒုတိယခရိုင်တရားသူကြီး(၁၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

### ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေရန် အကြောင်းကြားစာ

**တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂**
**ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံး**
**၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ် (၁၀)**

ဦးသန်းဝင်းအောင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးအောင်ရဲကျော်) အမှတ် (၅၂)၊ ရေကူးဘူတာရုံလမ်း၊ ၈/ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး။ **နှင့်** ဦးမြင့်လွင့်ပါ (၂)ဦး အမှတ် (၅၅၄/ခ)၊ သိင်္ဂီလမ်း၊ (စ) ရပ်ကွက်၊မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (ယခင်လိပ်စာ-ယခုလိပ်စာမသိ)

**တရားနိုင်** **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ သိင်္ဂီလမ်း၊ အမှတ်(၅၅၄/ခ)နေ တရားရှုံးများ ဦးမြင့်လွင်ပါ (၂) ဦး (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် (၁၁၁)တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးသန်းဝင်းအောင် (၎င်း၏ အခွင့်ရကိုယ်စားလှယ်ဦးအောင်ရဲကျော်)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ်၊ ဧပြီ ၃ ရက်၊ (၁၃၈၁ခုနှစ် တန်ခူးလဆန်း (၁၁)ရက်)၊ မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၀ပြည့်နှစ်၊ မတ် ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန္ဒမျိုး)**
**မြို့နယ်တရားသူကြီး**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

### အမည်ပြောင်း

ဦးမောင်မောင်ကျော်၏သမီး ပန်းတနော်မြို့နယ်၊ ကပိုင်အုပ်စု ကျောင်းစုကျေးရွာနေ မမြတ်မေမွန်ကျော် ၁၄/ပတန(နိုင်)၂၂၃၃၄၈ အား မမြတ်မေမွန်မောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မမြတ်မေမွန်မောင်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးတက္ကသိုလ် ပထမနှစ်နေ့သင်တန်း(ပထဝီမေဂျာ)ဖြင့် အောင်မြင်ထားသော နန်းအေးအေးမြင့် ၁၃/တကန(နိုင်)၃၁၁၅၈၈၏ဖခင် ခွန်တသိန်း(ခ) ဦးစိမ်း ၁၃/တကန(နိုင်)၁၈၆၁၄၀ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

### မိဘအမည်မှန်

တောင်ကြီးမြို့၊ အထက (၉)၊ တတိယတန်း(အောင်)မှ မဇင်မာထွန်း၊ ဒုတိယတန်း(အောင်)မှ မနန္ဒာထွေးတို့၏မိဘအမည်မှန်မှာ ဦးစိုးမင်း ၁၃/ကလန(နိုင်)၀၂၃၇၉၆ နှင့် ဒေါ်အမာချို ၁၃/ကလန(နိုင်)၀၂၃၅၈၅ တို့ဖြစ်ပါကြောင်း။

### ပျောက်ဆုံးကြောင်း

ကျွန်မ နန်းမယုံ ၁၃/ဟပန(နိုင်)၀၆၀၅၂၅ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၆၇၁၆၄၂၉၂**

### အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သုဝဏ္ဏ၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မီးဒုံးလမ်းသွယ် (၃)၊ အမှတ်(၁၃၁/၄)နေ ဦးထွန်းအောင် ၁၂/သဃက(နိုင်)၁၉၀၆၆၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အလယ်ရွာ၊ ထန်းပင်ဆိပ်(၇)၊ အမှတ် ၆၅၂၊ မြေတိုင်းရပ်ကွက်အမှတ် ၄၄/က၊ ၃ဒသမ၈၂ဧကအနက်မှ ဧရိယာ(ပေ၄၀x ပေ၆၀)၊ သန်လျင်ကျောက်တန်း လမ်းမကြီးမေးတင် ဦးမင်းကျော်စိုး၏ မြေကွက်နှင့်ကပ်လျက် အနောက်ဘက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသော ပိုင်ရှင်ဖြစ်သူ ဒေါ်တင်လတ်လတ်သိန်း(ခ)ဂျူးဂျူ ၁၂/တမန (နိုင်)၀၀၅၉၈၅ထံမှ ၄-၃-၂၀၂၀ ရက်က ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းအောင်မှ အပြီးအပိုင် ဝယ်ယူခဲ့ပြီးဖြစ်ကြောင်း သက်ဆိုင်သူများနှင့်အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မို့မို့ဇင်ကို LL.B.,D.B.L,D.I.L,D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၅၇)**
**တိုက်အမှတ် ၉/၁၁၊ အခန်းအမှတ်-၀၀၄(မြေညီထပ်)၊ ၃၆လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၄၅၆၃၀**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 4M/7630 Toyota Fourtuner TGNSIL S/W (4x4) ယာဉ်လက်ဝယ်ရှိသူ Directorate of Hotels & Tourism က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### အသိပေးကြော်ငြာခြင်း

ကျွန်တော်၏ CHEVROLET ORLANDO 6P/1197 MDY မော်တော်ယာဉ်အား (၂၇-၉-၂၀၁၉)ရက်တွင် အပြီးရောင်းချပြီးဖြစ်ပါ၍ အဆိုပါ မော်တော်ယာဉ်နှင့်ပတ်သက်သောကိစ္စများသည် ကျွန်တော်နှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်း။

**ဦးမျိုးဇော်ဝင်း**
**၁၂/အစန(နိုင်)၁၆၂၃၄၅**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/1872 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

### ပျောက်ဆုံးကြောင်း

မအိသက်မွန် (ဘ)ဦးဝင်းကြိုင် ၁၄/သသခ(နိုင်)၀၃၂၂၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၈၀၆၇၂၉၈၃**

# စစ်ကိုင်းတောင်ရိုး မူလရေစက်နှင့်ဆွမ်းလောင်းအသင်းကြီးသို့ ထာဝရရေအလှူတော်ငွေပဒေသာပင် စိုက်ထူလှူဒါန်းတော်မူကြသော အလှူရှင်များစာရင်း

ဆက်သွယ်လှူဒါန်းရန်
ဦးမျိုးမြင့်မောင်(နာယက)ဖုန်း-၀၇၂-၂၁၄၃၂၊ ဦးစိုးမြင့်(ဥက္ကဋ္ဌ)ဖုန်း-၀၉-၇၉၇၁၈၆၆၄၃၊ ဦးကျော်လွင်(ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၇၉၇၁၇၉၁၇၅
စစ်ကိုင်းမြို့၊ မြန်မာ့ရှေ့ဆောင်ဘဏ် ငွေစာရင်းနံပါတ် -0560162056001335068
ယမန်နေ့မှအဆက်

| စဉ် | အလှူရှင်အမည် | လှူဒါန်းငွေ(ကျပ်) |
|---|---|---|
| ၂၂၆။ | ဖခင်ကြီးဦးပယ်-မိခင်ကြီးဒေါ်ညွန့်ကြည်မိသားစု အိမ်မဲမြို့ | ၁၀၀၀၀၀ |
| ၂၂၇။ | ဦးရဲမြင့်-ဒေါ်ခင်ခင်ဦးမိသားစု အိမ်မဲမြို့ | ၁၀၀၀၀၀ |
| ၂၂၈။ | ဒေါ်ရင်မေ(၆၀၀၀၀)၊ ဒေါ်ခင်မာလာ(၆၀၀၀၀)၊ ဒေါ်ဖြူဖြူဇင်(၆၀၀၀၀)၊ ဦးမြင့်သိန်းဇော်(၂၀၀၀၀)၊ အိမ်မဲမြို့ | ၂၀၀၀၀၀ |
| ၂၂၉။ | ဦးသန်းအောင်-ဒေါ်ရီ(သမီး)မအေးအေးသန်း၊ မမူယာသန်း နန္ဒဝန်ရပ်၊ စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၂၃၀။ | ဖခင်ကြီး ဦးမောင်မောင်စန်းအား ရည်စူး၍ ကျန်ရစ်သူမိသားစု ဖျောက်ဆိပ်ကုန်းရပ်၊ အမရပူရမြို့ | ၃၀၀၀၀၀ |
| ၂၃၁။ | မိဘနှစ်ပါးအားရည်စူး၍ (သမီး)ဒေါ်အေးအေး၊ ဦးချစ်ကိုကို-ဒေါ်မြင့်မြင့်သန်း "$M_6$ ဘော်ဒါ" မိသားစု၊ ပိုးတန်းရပ်၊ စစ်ကိုင်းမြို့ | ၂၀၀၀၀၀ |
| ၂၃၂။ | အဖဦးကျော်လှိုင်-အမိဒေါ်တင်ပုတို့အားရည်စူး၍ သမီး-ဒေါ်မိမိလှိုင်၊ သား-မောင်ကျော်ထက်၊ မနွေးနန္ဒာမောင် မိသားစု ပိုးတန်းရပ် စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၂၃၃။ | ဦးတင်သန်း-ဒေါ်ခင်မာဝေမိသားစု၊ အိုးတန်းကလေးရပ်၊ စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၂၃၄။ | မိဘနှစ်ပါးတို့အားရည်စူး၍ ဒေါ်စန်းစန်းရီ(အလပြ-ငြိမ်း)၊ ပိုးတန်းရပ်၊ စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၂၃၅။ | တံတားဦးမြို့နယ်၊ မြေငူရွာ၊ လမ်းတံတားပြုပြင်ထိန်းသိမ်းရေး ရန်ပုံငွေအဖွဲ့ (ပ+ဒု+တ) | ၃၀၀၀၀၀ |
| ၂၃၆။ | ကွယ်လွန်သူ ဒေါ်ခင်ပိုအားရည်စူး၍ ဦးဇော်ဝင်းမိသားစု၊ နန်းဦးမြို့သစ်ရပ် စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၂၃၇။ | ဦးဝိစိတ္တ မြေတူးကျောင်းဆရာတော် စစ်ကိုင်းတောင်ရိုး | ၁၀၀၀၀၀ |
| ၂၃၈။ | ဦးမန်းတင်-ဒေါ်သက်ဦး(ရှိုင်းဟုတ်စတိုး)၊ ဈေးကုန်းရပ်၊ စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၂၃၉။ | ဦးတင်မြင့်-ဒေါ်ရီရီမိသားစု၊ အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ပုသိမ်ကြီးမြို့ | ၂၀၀၀၀၀ |
| ၂၄၀။ | ဦးထွန်းပေါ်-ဒေါ်မိုးကြည်ဝင်း ရန်ကုန်မြို့(ဒုတိယအကြိမ်လှူ) | ၁၀၀၀၀၀ |
| ၂၄၁။ | သဟပုညကာရီ(၂၈ကြိမ်မြောက်)အလှူ | ၁၂၀၀၀၀ |
| ၂၄၂။ | ဦးဝိမလ၊ အရှေ့ကုဋ္ဌာသယဆရာတော်ကြီး စစ်ကိုင်းတောင်ရိုး | ၁၀၀၀၀၀ |
| ၂၄၃။ | ဒေါ်ဆန္ဒဘာဂီ၊ ဒေါ်ဓမ္မေသီနှင့်တပည့်များ သမိဒ္ဓါဒယချောင် | ၁၀၀၀၀၀ |
| ၂၄၄။ | ဦးမောင်ကြီး-ဒေါ်ရင်ရင်မိသားစု ကသာမြို့ | ၁၀၀၀၀၀ |
| ၂၄၅။ | ဦးခင်မောင်ထွန်း-ဒေါ်ခင်ဝင်းကျော်(၆၅)လမ်း၊ ၃၅X၃၆လမ်းကြား၊ တရားရေးရိပ်သာ၊ မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၂၄၆။ | ဒေါ်လှမြင့်၊ ဒေါ်တူးတူး၊ ဒေါ်ယဉ်ယဉ်ထွေးနှင့်(တူ)ဒေါက်တာကျော်သက်နိုင် "ရွှေမြန်မာထောပတ်" မိသားစု၊ မြစ်ငယ်(ဒေါ်တူးတူးမွေးနေ့အလှူ) | ၃၀၀၀၀၀ |
| ၂၄၇။ | ဦးတင်အုန်း-ဒေါ်စိန်စိန်(သမီး)မချိုချိုမြင့်နယ်မြေ(၄)ပိုးတန်းရပ်၊ စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၂၄၈။ | ဦးမင်းလွင်-ဒေါ်ဆင့်ဆင့်တို့၏မြေး၊ ကိုဇော်မျိုးထွန်း၏တူမ၊ ကိုဝင်းထက်ဦး-မခင်ခန့်ခန့်ချောတို့၏သမီးဦးမသဲသဲထက်ဟန်နီ၏မွေးနေ့အလှူ | ၃၀၀၀၀၀ |
| ၂၄၉။ | စစ်ကိုင်းတောင်ရိုး ပထမဂန္ဓာရုံကျောင်း ဦးဩဘာသအားအမှူးထား၍ ခမည်းတော်ဦးအောင်စိန်-ဒေါ်ကြင်လန်းမိသားစု ဇရပ်ကြီးကျေးရွာ တောင်သာမြို့ | ၁၀၀၀၀၀ |
| ၂၅၀။ | အဘ ဦးဘအားရည်စူး၍ မြေးဖြစ်သူ ဦးစိုးမြင့်-ဒေါ်ခင်မြင့်စန်း အင်တာနယ်စက်ပစ္စည်းရောင်းဝယ်ရေး နန်းတော်ရာရပ် စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၂၅၁။ | အမေကြီးဒေါ်ချယ်အား ရည်စူး၍ မြေးဖြစ်သူ ဦးစိုးမြင့်-ဒေါ်ခင်မြင့်စန်း အင်တာနယ်စက်ပစ္စည်းရောင်းဝယ်ရေးနန်းတော်ရာရပ် စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၂၅၂။ | ဦးစိုးမြင့်-ဒေါ်ခင်မြင့်စန်းတို့၏ မြေးများဖြစ်ကြသော မောင်ထူးမြတ်ကျော်၊ မောင်ပြည့်ဖြိုးကျော် နန်းတော်ရာရပ် စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၂၅၃။ | ဦးစိုးမြင့်-ဒေါ်ခင်မြင့်စန်းတို့၏မြေးများဖြစ်ကြသော မောင်မင်းခန့်မောင်နှင့်ညီမလေး မခင်ဇေယျာထိုက် နန်းတော်ရာရပ်စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၂၅၄။ | ဦးသောင်းရံ-ဒေါ်သန်းမြင့် မိသားစု နန်းတော်ရာရပ်စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၂၅၅။ | ဆရာတော်ဦးပညာသာမိအားအမှူးထား၍ ရဟန်းမယ်တော်ကြီး ဒေါ်ခင်ခင်ဝင်းကောင်းမှု သာသနဟိတကာရီကျောင်း စစ်ကိုင်းတောင်ရိုး | ၁၀၀၀၀၀ |
| ၂၅၆။ | ဦးမျိုးမြင့်-ဒေါ်ခင်စောဝေမိသားစု(ဒုတိယအကြိမ်) နန္ဒဝန်ရပ်စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၂၅၇။ | ဦးစိုးမြင့်-ဒေါ်ခင်မြင့်စန်းအင်တာနယ်စက်ပစ္စည်းရောင်းဝယ်ရေး(တတိယအကြိမ်) နန်းတော်ရာရပ်၊ စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၂၅၈။ | နှစ်ဖက်မိဘများအား အမှူးထား၍ ဦးစိုးငွေး-ဒေါ်သန်းသန်းအေး ပြည်တော်သာအုပ်စု ရွာသစ်ကြီး | ၂၀၀၀၀၀ |
| ၂၅၉။ | ခန့်ကြီးကဖေးမိသားစု ရွာလယ်ရပ် ရွာသစ်ကြီး စစ်ကိုင်းမြို့နယ် | ၁၀၀၀၀၀ |
| ၂၆၀။ | ဦးစိန်ဝင်း-ဒေါ်မြဆင်(သား)ကိုအောင်ကျော်သန်း မိသားစု ပုဏ္ဏားစုရပ် စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၂၆၁။ | ချယ်ရီမုန့်ဟင်းခါး နန္ဒဝန်ရပ် စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၂၆၂။ | ဒေါ်ဓမ္မဒိန္နာ(၈၅)နှစ်ပြည့်မွေးနေ့ ခေမေသကချောင်ဆရာကြီး | ၁၀၀၀၀၀ |
| ၂၆၃။ | ဒေါ်ညွန့်ရင်အားရည်စူး၍ ဦးတင်ဆောင်မိသားစု တဝတ-ငြိမ်း၊ နန္ဒဝန်ရပ် စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၂၆၄။ | ဒေါ်ခင်ငွေးမြင့်(MAB ဘဏ်၊ တွတ်ပီကွေ့ငွေလွှဲ)မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၂၆၅။ | ဆရာကြီးဦးညွန့်မောင်-ဒေါ်ခင်ညွန့်တို့အားရည်စူး၍ (သမီး)ဒေါ်ရီရီမြင့် ဆရာမဒေါ်သင်းသင်းအောင် ညီအစ်မတစ်စု ပြည်တော်သာရပ် ကျောက်ပန်းတောင်းမြို့ | ၁၀၀၀၀၀ |
| ၂၆၆။ | ဦးချစ်ဆောင်-ဒေါ်အေးသိန်းတို့အားရည်စူး၍ (သမီး)ဒေါ်ခင်ဝေ၊ (မြေး)မစုစုဝေ၊ မထက်ထက်ဝေ ကိုးတန်းရပ်၊ စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၂၆၇။ | ဦးလှတင်-ဒေါ်မာမာဆွေမိသားစု တောင်ဘော်ဂါရပ်စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၂၆၈။ | ဦးမျိုးလွင်-ဒေါ်ခင်ညို(ပြည့်စုံအောင် အမျိုးသားဘော်ဒါဆောင်)မိသားစုထန်းတောရွာ အမရပူရမြို့ | ၁၀၀၀၀၀ |
| ၂၆၉။ | ဒေါ်စန်းဝေ၊ ဒေါ်ဝင်းကြည် ရန်နင်းရပ်ကွက်၊ လိပ်ဆံခွန်ကျေးရွာ အမရပူရမြို့ | ၁၀၀၀၀၀ |
| ၂၇၀။ | ဒေါ်အေးအေးမိသားစု နန်းတော်ရာရပ် စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၂၇၁။ | ဒေါ်သန်းမြမိသားစု ၂/၂၁(၇)လမ်း၊ မင်္ဂလာရပ်ကွက်၊ ပျဉ်းမနားမြို့(ဒုတိယအကြိမ်) | ၁၀၀၀၀၀ |
| ၂၇၂။ | ဦးမြင့်သန်းအောင်-ဒေါ်မြင့်မြင့်သိန်းမိသားစု ဈေးကုန်းရပ် စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၂၇၃။ | ဦးသန်းလွင်-ဒေါ်ကြည်ကြည်သန်း(မြေး)နိုနိုကို အေးသာယာရပ် မုံရွာမြို့ | ၁၀၀၀၀၀ |
| ၂၇၄။ | ဦးအောင်မျိုး-ဒေါ်ဆွေဇင်ဟန်မိသားစု ခေတ်သစ်မြန်မာကုန်မာဆိုင်ဘိုကလေးမြို့(ဒု-အကြိမ်လှူ) | ၂၀၀၀၀၀ |
| ၂၇၅။ | မိခင်ကြီးဒေါ်တင်လှအားရည်စူး၍ ရက္ခမူလကျောင်းဆရာတော် ဘဒ္ဒန္တသီတလ စစ်ကိုင်းတောင်ရိုး | ၁၀၀၀၀၀ |
| ၂၇၆။ | မိခင်ကြီးဒေါ်မြင့်မြင့်အားရည်စူး၍ (သမီး)ဒေါ်သန်းသန်းအေး(ဌာနမှူး၊ စီမံ၊ ဘဏ္ဍာ)မိသားစု ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် | ၁၀၀၀၀၀ |
| ၂၇၇။ | ဦးအောင်ရွှေနှင့်သမီးမပုံ့ပုံ့အောင်တို့အားရည်စူး၍ ဒေါ်ခင်လေးမြင့်မိသားစု သင်္ဃန်းကျွန်း ရန်ကုန် | ၁၀၀၀၀၀ |
| ၂၇၈။ | ဦးမြင့်ကို(မြေစာရင်း)အားရည်စူး၍ ဒေါ်သန်းသန်းဆွေ(ကျောင်းအုပ်ဆရာမကြီး၊ အထက-၂၊ စစ်ကိုင်း)၊ သား-ဗိုလ်မှူးအောင်ကိုကို-ဒေါ်ငုဝါဇော်၊ သမီး-သဲဆုကိုကိုမိသားစု | ၁၀၀၀၀၀ |
| ၂၇၉။ | ဦးမျိုးသိန်း-ဒေါ်မြမြ(သ/မဦးစီး)၊ ဈေးချိုရပ်၊ တံတားဦးမြို့ | ၁၀၀၀၀၀ |
| ၂၈၀။ | ဖခင်ကြီး ဦးခင်ကြီးအား ရည်စူး၍ ကိုမျိုးသန်းထွန်း-မသီတာအေး(သမီး)ခင်ခင်စု၊ သူသူထွန်း မိသားစု စိမ်းလဲ့ရိပ်သာ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၂၈၁။ | ကိုညီညီမျိုး-မစုသက်ဝင်းမောင်၊ (သား)မောင်အာကာညီညီ၊ မောင်သူရိန်ညီညီ၊ အတုလဝတီအော့ဖ်ဆက်၊ မင်္ဂလာ(၁၅)နှစ်ပြည့်ကောင်းမှု | ၁၀၀၀၀၀ |
| ၂၈၂။ | ဦးဇော်ဝင်း-ဒေါက်တာနှင်းနှင်းစိန်၊ (သမီး)ဒေါက်တာမေနှင်းဇော်(သား)ဒေါက်တာသက်ဇော်ထက်မိသားစု ပိုးတန်းရပ်၊ စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |

## အမည်ပြောင်း

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဦးအောင်ကိုကို၏သား ILBC SII ဖြေဆိုထားသော မောင်ဖိုးသားအား မောင်ဟိန်းထက်ယံဟု ပြောင်းလဲခေါ်ဆိုပါရန်နှင့် မောင်ဖိုးပြည့်စုံအား မောင်မင်းပြည့်စုံဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဟိန်းထက်ယံ
မောင်မင်းပြည့်စုံ

## စမ်းချောင်း၊ တိုက်သစ်

(၇)လွှာ၊ (၈)လွှာ၊
Lift,ပါကေး၊ 1600sqft
ပွဲစားမလို၊
ရုံးချိန်အတွင်း
ဖုန်း-၀၉-၅၂၅၀၄၁၈

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/8288 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ကေမ္မာ
ဦးဘညိန်သား-စတုမဓု အစာအာဟာရဆေး
ရဟာန်းခံ၊ ရှင်ပြု၊ လှူဒါန်းပွဲ အမြဲသုံးကပါ။
အမှတ်-၂၈၊မြောက်ဘက်တန်း(အပေါ်ထပ်)ဗိုလ်ချုပ်ဈေး၊ရန်ကုန်မြို့။ဖုန်း-၀၁-၅၄၉၁၁၆
1010YR003261

## ရက်ပေါင်း (၆၀)ကျော် ကုန်ပစ္စည်းများအား ကုန်ပိုင်ရှင်များ အမြန်ဆုံးထုတ်ယူရန် အသိပေးအကြောင်းကြားခြင်း

၂၀၂၀ ခုနှစ် ဇန်နဝါရီ ၁ ရက် မတိုင်မီ အထိ Air Cargo Terminal (Yangon) သို့ ရောက်ရှိနေသော ကုန်ပစ္စည်းများအား ၃၁-၃-၂၀၂၀ရက်နောက်ဆုံးထားထုတ်ယူရန်နှင့် လာရောက်ထုတ်ယူခြင်း မရှိပါက ရက်(၆၀)ကျော် ကြန့်ကြာ ကုန်ပစ္စည်းများအဖြစ် သတ်မှတ်ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းသွားမည်ဖြစ်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

Air Cargo Terminal (Yangon)
Yangon Aerodrome Co.,Ltd

မာ် SEVEN စံ
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
(ရွှေပေါက်ကံမြို့သစ်)
အိမ်အရောက် ငွေပေးချေသည်။
"ပွဲခလုံးဝမယူပါ"။
09 - 33 333 511
09 - 33 333 514

## လုပ်ငန်းအမှတ်တံဆိပ် အသိပေးကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အမှတ် ၅၁၉၆၊ နေကြာလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်ရှိ(ဘ)ဦးရိုအပ်၏သမီး ဒေါ်ဝါဝါစမ်း ၅/ကလထ(နိုင်)၁၈၂၉၀၉ မှ အောက်ဖော်ပြပါလုပ်ငန်း အမှတ်တံဆိပ်အမည်အမှတ်အသားကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ် ၅၀/၂၀၂၀ဖြင့် ၁၂-၃-၂၀၂၀ရက်တွင် တရားဝင်မှတ်ပုံတင်ထားခြင်းဖြစ်သည့် မူလတီထွင်ဖန်တီးသူ အမှတ်တံဆိပ်မူပိုင်ရှင်ဖြစ်ပါသည်။




မှတ်ပုံတင်စာချုပ်အမှတ် ၅၀/၂၀၂၀
(ရက်စွဲ ၁၂-၃-၂၀၂၀)

အထက်ဖော်ပြပါလုပ်ငန်းအမှတ်တံဆိပ်ဖြင့် စားသောက်ဆိုင်ဖွင့်လှစ်၍ အစားအသောက်နှင့်အချိုရည်အမျိုးမျိုးတို့ကို ရောင်းချလျက်ရှိပြီး နေပြည်တော်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းတွင်လည်း ၎င်းလုပ်ငန်းအမည်နှင့် အမှတ်အသားကို အသုံးပြုဖွင့်လှစ်၍ ရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ အတုဖြစ်စေ၊ ဆင်တူယိုးမှား သံတူကြောင်းကွဲဖြစ်စေ မည်သူမဆို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြုလုပ်သုံးစွဲတုပလက်ဝယ်ထားရှိခြင်းမပြုလုပ်ပါရန်နှင့် အမှတ်တံဆိပ်မူပိုင်ရှင်၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ တုပပြုလုပ်သုံးစွဲခြင်းများတွေ့ရှိပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို မူလတီထွင်ဖန်တီးသူမှ မူပိုင်အဖြစ် သုံးစွဲလျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဝါဝါစမ်း၏လွှဲအပ်ညွှန်ကြားချက်အရ-

| | | | |
|---|---|---|---|
| ဦးစစ်ဦးကို LL.B | ဒေါ်ရီနွယ်မိုးLL.B | ဒေါ်ခင်ဆွေဝင်း LL.B | ဒေါ်မေမီဇင်ယု LL.B |
| (စဉ်-၁၂၉၁၀) | (စဉ်-၁၁၁၄၁) | (စဉ်-၄၇၄၅၇) | (စဉ်-၄၈၁၉၇) |

တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေများ
အမှတ် ၄/၂၂၊ ရွှေချီရပ်ကွက်၊ (၉)လမ်း၊ ပျဉ်းမနားမြို့၊
ဖုန်း-၀၉-၄၂၀၇၁၅၀၉၁

## ကုန်ပစ္စည်းအမှတ်တံဆိပ်များ အသိပေးကြေညာချက်




စစ်ကိုင်းမြို့၊ (ဃ-၁၀)ပါရမီရပ်နေ ဦးရန်ရီဆ၏ စိန်ကြည်ခေါက်ဆွဲစက်ရုံမှ အထက်ပါကုန်အမှတ်တံဆိပ်များကို မိမိတစ်ဦးတည်းမူပိုင်အဖြစ်သို့ သုံးစွဲခွင့်ကို စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်များဖြစ်သော စိန်ကြည်ဂျုံခေါက်ဆွဲ REGD(8/92,222/2019)၊ စိန်ကြည် ကြက်ဥဂျုံခေါက်ဆွဲ REGD(258/2019)၊ ရေနဂါးညီနောင်ဂျုံခေါက်ဆွဲ REGD (6/99,218/2019,221/2019)၊ရွက်လှေ ဂျုံခေါက်ဆွဲ REGD (5/99,219/2019,220/2019)၊ ရှဲ့ရှဲ့ ဂျုံခေါက်ဆွဲ REGD(4/2003,028/2020)၊ ရွှေမောင်းဂျုံခေါက်ဆွဲ REGD(257/2019)၊ ယီးယီးဂျုံခေါက်ဆွဲ REGD(3/03,027/2020)၊ ရွှေလက်ဝါးဂျုံခေါက်ဆွဲ REGD(029/2020)၊ တံဆိပ်များကို မှတ်ပုံတင်ပြီးဖြစ်ပါသည်။

အထက်ပါအမှတ်တံဆိပ်များဖြင့် ခေါက်ဆွဲအထုပ်ကြီး၊ အထုပ်သေးများကို မြန်မာပြည်တစ်ဝန်းဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ ကုန်အမှတ်တံဆိပ်များနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ၁၄ရက်အတွင်း အထောက်အထားများပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ကြေညာသူ
ဦးရန်ရီဆ ၁/မကန(နိုင်)၀၂၃၀၀၉၊
ဖုန်း-၀၉-၂၀၂၆၈၁၄




## ဖခင်အမည်မှန်

ဒီပဲယင်းမြို့နယ်၊ သိမ္ဘာကျေးရွာ အလကမှ မမေဇွန်ထိုက် (Grade-9)နှင့် မောင်ဇင်ရော်မောင်(Grade-3)တို့၏ဖခင် အမည်မှန်မှာ ဦးတင်မင်းထိုက်ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

ရွှေဘိုတက္ကသိုလ်၊ မြန်မာအထူးပြု ဒုတိယနှစ် ၂မ-၁၇၈၈(၁၁၈)ဖြင့် ဖြေဆိုအောင်မြင်ထားသော မအေးမွန်အောင်၏ဖခင် ဦးတင်ထွန်းအောင် ၅/တဆန(နိုင်)၀၅၈၁၇၅နှင့် ဦးဘိုးအောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဝတ်ရည်ဦး

ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။

09-43088052
09-260660405
09-421067330

## အမည်မှန်

လားရှိုးမြို့၊ အထက(ခွဲ)လ(၈)၊ ဆဋ္ဌမတန်းမှ စိုင်းခမ်းခေါင် ၁၃/လခတ (နိုင်)၀၅၂၅၆၈၏ မွေးသက္ကရာဇ် အမှန်မှာ ၁-၁၀-၂၀၀၇ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးအိုက်ဝန်း ၁၃/လခတ(နိုင်) ၀၁၅၃၁၄ဖြစ်ပါသည်။

## ဖခင်အမည်မှန်

အောင်လံမြို့နယ်၊ ပြလို့ အထက အဋ္ဌမတန်း(B)မှ မဖြိုးသီရိကျော်၏ ဖခင် အမည်မှန်မှာ ဦးဝင်းမြင့်ထွန်း ၈/အလန(နိုင်)၁၃၉၈၇၉ ဖြစ်ပါကြောင်း။

ဦးဝင်းမြင့်ထွန်း

## ပျဉ်ပုံကြီးသဲကြမ်းရပြီ
## တံတားဆောက်နေသူများအတွက်
## ပျဉ်ပုံကြီးသဲကြမ်းရပြီ

စုံစမ်းရန်-ဖုန်း-၀၉-၇၇၂၇၄၈၈၈၅၊ ၀၉-၇၇၂၇၄၈၈၈၆၊ ၀၉-၅၁၇၅၁၈၈ သဲပို့ရန်အတွက် တွဲကား၊ Dumpတွဲကားများအကျိုးတူပူးပေါင်း ဆောင်ရွက်လိုပါက ဆက်သွယ်နိုင်ပါသည်။

## ဖခင်အမည်မှန်

မကွေးခရိုင်၊ ချောက်မြို့နယ်၊ ညောင်နီကျင်းကျေးရွာ၊ အထက(ခွဲ)ကျောင်း၊ အဋ္ဌမတန်းမှ မောင်ထင်မင်းလူ၏ ဖခင်အမည်မှန်မှာ ဦးကျော်ထွန်းဦး ၈/ခမန(နိုင်)၁၃၄၃၆၇ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ ဦးထွန်းနိုင် ၇/ပခန(နိုင်)၁၈၈၉၅၄၏ သမီး မသဇင်ဦးအား မခိုင်ဆုဝေဟု ပြောင်းလဲခေါ်ပါရန်။

မခိုင်ဆုဝေ

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2I/2734၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8M/5722 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ် ကြောင်းအများသိစေရန် ကြေညာအပ်ပါ သည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားအား သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်တောင်ရပ်ကွက်၊ ဝေဠုဝန်အိမ်ရာ၊ အခန်း(၁၀)၊ တိုက်(၄)နေ ဒေါ်ဆုမွန်သော် (ဘ)ဦးစိုးငြိမ်း ၁၂/စခန(နိုင်) ၀၆၃၆၉၄သည် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် ၄/၂၈၂၃/၂၀၂၀ဖြင့် ၂၅-၂-၂၀၂၀ရက်တွင် တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

PNA's
Wedding Studio
One Stop Service

အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသား Wedding Studio One Stop Service ဖြင့် မိမိတို့၏ လုပ်ငန်းအမှတ်တံဆိပ်နှင့် စပ်လျဉ်းပတ်သက်သည့် ကိစ္စများအပေါ်တွင် ၎င်းလုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို အရွယ်အစားအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ဖြင့် ပြုလုပ်ပြီး ရန်ကုန်မြို့နှင့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးသို့ ထုတ်လုပ်၊ ဖြန့်ချိ၊ လုပ်ကိုင်လျက်ရှိသည်မှာ ကောင်းသတင်းဖြင့် ကျော်ကြားလျက်ရှိပါသည်။

အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိမူပိုင်အဖြစ် အသုံးပြုလျက်ရှိရာ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှားထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပပြုလုပ်၍ မိမိတို့မှတစ်ပါးအခြား မည်သူတစ်ဦးတစ်ယောက်မျှ တရားမဝင်တုပသုံးစွဲခြင်းမပြုလုပ်ကြပါရန်နှင့် အကယ်၍ တုပပြုလုပ်သုံးစွဲနေသည်များကို တွေ့မြင်ကြားသိရပါက ဥပဒေနှင့်အညီ ထိထိ ရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိမ့်ဇာဦး(စဉ်-၃၄၇၈၂)အထက်တန်းရှေ့နေ**
**အမှတ် ၁၁၈၂၊ သရဖီ(၇)လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

## အထွေထွေကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းခြင်း

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ ကင်မွန်းချောင်းကျေးရွာနေ ဦးထိန်လင်း ၁၀/ကထန(နိုင်)၁၃၈၂၀၀၊ ဦးစိန်တလုံး ၁၀/ကထန(နိုင်)၁၅၆၀၆၂၊ ဦးချစ်ဝင်း ၁၀/ကထန(နိုင်)၀၈၈၀၂၇၊ ဦးမောင်မောင် ၁၀/ကထန(နိုင်)၁၇၅၃၆၇၊ ဦးစံသိန်း ၁၀/ကထန(နိုင်)၀၈၇၅၁၂၊ ဦးအထွန်း ၁၀/ကထန(နိုင်)၁၆၅၅၆၅၊ ဦးမောင်သန်း ၁၀/ကထန(နိုင်)၀၃၃၂၃၃၊ ဦးအေးကြိုင် ၁၀/ကထန(နိုင်)၁၇၅၆၃၁၊ ဦးသိန်းသန်း ၁၀/ကထန(နိုင်)၀၈၇၆၁၅၊ ဒေါ်ပပဟန် ၇/ပခန(နိုင်)၂၉၁၀၁၁ တို့မှ ကြော်ငြာအပ်ပါသည်။

ကျွန်တော်တို့ တောင်သူ/သား(၁၀)ဦးမှ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂၆)ရပ်ကွက်၊ အခန်း(၁၀၂)၊ တိုက်(၁၀)၊ ရွှေနှင်းဆီလမ်း၊ အပိုင်း(၁)၊ တန်ဖိုးနည်းအိမ်ရာနေ ဦးအေးလွင် ၇/သကန(နိုင်)၀၁၁၃၀၁ ထံသို့ ၄-၁၀-၂၀၁၈ရက်နှင့် ၁၀-၁၀-၂၀၁၈ရက်တွင် ကျိုက်ထိုမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် လွှဲအပ်ပေးခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၄/၂၀၁၈)၊ (၁၂၅/ ၂၀၁၈)၊ (၁၂၆/၂၀၁၈)၊ (၁၂၈/၂၀၁၈)၊ (၁၂၉/၂၀၁၈)၊ (၁၂၉/၂၀၁၈)၊ (၁၃၀/၂၀၁၈)၊ (၁၃၁/၂၀၁၈)၊ (၁၃၂/၂၀၁၈)၊ (၁၃၃/၂၀၁၈)၊ (၁၃၅/၂၀၁၈) တို့အား ဤကြော်ငြာစာပါသည့်ရက်မှစ၍ ရုပ်သိမ်းလိုက်ပြီးဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ကျိုက်ထိုမြို့၊ မွန်ပြည်နယ်**
**ကင်မွန်းချောင်းကျေးရွာနေ တောင်သူ/သား(၁၀)ဦး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံး
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၂၂

| | | |
|---|---|---|
| ဒေါ်ချိုချိုထွန်း (၎င်းတို့၏အခွင့်ရကိုယ်စားလှယ် ဦးအောင်ရဲကျော်) | နှင့် | ၁။ ဦးကျင်စိန် |
| | | ၂။ ဒေါ်ထွေးစိန် |
| | | ၃။ ဒေါ်အမြိုင် (အတူနေမောင်နှမများ) အမှတ်(၃၆၀)၊ နွယ်နီ (၆)လမ်း၊ (ဃ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် |
| | | ၄။ ဒေါ်ခင်ညွန့် အမှတ်(၅၂၉)၊သိင်္ဂီလမ်း၊(စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် (ယခင်လိပ်စာ-ယခုလိပ်စာမသိ) |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ နွယ်နီ(၆)လမ်း၊ အမှတ်(၃၆၀)နေ (၁)တရားပြိုင် ဦးကျင်စိန်၊ (၂)တရားပြိုင်ဒေါ်ထွေးစိန်၊ (၃)တရားပြိုင် ဒေါ်အမြိုင်(ယခုနေရပ်လိပ်စာမသိ)၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ သိင်္ဂီလမ်း၊ အမှတ်(၅၂၉)နေ (၄)တရားပြိုင်ဒေါ်ခင်ညွန့် (ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

သင်တို့အပေါ်၌ ဒေါ်ချိုချိုထွန်း(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးအောင်ရဲကျော်)က အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ(သို့မဟုတ်)၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ပြည့်နှစ် ဧပြီ ၆ရက်(၁၃၈၁ခုနှစ် တန်ခူးလဆန်း ၁၄ရက် )မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါ ရေးသားပါရှိသူတရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင်သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့် ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်တို့ကွယ်ရာတွင် ငြင်းချက်များ ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် မတ် ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန္ဒမျိုး)**
**မြို့နယ်တရားသူကြီး**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ- ၂၀)
## ပေါက်မြို့နယ်တရားမရုံး၌
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ်-၁၂

| | | |
|---|---|---|
| မောင်ချစ်မိုးလွင် | နှင့် | မစန်းငွေမော် |
| **တရားလို** | | **တရားပြိုင်** |

မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ တဲတော်ယာကျေးရွာအုပ်စု၊ ပြစ်ထဲကျေးရွာနေ မစန်းငွေမော်(ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ မောင်ချစ်မိုးလွင်က အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် မတ် ၂၅ရက် (၁၃၈၁ ခုနှစ် တန်ခူးလဆန်း ၂ရက်)မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်း ရမည်။

၂၀၂၀ ပြည့်နှစ် မတ် ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထက်ဝေဖြိုးနိုင်)**
**မြို့နယ်တရားသူကြီး**
**ပေါက်မြို့နယ်တရားရုံး**

## ပြင်ဆင်မှုကိုဆိုင်ရန်ချိန်းဆိုသည့်ရက်ကို
## ပြင်ဆင်မှုလျှောက်ထားခံရသူသို့ ကြားသိစေသည့်အကြောင်းကြားစာ
## ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၀ပြည့်နှစ် တရားမပြင်ဆင်မှုအမှတ်-၃

| | | |
|---|---|---|
| ဒေါ်နွဲ့ရီ | နှင့် | ၁။ ဦးစိန်သန်း |
| | | ၂။ ဦးချစ်ထွေး |
| | | ၃။ ဦးထွန်းလှ |
| | | ၄။ ဦးဝင်းထိန် |
| | | ၅။ ဦးအောင်သန်းကြည် |
| **ပြင်ဆင်မှုလျှောက်ထားသူ** | | **ပြင်ဆင်မှုလျှောက်ထားခံရသူများ** |

ဖျာပုံခရိုင်တရားရုံး၊ တရားမအယူခံအမှတ် ၄၆/၂၀၁၉၏ ၂၀၁၉ခုနှစ် အောက်တိုဘာ ၃ရက်စွဲပါစီရင်ချက်နှင့် ဒီကရီကို ပြင်ဆင်မှုတင်သွင်းခြင်း။

အထက်အမည်ပါအမှုမှ လျှောက်ထားခံရသူ (၁)ဦးစိန်သန်း၊ လျှောက်ထားခံရသူ (၄)ဦးဝင်းထိန် ကန့်မလာစုကျေးရွာ၊ ပေမာန်ညီနောင်ကျေးရွာအုပ်စု၊ ဘိုကလေးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

ယခုအမှုတွင်ဖျာပုံခရိုင်တရားရုံးတော်မှ ချမှတ်ထားပေးသည့် စီရင်ချက်နှင့်ဒီကရီကို ဒေါ်နွဲ့ရီမှပြင်ဆင်မှုတင်သွင်းရာဤရုံးတွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ဤပြင်ဆင်မှုကို ၂၀၂၀ပြည့်နှစ် ဧပြီ ၆ရက်(၁၃၈၁ခုနှစ် တန်ခူးလဆန်း ၁၄ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်ကချိန်းဆိုလိုက်သည်။

သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့၏ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင်တို့အတွက် ဆောင်ရွက်ရန်ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ရှိခဲ့လျှင် ၎င်းပြင်ဆင်မှုကိုသင်တို့မရှိသည့်အခါတွင် တစ်ဖက်သတ် ပြုလုပ်၍စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၀ပြည့်နှစ် မတ် ၁၃တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(သိန်းသိန်းငွေ)**
**ဒုတိယညွှန်ကြားရေးမှူး**
**ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6P/6447 Toyota Townace KM70 Pickup (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဥာဏ်လင်းနိုင် ၉/ခမစ(နိုင်)၀၇၃၉၇၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 30W/67609 Honda CBR M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုလတ် ၁၀/ကမရ(နိုင်) ၀၉၈၆၀၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြဝတီ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၂၉ယ/၂၄၂၇၆ M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ရှိန် ၁၀/သဖရ(နိုင်)၀၃၈၀၉၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ကော့ကရိတ်)**

## လင်မယားကွာရှင်းပြတ်စဲကြောင်း အများသိစေရန်ကြေညာခြင်း

ကိုအောင်ဘ(ခ)ဥက္ကာ ၁၂/ဗဟန(နိုင်)၀၉၈၃၇၁ နှင့် မမိုးမိုးမြင့်ဘို ၁၂/ဗဟန(နိုင်)၀၉၆၅၈၅တို့သည် ၂၀၁၀ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းလာခဲ့ရာမှ ကိုအောင်ဘသည် ခွင့်လွှတ်သည်းခံနိုင်ဖွယ်မရှိသော ပြုမူဆောင်ရွက်မှုများနှင့် လင့်ဝတ္တရား မကျေပွန်မှုများကြောင့် ၃-၉-၂၀၁၉ရက်တွင် တာမွေမြို့နယ်တရားရုံး၌နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မမိုးမိုးမြင့်ဘို ၁၂/ဗဟန(နိုင်)၀၉၆၅၈၅၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကျော်ဟန်**
**B.A(Law),LL.B(စဉ်-၂၀၈၆/၈၁)**
**တရားလွှတ်တော်ရှေ့နေ**
**ရုံးအမှတ်-၉/၁၁၊ အခန်း-၃၀၆၊ စတုတ္ထထပ်၊**
**၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၅၀၂၈၂၆၀၄**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8K/5520၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6H/8632 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5P/7423 ၏အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါ သည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4D/8812၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၅)ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အကွက်အမှတ်(၄၃)၊ တံတားကြီးတန်းကွက်၊ ဦးပိုင်အမှတ် (၇၇-ည)၊ ဧရိယာ ၀ဒသမ၀၂၆ ဧကနေ ဦးခင်မောင်အေး၊ ဒေါ်လှလှရွှေ၊ ဒေါ်စန်းငွေ၊ ဒေါ်လှလှထွေးတို့မှ အမည်ပြောင်းမြေငှားဂရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့**

## မီးသတိပြု

# မြန်မာနိုင်ငံ အထည်ချုပ်စက်ရုံများအတွက် အရေးကြီးလိုအပ်နေသည့် ကုန်ကြမ်းပစ္စည်းများ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လေကြောင်း၊ ကုန်းကြောင်းတို့ဖြင့် တင်သွင်း

**နေပြည်တော် မတ် ၁၇**

COVID – 19 ရောဂါ ဂယက်ရိုက်ခတ်မှုကြောင့် မြန်မာနိုင်ငံရှိ အထည်ချုပ်စက်ရုံများ ကုန်ကြမ်းပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး စီးပွားရေးဌာန၊ China Enterprise Chamber of Commerce in Myanmar (CECCM )တို့ ပူးပေါင်းစီစဉ်မှုဖြင့် အထည်ချုပ်စက်ရုံများအတွက် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းနှင့် လေကြောင်းလိုင်းများမှ တင်ပို့လျက်ရှိရာ မူဆယ်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ CMP ကုန်ကြမ်း မော်တော်ယာဉ်အစီး ၅၀ခန့် နေ့စဉ်တင်သွင်းလျက်ရှိပြီး ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့မှ AQ – 1359 Cargo ကုန်တင် လေယာဉ်ဖြင့် သယ်ဆောင်လာသည့် ကုန်ကြမ်းပစ္စည်းများမှာ ယနေ့ည ၁၀ နာရီခွဲတွင် ဆိုက်ရောက်ခဲ့ကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက အဆိုပါ ကုန်ကြမ်းပစ္စည်းများမှာ အထည်ချုပ် စက်ရုံ ၁၁ ရုံအတွက် အရေးပေါ်လိုအပ်လျက်ရှိသော ကုန်ကြမ်းပစ္စည်းများဖြစ်ကြောင်း ပြောကြားသည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ✻



မြန်မာနိုင်ငံရှိ အထည်ချုပ်စက်ရုံများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့မှ AQ – 1359 Cargo ကုန်တင်လေယာဉ်ဖြင့် သယ်ဆောင်လာသည့် ကုန်ကြမ်းပစ္စည်းများ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်။

## MNL ယူ-၂၁ ပြိုင်ပွဲတွင် ဇွဲကပင်၊ Chinland နှင့် အား/ကာသိပ္ပံအသင်း ဂိုးပြတ်အနိုင်ရ

**ရန်ကုန် မတ် ၁၇**

၂၀၂၀ ရာသီ MNL ယူ–၂၁ အမှတ်ပေး ပြိုင်ပွဲ ပွဲစဉ် (၁၀) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ဇွဲကပင်၊ Chinland နှင့် အား/ကာသိပ္ပံအသင်းတို့ ဂိုးပြတ် အနိုင်ရရှိခဲ့သည်။

ဒုတိယနေ့တွင် Chinland အသင်းက ငွေကြယ်ပွင့်အသင်းကို ငါးဂိုး–ဂိုးမရှိ၊ ဇွဲကပင်အသင်းက မောရဝတီအသင်းကို ငါးဂိုး–ဂိုးမရှိ၊ အား/ကာသိပ္ပံအသင်းက Southern အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယခုရာသီတွင် ရလဒ်ကောင်းများရနေသည့် Chinland အသင်းသည် ငွေကြယ်ပွင့်အသင်းကို ဂိုးပြတ်အနိုင်ယူကာ နိုင်ပွဲဆက်ခဲ့ပြီး အဆင့် ၆ နေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ Chinland အသင်းသည် ပထမပိုင်းတွင် နှစ်ဂိုးသာ သွင်းယူနိုင်သော်လည်း ဒုတိယပိုင်းတွင် သုံးဂိုး ထပ်မံသွင်းယူကာ

*စာမျက်နှာ ၁၂ ကော်လံ ၅* ❍



Chinland အသင်းနှင့် ငွေကြယ်ပွင့်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ–MNL

**COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

စာ ၈

## ထူးခြားသည့် နေ့အပူချိန်များ

**၁၇-၃-၂၀၂၀**

| | | |
|---|---|---|
| ချောက်မြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| မကွေးမြို့ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| အောင်လံမြို့ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| ဘော်လခဲမြို့ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| မုံရွာမြို့ | ၄၁ | ဒီဂရီစင်တီဂရိတ် |
| ကြေးမုံမြို့ | ၄၁ | ဒီဂရီစင်တီဂရိတ် |
| မင်းဘူးမြို့ | ၄၁ | ဒီဂရီစင်တီဂရိတ် |
| တောင်တွင်းကြီးမြို့ | ၄၁ | ဒီဂရီစင်တီဂရိတ် |
| ဆင်ဖြူကျွန်းမြို့ | ၄၁ | ဒီဂရီစင်တီဂရိတ် |
| ပြည်မြို့ | ၄၁ | ဒီဂရီစင်တီဂရိတ် |
| တောင်ငူမြို့ | ၄၁ | ဒီဂရီစင်တီဂရိတ် |
| ဟသ်ာတမြို့ | ၄၁ | ဒီဂရီစင်တီဂရိတ် |



(၄၆)ကြိမ်မြောက် အမျိုးသားတံခွန်စိုက်စစ်တုရင် ချန်ပီယံရှစ်ပြိုင်ပွဲ ကျင်းပစဉ်။

## ကိုရိုနာဗိုင်းရပ်စ် (COVID-19) ရောဂါကြိုတင်ကာကွယ်မှုအဖြစ် ပြည်တွင်းပြည်ပစစ်တုရင်ပြိုင်ပွဲ ရွှေ့ဆိုင်း

**ရန်ကုန် မတ် ၁၇**

ကိုရိုနာဗိုင်းရပ်စ် (COVID–19) ရောဂါ ကြိုတင်ကာကွယ်မှုအဖြစ် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်သည် ပြည်တွင်းပြည်ပ စစ်တုရင်ပြိုင်ပွဲများ ရွှေ့ဆိုင်းထားကြောင်း မတ် ၁၆ ရက်က စင်ထရယ်ဟိုတယ်၌ ကျင်းပသည့် (၄၆)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် စစ်တုရင် ချန်ပီယံရှစ်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ပြောသည်။

“ကျွန်တော်တို့ ဒီနှစ်မှာ ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲရှိတယ်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပြိုင်ပွဲတွေ ပိတ်ရင်လည်း ပိတ်မယ်။ ရက်တွေ ရွှေ့မယ့်အနေအထား ရှိပါတယ်။ နှစ်စဉ် ယှဉ်ပြိုင်နေကျဖြစ်တဲ့ အာဆီယံ သက်တမ်းအလိုက် ပြိုင်ပွဲဆိုရင် ဇွန်လမှာ ကျင်းပနေကျ၊ ယခုဆိုရင် ဗီယက်နမ်မှာ နိုဝင်ဘာလအထိ ရွှေ့ဆိုင်းထားပါတယ်။ အဲဒီအချိန်အထိ စိတ်မချရဘူးဆိုရင် ထပ်မံရွှေ့ဆိုင်းဖို့ ရှိတယ်လို့ သိရပါတယ်။ အဖွဲ့ချုပ်အနေနဲ့ နောက်ထပ်ကျင်းပဖို့ ပြိုင်ပွဲတွေ ဆိုင်းငံ့ထားဖို့ရှိသလို ဒေသအလိုက် ပြိုင်ပွဲတွေလည်း ဆိုင်းငံ့ဖို့ ရှိပါတယ်။ ဗီယက်နမ်မှာ မတ်လလောက် ကျင်းပမယ့် HD စစ်တုရင်ချန်ပီယံပြိုင်ပွဲဆိုရင် ရက်အကန့်အသတ်မရှိ နောက်ဆုတ်ထားတယ်လို့ ကြေညာထားပါတယ်။ ဧပြီလမှာ ကျင်းပမယ့် ထိုင်းအိုးပင်း စစ်တုရင်ပြိုင်ပွဲဆိုရင် ဇွန်လထဲ နောက်ဆုတ်ထားပါတယ်။ ဒါတွေက ကစားသမားပေါ်မှာ ကစားမယ့်အနေအထားမှာ တစ်ဦးချင်း နီးနီးနားနား

*စာမျက်နှာ ၁၂ ကော်လံ ၆* ●

မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်

၂၀၂၀ ပြည့်နှစ်၊ မတ် ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့

# မီးသတ်တပ်ဖွဲ့များ၏ စွမ်းရည်နှင့် မြို့ရန်ကုန် မီးဘေးအန္တရာယ်ကာကွယ်ရေး




ဓာတ်ပုံ - ကိုကြီးတင်



တင်ဝင်းလေး (ကြည့်မြင်တိုင်)

**နွေဦးပေါက်ရုံသာရှိသေးသည်။ ရန်ကုန်မြို့တွင် နေ့စဉ်မဟုတ်သည့်တိုင် မီးသတ်ကားများ အပြေးအလွှားသွားနေကြသည်ကို ရက်ခြားကြားနေရသည်။**

ယခုနှစ်စပိုင်း၌ လသာမြို့နယ် လမ်းမတော်သံဈေး၊ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းမှ စားသောက်ဆိုင်၊ သဃ်န်းကျွန်းမြို့နယ် (ခ) ရပ်ကွက်မှ လူနေအိမ်များ မီးလောင်ဆုံးရှုံးမှုမှာ ကြီးမားသကဲ့သို့၊ အမှိုက်ပုံမီး၊ ကိုင်းတောမီး၊ မြက်ခြောက်မီးတို့မှာလည်း အနီးဝန်းကျင်နေပြည်သူအများအထိတ်တလန့်ဖြစ်စေခဲ့သော အဂ္ဂိတောဝါများပင်ဖြစ်သည်။

မီးငြိမ်းသတ်ရာတွင်လည်း ယခင်ကာလများကကဲ့သို့ မဟုတ်တော့ပေ။ ခေတ်မီ မီးငြိမ်းသတ်ရေးယာဉ်ကြီးများ၊ ကယ်ဆယ်ရေးယာဉ်ကြီးများနှင့်အတူ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အားကောင်းစွာဖြင့် နိုင်နင်းစွာ အမြန်ဆုံးငြိမ်းသတ်ပေးနိုင်မှုကိုလည်း ပြည်သူများ အသိအမြင်ပင်ဖြစ်သည်။

သည့်အပြင် မီးလောင်မှုသတင်း၊ မီးလောင်မှု အခြေအနေ၊ ဆောင်ရွက်နေမှုများကို မရမ်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ် (Command and Control Center ) မှလည်း အချိန်နှင့်တစ်ပြေးညီ သိရှိမြင်တွေ့နိုင်ပြီး လိုအပ်သော ညွှန်ကြားမှုမှာ အမြဲမပြတ်ရှိနေသည်။

ထို့အပြင် မီးလောင်နေစဉ် လက်ရှိမြေပြင် အနေအထားကို ပြည်သူများ မျက်မြင်တွေ့ရှိ ကြားသိနိုင်ရန်အတွက် မီးသတ်တပ်ဖွဲ့ဌာနချုပ် သတင်းပြန်ကြားရေးအဖွဲ့က တိုက်ရိုက်လွှင့်ထုတ်ပေးမှုကလည်း ပြည်သူအများအတွက် စိုးရိမ်ပူပန်မှုမှ လျော့နည်းစေခဲ့သည်။ ဤသည်က အမှန်ဖြစ်စဉ်နှင့် ပြည်သူများအကြား မဟုတ်မမှန်လုပ်ကြံသတင်းတို့မှ ကင်းဝေးခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။

ဖေဖော်ဝါရီ ၂၀ ရက် နံနက်က လမ်းမတော် သံဈေးမီးလောင်မှုဆိုပါလျှင် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်သည် ရန်ကုန်မြို့တွင်မရှိသော်လည်း နေပြည်တော်မှနေ၍ 3.G. Network Radio System စကားပြောစနစ်ဖြင့် မီးလောင်ပြင်သို့ တိုက်ရိုက်ကွပ်ကဲလျက် ညွှန်ကြားမှုများပေးနိုင်ခဲ့သည်ဟု သိရသည်။

ရန်ကုန်မြို့တွင် ထိုကဲ့သို့သော မီးလောင်မှု၊ မီးငြိမ်းသတ်ပေးနေမှု၊ ရှာဖွေကယ်ဆယ်မှုများနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှူးရုံးမှ မီးသတ်ဦးစီးမှူး ဦးမျိုးဝင်း (ညွှန်ကြားရေးမှူး) နှင့် တွေ့ဆုံမေးမြန်းမှုများ ပြုခဲ့ရသည်။

ညွှန်ကြားရေးမှူး ဦးမျိုးဝင်းက "ပြီးခဲ့တဲ့ နှစ်နဲ့ ယခုနှစ် နှစ်ဦးပိုင်းလတူ နှစ်လကို ယှဉ်ပြောရမယ်ဆိုရင်တော့ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှာ မီးလောင်မှု ၂၄ ကြိမ်ဖြစ်ခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးက ငွေကျပ် ၄၈၄ သိန်းကျော်ခဲ့ပါတယ်။ သေဆုံးသူ သုံးဦးရှိခဲ့ပြီး ဒဏ်ရာရရှိသူက ခြောက်ဦးပါ၊ ဒုက္ခသည် ၈၃ ဦးနဲ့ မီးလောင်ဆုံးရှုံးခဲ့ရတဲ့ အိမ်က ၃၅ လုံး၊ ဂိုဒေါင် က တစ်လုံးပါပဲ။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလမှာတော့ မီးလောင်မှုအကြိမ်က ၃၂ ကြိမ်ပါ။ မီးလောင်မှုအကြိမ် ပိုများခဲ့သလို ဆုံးရှုံးမှုတန်ဖိုးကလည်း ပိုခဲ့ပါတယ်၊ ငွေကျပ် ၁၆၈ သိန်းကျော်ပါ၊ သေဆုံးသူ ခြောက်ဦးအထိတောင်ရှိခဲ့ပြီး ဒဏ်ရာရသူက ၁၁ ယောက်ပါ၊ ဒုက္ခသည်က ခြောက်ဦးနဲ့ အိမ်ခြေက ၁၆ လုံးပါ၊ အဓိက ဂိုဒေါင်တစ်လုံးနဲ့ စက်ရုံတစ်ရုံမှ ဆုံးရှုံးမှုတန်ဖိုးက ပိုခဲ့တာပါ" ဟု ရှင်းပြပေးခဲ့သည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် မီးလောင်မှုအကြိမ်အားဖြင့် ၂၀ ရှိပြီး ဆုံးရှုံးမှုတန်ဖိုး ကျပ် ၁၄၆ သိန်းနှင့် သေဆုံးသူ တစ်ဦးသာ ရှိခဲ့သည်ဟုသိရပြီး ဒဏ်ရာရရှိခဲ့သူ နှစ်ဦးနှင့် ဒုက္ခသည် ၁၄၂ ဦးဟုဆိုသည်။ အိမ်ခြေအားဖြင့် ၃၄ လုံး၊ စက်ရုံ နှစ်ရုံ မီးဘေးသင့်ခဲ့သည်ဟုဆိုသည်။

ညွှန်ကြားရေးမှူး ဦးမျိုးဝင်းကပင် "၂၀၂၀ ဖေဖော်ဝါရီလကို ကြည့်မယ်ဆိုရင် မီးလောင်မှု အကြိမ်က ပြီးခဲ့တဲ့နှစ်က လတူထက် သုံးကြိမ်ပိုခဲ့ပါတယ်။ ဆုံးရှုံးမှု တန်ဖိုးကျပြန်တော့ ငွေကျပ် ၁၄၂၃ သိန်းအထိ ဖြစ်ခဲ့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ ဂိုဒေါင်လေးလုံးအပြင် အိမ်ခြေ ၁၁၉ လုံး လောင်ခဲ့ရလို့ပါပဲ။ သေဆုံးသူ အရေအတွက်ရော၊ ထိခိုက်ဒဏ်ရာရသူပါ လျော့နည်းခဲ့ပါတယ်။ သေဆုံးသူ သုံးဦးနဲ့ ဒဏ်ရာရသူ နှစ်ဦးပဲဖြစ်ပါတယ်။ မီးလောင် ဆုံးရှုံးမှု အိမ်ခြေများတဲ့အတွက် ဒုက္ခသည် ၁၄၅ ဦးအထိ ဖြစ်ခဲ့ပါတယ်။ အဲဒါတွေက ၂၀၁၉ ခုနှစ်နဲ့ ၂၀၂၀ ပြည့်နှစ် နှစ်ဦးနှစ်လကို နှိုင်းယှဉ်ပြောခဲ့တာပါ" ဟု ရှင်းပြခဲ့သည်။

ရန်ကုန်မြို့တွင် မီးငြိမ်းသတ်ရေးအတွက် "မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်းသတ်" ဟူသော ဆောင်ပုဒ်နှင့်အညီ အုပ်ချုပ်ရေးပိုင်းတွင် ခရိုင်လေးခုခွဲထားပြီး မြို့နယ်မီးသတ်စခန်း ၃၆ ၊ နယ်မြေမီးသတ်စခန်း ၂၃ ၊ အရန်မီးသတ်စခန်း ကိုးစခန်းဖြင့် ဖွဲ့စည်းငြိမ်းသတ်ပေးလျက်ရှိနေသည်။

ထို့အပြင် မီးငြိမ်းသတ်ရေးယာဉ် ၁၄၆ စီး၊ ရေသယ်ယာဉ် ၅၇ စီး၊ မီးသတ်စက်ယာဉ် ၂၄ စီး၊ အထောက်အကူပြုယာဉ် ၄၉ စီး၊ အပေါ့စား စက် ၄၄၆ လုံးနှင့်အတူ အချိန်နှင့်တစ်ပြေးညီ ထွက်ခွာညွှန်ကြားဆောင်ရွက်နိုင်ရန်အတွက် အုပ်ချုပ်မှုယာဉ် ၁၄ စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့အင်အား ၁၃၈၀ ကျော်၊ အရန်မီးသတ်တပ်ဖွဲ့ဝင် နှစ်သောင်းကျော်တို့က လူအသင့်၊ ယာဉ် စက်အသင့်၊ ဆီအသင့်၊ ရေအသင့်ဖြင့် ၂၄ နာရီ မပြတ်ရှိနေသည်။

မီးငြိမ်းသတ်ရာတွင် မီးသတ်တပ်ဖွဲ့မှ သုံးနှုန်းသော စကားရပ်ဖြစ်သည့် Level ဆိုသော စကားရပ်မှာ အင်္ဂလိပ်ဝေါဟာရအရ အဆင့်ဟူ၍ သိရှိထားကြသော်လည်း မီးသတ်တပ်ဖွဲ့အနေဖြင့် ယာဉ်အုပ်စုကို ညွှန်းဆိုခြင်းဟု ဆိုချင်ပါသည်။ ဥပမာ Level (1) ဆိုသည်မှာ မီးငြိမ်းသတ်ရေးယာဉ်နှင့် ရေသယ်ယာဉ် ၁၀ စီးကို ဆိုခြင်းဖြစ်ပါသည်။

Level (1) ဖြင့် မနိုင်နိုင်ပါက Level (2) အဆင့် နောက်ထပ် ၁၅ စီးကို ထပ်မံစေလွှတ်ခြင်းဖြစ်ပါသည်။ ထိုထက်ပိုလာပါက Level (3) အဆင့်အဖြစ် ၂၅ စီး ထပ်မံစေလွှတ်ခြင်းပင် ဖြစ်ပါသည်။

**အချပ်ပို (ခ) သို့**

# စဉ်ဆက်မပြတ် ရေရှည်တည်တံ့အောင် ကြိုးပမ်းသွားရမည့် YBS ခရီးလမ်း

........... ရှင်နော်၊ ဓာတ်ပုံ – ထိန်လင်း ...........

တစ်နေ့တခြား များပြားလာသော လူဦးရေနှင့် သွားရောက်လိုသော ခရီးလမ်းကြောင်းပေါ်မူတည်ကာ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့အနေဖြင့် ပြည်သူလူထုလိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း သွားလာနေကြသော လူဦးရေ၏ ၈၀ ရာခိုင်နှုန်းခန့်သည် ခရီးသည်တင်ယာဉ်လိုင်းများကိုသာ မှီခိုအားထား သွားလာနေကြသည်။

### အလေးထားဆောင်ရွက်

မြို့တော်ရန်ကုန်တွင် ယာဉ်လိုင်းနံပါတ်ဖြင့် ပြေးဆွဲနေသည့်ယာဉ်လိုင်းပေါင်း ၁၀၂ လိုင်းရှိပြီး ပြေးဆွဲလမ်းကြောင်းပေါင်း ၁၀၀ ကျော်ရှိကာ ယာဉ်အစီးရေပေါင်း ၄၄၀၀ ကျော်ဖြင့် ခရီးသွားပြည်သူ ၁ ဒသမ ၉ သန်းခန့်ကို နေ့စဉ်ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့အနေဖြင့် ရန်ကုန်ဘတ်စ်ကားဝန်ဆောင်မှုစနစ် ဖွံ့ဖြိုးတိုးတက်ရေးကို ရေရှည်တည်တံ့သော သယ်ယူပို့ဆောင်ရေးစနစ်တစ်ရပ်ဖြစ်ရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

### ရေရှည်တည်တံ့အောင် ကြိုးပမ်း

ရန်ကုန်ဘတ်စ်ကားဝန်ဆောင်မှုစနစ်ကို ၂၀၁၇ ခုနှစ်မှ စတင်ပြောင်းလဲပြီး သုံးနှစ်ကျော်ကာလအတွင်း ပြည်သူလူထု၏ လိုအပ်ချက်ကို ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုပေးနိုင်သည့် သယ်ယူပို့ဆောင်မှုဖြစ်အောင် ကြိုးစားခဲ့သည်။ ပြည့်စုံသော အနေအထားမျိုး ရောက်အောင် ကြိုးစားဆဲဖြစ်သော်လည်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပြောင်းလဲကျင့်သုံးရသည့် စနစ်တစ်ရပ်ဖြစ်သည့်အတွက် ပြီးပြည့်စုံမှုသည် အနည်းငယ် အခက်အခဲရှိနိုင်မည်ဖြစ်သည်။ သို့သော် စဉ်ဆက်မပြတ် ရေရှည်တည်တံ့အောင် ကြိုးပမ်းသွားရန် လိုအပ်မည်ဖြစ်သည်။

ယခင်က ရန်ကုန်တိုင်းဒေသကြီးအတွင်း YBS ယာဉ်လိုင်းပေါင်း ၁၀၁ လိုင်းပြေးဆွဲလျက်ရှိရာမှ မတ်လ ၁၁ ရက်မှစ၍ YBS ယာဉ်လိုင်းသစ်တစ်ခုဖြစ်သော YBS – ၁၀၂ ယာဉ်လိုင်းသည် ဒဂုံမြို့သစ်မြို့နယ်ဖြစ်သော ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်နှင့် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်တို့အား ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

ယုဇနဥယျာဉ်မြို့တော်နှင့် ဒဂုံတက္ကသိုလ်ကို ချိတ်ဆက်ပြေးဆွဲသည့် အဆိုပါ ၁၀၂ ယာဉ်လိုင်းသည် ခရီးစဉ်လမ်းကြောင်းအနေဖြင့် ယုဇနဥယျာဉ်မြို့တော်–ပဲခူးမြစ်လမ်း – သိမ်ကျောင်းလမ်းဆုံ–ရောဝဏ်လမ်း – မင်းရဲကောင်းပုံလမ်း – ကျန်စစ်သားလမ်း–လှော်ကားလမ်း–မောင်းမကန်လမ်း–စည်ပင်လမ်း – ပြည်ထောင်စုလမ်း – တောင်မြောက်လမ်းဆုံ–စံပြဈေး–ဘောလီ–နာရီစင်–ဦးဝိစာရလမ်း–တပင်ရွှေထီးလမ်း–(၁၂)ဂိတ်–ဘုန်းကြီးကျောင်းကွေ့–မင်းရဲကျော်စွာလမ်း–ဒဂုံတက္ကသိုလ်သို့ မှတ်တိုင်ပေါင်း ၆၀ ဖြင့် ပြေးဆွဲပေးနေခြင်းဖြစ်ပြီး ယာဉ်စီးခမှာ ငွေကျပ် ၂၀၀ ဖြစ်ကြောင်း သိရသည်။

### ၁၅ စီးခန့်ဖြင့် စတင်ပြေးဆွဲ

အဆိုပါ ယာဉ်လိုင်းအား Golden Yangon City Transportation Public Co.,Ltd. က City Bus အမျိုးအစား ဟွန်ဒိုင်းနှင့် ဒေဝူးယာဉ်များဖြင့် ပြေးဆွဲပေးခြင်းဖြစ်ပြီး ယာဉ်အစီးရေ ၁၅ စီးခန့်ဖြင့် စတင်ပြေးဆွဲခြင်းဖြစ်ကာ မကြာမီကာလတွင် ယာဉ်အစီးရေ ၃၅ စီးဖြင့် ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်ကျောင်းသား ကျောင်းသူများအနေဖြင့် မတ်လအတွင်း ကျင်းပမည့် စာမေးပွဲကာလအတွင်း သွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA) အနေဖြင့် စီမံချက်များ ချမှတ်ထားပြီးဖြစ်ကြောင်း သိရသည်။



အင်းစိန်လမ်းတစ်လျှောက်ပြေးဆွဲနေသော YBS ယာဉ်များကို တွေ့ရစဉ်။

"တက္ကသိုလ်များ စာမေးပွဲကာလအတွက် အခုကျွန်တော်တို့ ယာဉ်လိုင်းတွေကို ခေါ်ယူတွေ့ဆုံမှာကြားပြီး ဖြစ်ပါတယ်။ တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုကတည်းက ယာဉ်လိုင်းတွေဟာ သတ်မှတ်ထားတဲ့နေရာတွေမှာ စောင့်ကြည့်ခြင်း၊ ယာဉ်ကြောကျပ်တည်းမှုကို ဖြေရှင်းခြင်း၊ မိမိတို့ယာဉ်များ သွားလာမှုပုံမှန်ရှိနေဖို့အတွက် ကြပ်မတ်ရေးကို ညွှန်ကြားပြီးဖြစ်ပါတယ်" ဟု YRTA ရုံးအစည်းအဝေးခန်းမ၌ မတ် ၁၁ ရက်က ကျင်းပသော သတင်းမီဒီယာ တွေ့ဆုံပွဲတွင် YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

### ဂိတ်စမှဂိတ်ဆုံးသို့ ပြန်လည်ပြေးဆွဲ

YBS ယာဉ်အများစုသည် တက္ကသိုလ်များကို အခြေပြုကာ ဂိတ်ရင်းများထားရှိခဲ့သော်လည်း တက္ကသိုလ်များ စာမေးပွဲကာလတွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးအတွက် ဂိတ်စမှ ဂိတ်ဆုံးသို့ ပြန်လည်ပြေးဆွဲသောစနစ်များကို အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ တက္ကသိုလ်များတွင် စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများသည် သန်လျင်တံတားကို ဖြတ်သန်းသွားလာရမည်ဖြစ်ပြီး တံတားပေါ်တွင် ယာဉ်ကြောပိတ်ဆို့ခြင်း၊ ယာဉ်ပျက်ခြင်းများအတွက် YRTA အနေဖြင့် စီမံချက်များ ချမှတ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။ ယင်းကိစ္စရပ်များအတွက် ဆယ်တင်ယာဉ်များထားရှိမည့်အပြင် သန်လျက်ဘက်အခြမ်းတွင် အရန်သယ်ယူပို့ဆောင်ရေးယာဉ်များကိုပါ ထားရှိမည်ဖြစ်ကြောင်း သိရသည်။

### ကြိုတင်ငွေဖြည့် ကတ်စနစ်

ယခုအခါ YBS ယာဉ်ကြီးအများစုတွင် မှတ်တိုင်အသိပေးစနစ်များအတွက် ရုပ်မြင်သံကြားစက်များ တပ်ဆင်ထားသည်ကို တွေ့ရသည်။ ထို့အတူ ယာဉ်စီးခငွေပေးချေကတ်များအတွက် စက်များတပ်ဆင်နေသည်ကိုလည်း တွေ့နေရသည်။ ကြိုတင်ငွေဖြည့်ကတ်စနစ်ဖြင့် ယာဉ်စီးခပေးချေရန် စက်များကို စမ်းသပ်နေဆဲကာလဖြစ်သည်။ ထို့ကြောင့် ယာဉ်စီးခကောက်ခံရန် စက်များစမ်းသပ်ဆဲကာလတွင် ပြည်သူများဗဟုသုတရရှိစေရန်အတွက် ကတ်တွင် ကြိုတင်ငွေဖြည့်ခြင်း၊ ငွေပေးချေရာတွင် စက်အားအသုံးပြုခြင်းနည်းလမ်းများကို YBS ယာဉ်ကြီးများပေါ်တွင် အချိန်ယူ၍ အသိပညာပေးသင့်သည်။ သို့မှသာ ရန်ကုန်မြို့တွင် နေစဉ်သွားလာနေသူ ဖြစ်စေ၊ အခြား တိုင်းဒေသကြီး၊ ပြည်နယ်များမှ လာရောက်သူများဖြစ်စေ ငွေပေးချေကတ်စနစ်ကို အသုံးပြုရာတွင် လွယ်ကူစေမည် ဖြစ်သည်။




ပန်းဆိုးတန်းရှိ စားသောက်ဆိုင်တစ်ဆိုင် မီးလောင်မှုကို မီးသတ်တပ်ဖွဲ့ဝင်များ ငြိမ်းသတ်နေစဉ်။

ရှေ့ဖုံးမှ

Level(3) အဆင့်ဖြစ်ပါက မီးငြိမ်းသတ်ရေးယာဉ်၊ ရေသယ်ယာဉ် စုစုပေါင်း အစီး ၅၀ မီးလောင်ပြင်သို့ ရောက်ရှိနေပြီဟု ဆိုရမည်ဖြစ်သည်။ Level (4) အဆင့်ဆိုပါ။ နောက်ထပ် ၁၀ စီး စေလွှတ်မှုရှိပြီး Level (5) အဆင့်ဖြစ်ပါက နောက်ထပ် ၁၀ စီး ထပ်မံစေလွှတ်ရခြင်းဖြစ်သည်။ သံဈေး မီးလောင်မှုမှာ Level (5) အဆင့်ဖြစ်၍ မီးငြိမ်းသတ်ရေးယာဉ်၊ ရေသယ်ယာဉ် စုစုပေါင်း အစီး ၇၀ က လာရောက်ငြိမ်းသတ်ပေးခဲ့ရခြင်း ဖြစ်ပေသည်။ ထိုသို့ Level အဆင့်သတ်မှတ်မှုတွင် အုပ်ချုပ်မှုယာဉ်၊ အထောက်အကူပြုယာဉ်များ ထည့်သွင်းရေတွက်မှု မပါဝင်သေးပေ။

### ဈေးတည်ဆောက်ထားမှု RC ၁၂ ထပ်ခွဲ

သံဈေးမီးလောင် ငြိမ်းသတ်ရာဖွေကယ်ဆယ်ရေးနှင့်ပတ်သက်၍ ညွှန်ကြားရေးမှူး ဦးမျိုးဝင်းက "ဖေဖော်ဝါရီ ၂၀ ရက် မနက် ၅ နာရီ ၅၅ မိနစ်လောက်ကစပြီး လမ်းမတော် သံဈေးမီးလောင်မှု ဖြစ်ခဲ့ပါတယ်။ ဈေးတည်ဆောက်ထားမှုက RC ၁၂ ထပ်ခွဲ (Basement) ပါ မြေအောက်ထပ်မှာ သား၊ ငါး၊ ကုန်စိမ်းဆိုင်ခန်း ၁၈၄ ခန်းရှိပါတယ်။ မြေညီထပ်မှာတော့ ကုန်မာ(သံထည်နှင့် စတီးပစ္စည်း) တွေ ရောင်းတဲ့ဆိုင်ခန်းက ၂၀၀ ပါ။ ပထမထပ်မှာကျတော့ စားသောက်ကုန်၊ အထည်အလိပ်၊ ပလတ်စတစ်ပစ္စည်းအရောင်းဆိုင်ခန်း ၂၄၀ ခန့်ရှိပါတယ်။ မီးလောင်တဲ့ ဒုတိယထပ်မှာက မွေ့ရာ၊ စောင်၊ ခြင်ထောင်၊ မီးဖိုသုံးပစ္စည်း ရောင်းတဲ့ဆိုင်ခန်း ၂၃၂ ခန်းပါ။ တတိယထပ်ကျတော့ ဘိလိယက်နဲ့ စနူကာခန်းမပါ။ စတုတ္ထအထပ်က စည်ပင်ရုံးခန်း၊ ပဉ္စမအထပ်မှာက စာအုပ်အရောင်းဆိုင်၊ ဆဋ္ဌမထပ်ကနေ ဒသမအထပ်အထိက လူနေခန်း ရှစ်ခန်းစီနဲ့ အခန်းပေါင်း ၄၀၊ အပေါ်ဆုံးအထပ်မှာက သီးသန့်လူနေအိမ်ခန်းလေးခန်း စုစုပေါင်း လူနေ ၄၄ ခန်း ရှိနေပါတယ်။

### မီးငြိမ်းသတ်ရေးအတွက် ကြိုးပမ်း

"ဈေးအဆောက်အအုံက တစ်ဖက်ပိတ်အနေအထားပါ။ အဲဒါကြောင့် ဈေးအရှေ့လမ်းမနဲ့ ဈေးအနောက် ၁၇ လမ်း နှစ်ဖက်ကသာ မျက်နှာစာဖွင့်ပြီး မီးသတ်ပေးခဲ့ရတာဖြစ်ပါတယ်။ အရင်ရောက်တဲ့ရှေ့ကားတွေကို အထိုင်ချပြီး နောက်ကကားတွေကို လွှန်းပြန်စနစ်နဲ့ ရေသယ်ရေဖြည့်ခြင်းကို ဆောင်ရွက်စေခဲ့ပါတယ်။ မြို့လယ်ကောင်ဖြစ်တဲ့အတွက် ရေသယ်ယူရေးမှာတော့ အခက်အခဲလေးတွေရှိခဲ့ပါတယ်။ ဒါက မီးငြိမ်းသတ်ရေးအတွက် ကြိုးပမ်းခဲ့ရတဲ့အပိုင်းပါ" ဟု ရှင်းပြမှုရှိခဲ့သည်။

အချပ်ပို (၇) သို့

# ဒဂုံမြို့သစ် (ဆိပ်ကမ်း) ကို Smart District စီမံကိန်းဖော်ဆောင်မည်

ဇင်လင်းမြင့်



ဒဂုံမြို့သစ် ဆိပ်ကမ်း Smart District စီမံကိန်းပုံစံငယ်။

**ရန်ကုန်** မြို့ကို မြို့တွင်းမြို့နယ်တွေရော၊ ဆင်ခြေဖုံးမြို့နယ်တွေပါ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဘက်ပေါင်းစုံက အကောင်အထည်ဖော်နေချိန်ဖြစ်ပါတယ်။ စီမံကိန်းတွေချမှတ်ပြီး ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ဖိတ်ခေါ်ဆောင်ရွက်နေတာမို့ တည်ဆောက်ရေးလုပ်ငန်းတွေ အရှိန်အဟုန်ရရှိနေပါတယ်။ ဒီလို တည်ဆောက်တဲ့အခါ စံချိန်စံညွှန်းမီတဲ့ မြို့နယ်တွေ၊ ခရိုင်တွေ ထွက်ပေါ်အောင်လည်း ကြိုးစားနေပြီး အခုအချိန်မှာတော့ ဒဂုံမြို့သစ် (ဆိပ်ကမ်း) ကို စမတ်ခရိုင်အဖြစ် အကောင်အထည်ဖော်ဖို့ အစီအစဉ်တွေ ပြုလုပ်နေပြီလို့ သိရပါတယ်။

### ယှဉ်ပြိုင်မှုအဆိုပြုလွှာတင်ဖို့ ဖိတ်ခေါ်

ဒဂုံမြို့သစ် (ဆိပ်ကမ်း) ရဲ့ မြေဧက ၁၁၀၀ ကျော်ပေါ်မှာ Smart District အဖြစ် ဆောင်ရွက်ဖို့ တိုင်းရင်းသားကုမ္ပဏီတစ်ခုကို စီမံကိန်း ယှဉ်ပြိုင်မှုအဆိုပြုလွှာတင်ဖို့ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖိတ်ခေါ်ထားပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ၂၀၂၀ ပြည့်နှစ် မတ် ၁၀ ရက်နေ့မှာ စတင်ဖိတ်ခေါ်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် မေ ၉ ရက်မှာ ပြန်လည်တင်ပြရမှာဖြစ်ပါတယ်။

စမတ်ခရိုင်အဖြစ် အကောင်အထည်ဖော်မယ့် ဒီစီမံကိန်းအတွက် အဲဒီကုမ္ပဏီက စီမံကိန်းဒီဇိုင်းနဲ့ ကုန်ကျစရိတ်တွေကို ဦးစွာ အဆိုပြုတင်သွင်းရတာ ဖြစ်ပါတယ်။ နောက်ပိုင်းမှာတော့ ကျန်ကုမ္ပဏီတွေက အဲဒီကုမ္ပဏီက တင်ပြထားတဲ့ ဒီဇိုင်းပုံစံအပေါ် ကုန်ကျစရိတ်ကို တွက်ချက်ယှဉ်ပြိုင်ပြီး စီမံကိန်းအကောင်အထည်ဖော်တည်ဆောက်ဖို့ ဈေးနှုန်းအဆိုပြုရခြင်းဖြစ်ပါတယ်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း) ရဲ့ စမတ်ခရိုင်စီမံကိန်းကို ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် ကုမ္ပဏီတွေဟာ မူလက အဆိုပြုထားတဲ့ ကုမ္ပဏီကို ယှဉ်ပြိုင်နိုင်ရတဲ့အခါ စီမံကိန်းဒီဇိုင်း ကုန်ကျစရိတ်နဲ့ စီမံကိန်းလေ့လာဆန်းစစ်မှု ကုန်ကျစရိတ်တွေကို ပြန်ပေးရမှာဖြစ်ပါတယ်။ အခုဆိုရင် အဲဒီစီမံကိန်းအတွက် ဒီဇိုင်းပုံစံနဲ့ ကုန်ကျစရိတ်တွေကို ပထမဆုံးရေးဆွဲတွက်ချက် တင်ပြဖို့ဆောင်ရွက်နေပြီဖြစ်ပါတယ်။

### စက်မှုဇုန် တစ်ခုလည်းရှိ

ဒဂုံမြို့သစ်(ဆိပ်ကမ်း) ဟာ ရန်ကုန်မြို့ရဲ့ အရှေ့အလယ်ပိုင်းမှာ တည်ရှိပြီး ၁၉၉၀ ပြည့်နှစ်မှာ အကောင်အထည်ဖော်ခဲ့ကာ ၂၀၀၀ ပြည့်နှစ်မှာတော့ အစိုးရမူလတန်းကျောင်း ၁၀ ကျောင်း၊ အလယ်တန်းကျောင်း ၁၀ ကျောင်း၊ အထက်တန်းကျောင်း တစ်ကျောင်း တည်ရှိခဲ့ပါတယ်။ စက်မှုဇုန်တစ်ခုလည်းရှိကာ ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်အတွင်းမှာ ပါဝင်နေပါတယ်။

ဒဂုံမြို့သစ် (ဆိပ်ကမ်း) ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် တည်ရှိသလို သန်လျင်မြို့နယ်နဲ့လည်း ဒဂုံတံတားနဲ့ ဆက်သွယ်ထားပါတယ်။ အဲဒီဒဂုံတံတားကို ၂၀၀၇ ခုနှစ်မှာ တည်ဆောက်ခဲ့တာဖြစ်ပြီး ရန်ကုန်မြို့ရှိ ပဲခူးမြစ်ကို ဖြတ်သန်းတည်ဆောက်ထားတဲ့ ဒုတိယတံတားလည်း ဖြစ်ပါတယ်။

### ဖော်ဆောင်ဖို့ စီစဉ်

ဒဂုံမြို့သစ် ဆိပ်ကမ်းနယ်မြေရဲ့ မြောက်ဘက်မှာ လှည်းကူးမြို့နယ်၊ အနောက်မြောက်ဘက်မှာ ဒဂုံမြို့သစ်တောင်ပိုင်း၊ အနောက်တောင်ဘက်မှာ သာကေတမြို့နယ်နဲ့ အရှေ့နှင့် အရှေ့တောင်ဘက်တွင် သန်လျင်မြို့နယ်တို့ တည်ရှိနေတာမို့ နယ်မြေဆက်စပ်မှု၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုနဲ့ ရန်ကုန်မြို့တွင်းရော ဝန်းကျင်ဒေသတွေကိုပါ တစ်ဆက်တည်း ဖြစ်တည်နေမှုတွေကြောင့် စမတ်ခရိုင်စီမံကိန်းကို ဖော်ဆောင်ဖို့ စီစဉ်နေတာဖြစ်ပါတယ်။

ဒဂုံမြို့သစ်ဆိပ်ကမ်းနယ်မြေကို စမတ်ခရိုင်အဖြစ်ဖော်ဆောင်တဲ့အခါ ရွာဝဏ် - ရတနာအိမ်ရာစီမံကိန်းတွေနဲ့ ဆက်စပ်နေတဲ့ မြေရေိယာတွေ ပါဝင်မယ်လို့လည်း ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနဲ့ အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။ အဲဒီမှာ တည်ဆောက်ဆဲ အဆောက်အဦ ၃၅ လုံး ပါဝင်ပြီး ရွာဝဏ်လမ်း၊ ရွှေလီလမ်းနဲ့ ရတနာလမ်းတွေမှာရှိတဲ့ မြေရေိယာတွေ ပါဝင်မှာဖြစ်ပါတယ်။

ရွာဝဏ် - ရတနာအိမ်ရာစီမံကိန်းဟာ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ်မှာ အစိုးရရဲ့ လမ်းညွှန်မှုနဲ့ မြေရေိယာ ဧက ၂၂၀ ပေါ်မှာ ၁၈ ထပ် အဆောက်အဦ ၄၉ လုံးကို တည်ဆောက်ဖို့ စီမံကိန်းရေးဆွဲ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီစီမံကိန်းအထဲမှာ ပါဝင်တဲ့ ရတနာနှင်းဆီအိမ်ရာကိုတော့ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၉ ရက်မှာ ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။

အခုအချိန်မှာတော့ ရွာဝဏ် - ရတနာအိမ်ရာစီမံကိန်း ဧရိယာဧက ၂၂၀ ပေါ်က တည်ဆောက်ပြီး တည်ဆောက်ဆဲ အဆောက်အဦတွေ အပါအဝင်၊ ရတနာနှင်းဆီအိမ်ရာတွေလည်း စမတ်ခရိုင်စီမံကိန်းထဲမှာ ပါဝင်နေပါတယ်။ ဒီအဆောက်အဦတွေကိုတော့ မူလအတိုင်း ဆက်လက်ထားရှိပြီး ဖြည့်ဆည်းရမယ့် ဝန်ဆောင်မှုတွေကို ထပ်မံဖြည့်ဆည်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ရွာဝဏ် - ရတနာအိမ်ရာစီမံကိန်း အပါအဝင် အဲဒီမြေရေိယာတွေ့နဲ့ ဆက်စပ်နေတဲ့ ရွာဝတီလမ်း၊ ရွှေလီလမ်း၊ ရတနာလမ်းတွေ အနီးရှိ မြေရေိယာ ဧက ၁၁၀၀ ခန့်မှာ လမ်း၊ ရေ၊ မီလ္လာ၊ အိုင်တီ၊ CCTV ၊ လုံခြုံရေးစနစ်စတဲ့ အခြေခံအဆောက်အဦတွေ တည်ဆောက်ခြင်းတွေကို အကောင်အထည်ဖော်ပြီး စမတ်ခရိုင်အဖြစ် ဆောင်ရွက်ဖို့ စီစဉ်နေတာ ဖြစ်ပါတယ်။

ဒီလို စမတ်ခရိုင်အကောင်အထည်ဖော်နိုင်ဖို့ ဆောက်လုပ်ရေးဝန်ကြီးဌာနက စီစဉ်နေတာဖြစ်ပြီး တည်ဆောက်ဖော်ဆောင်ခွင့်ရတဲ့ ကုမ္ပဏီက ဖော်ဆောင်မှာဖြစ်ပါတယ်။ စမတ်ခရိုင်အဖြစ်ပေါ်ထွက်လာရင်တော့ ဒဂုံမြို့သစ်ဆိပ်ကမ်းနယ်မြေမှာတော့ စနစ်တကျဖြစ်ပေါ်လာမယ့် လမ်းစနစ်တွေ၊ လျှပ်စစ်သွယ်တန်းမှုနဲ့ သုံးစွဲမှုတွေ၊ တစ်လမ်းချင်းအလိုက် CCTV လုံခြုံရေးစနစ်တွေ၊ စာသင်ကျောင်းနဲ့ အားကစားကွင်းတွေ၊ ကျန်းမာရေးအတွက် ဆေးကုသမှုနဲ့ အပန်းဖြေပန်းခြံတွေ၊ အများပြည်သူအသုံးပြုရေိယာတွေ ပါဝင်လာမှာ ဖြစ်ပါတယ်။

### တစ်ဦးချင်းလိုက်နာနေထိုင်မှု

လူနေမှုပုံစံကို မြှင့်တင်ပေးနိုင်တဲ့ စမတ်ခရိုင် စီမံကိန်းဟာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်မှာဖြစ်၍ လူမှုရေးဆိုင်ရာ အဆောက်အဦတွေကိုလည်း စနစ်တကျ ဖြည့်ဆည်းပေးမယ့် အစီအစဉ်တွေလည်း ပါဝင်မှာ ဖြစ်ပါတယ်။ ကျန်းမာရေးကို အထောက်အကူပြုကာ သန့်ရှင်းရေးစနစ်တွေလည်း ပါဝင်မယ့် စမတ်ခရိုင်စီမံကိန်းဟာ ရန်ကုန်မြို့မှာတော့ ဖော်ဆောင်သင့်တဲ့ စီမံကိန်းတစ်ရပ်ဖြစ်ရာ အောင်မြင်မှုရရှိဖို့ကတော့ နေထိုင်တဲ့ ပြည်သူတွေရဲ့ တစ်ဦးချင်းလိုက်နာနေထိုင်မှုအပေါ်မှာလည်း မူတည်နေပါတယ်။

စည်းကမ်းတကျနဲ့ စနစ်ကျပြီး ခေတ်မီလူမှုဘဝနေထိုင်မှုနဲ့ ဝန်းကျင်ဖြစ်ပေါ်မှုကို ရရှိစေမယ့် စမတ်ခရိုင်စီမံကိန်းကတော့ မကြာမီကာလမှာ ပေါ်ထွက်လာဖို့ ရှိနေတာတော့ အမှန်ပါပဲ။ ။

---

အချပ်ပို (ခ) မှ

ရှာဖွေကယ်ဆယ်ရေးနှင့် ပတ်သက်၍ အနောက်ပိုင်းခရိုင်၊ တောင်ပိုင်းခရိုင်၊ မီးသတ်ဦးစီးမှူးတို့ ဦးဆောင်သော တပ်ဖွဲ့ဝင်များက အဆောက်အဦရှေ့မျက်နှာစာမှ အဆင့်မြင့်လှေကားတင် ယာဉ်ကြီးများပေါ်မှ တက်၍ ကယ်ဆယ်မှုများ ပြုခဲ့ရသကဲ့သို့၊ အရှေ့ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူးတို့ ဦးဆောင်သော တပ်ဖွဲ့ဝင်များက အနောက်ဘက်ရှိ အရေးပေါ်လှေကားများမှတစ်ဆင့် တက်၍ ကယ်ဆယ်မှုများ ပြုလုပ်ခဲ့ကြသည်။ မီးသတ်တပ်ဖွဲ့ရုံးချုပ် ညွှန်ကြားရေးမှူး(ဦးစီး) ဦးဆောင်သော အထူးရှာဖွေကယ်ဆယ်ရေးအဖွဲ့က ဈေးနှင့်ကပ်လျက် အဆောက်အဦ၏ အမိုးကို ပေါက်ထွက်လျက် မီးလောင်နေသည့် အခန်းဘက်များဆီသို့ အမိုးများမှတစ်ဆင့်ကူးကာ ကယ်ဆယ်မှုများပြုခဲ့ကြရသည်။ သက်ကြီးရွယ်အိုများအပါအဝင် လူပေါင်း ၈၅ ဦးအပြင် ခွေးတစ်ကောင်ပါမကျန် မသေမပျောက် ကယ်ဆယ်ပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံ မီးသတ်သမိုင်းတစ်လျှောက်တွင် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွင် အသေအပျောက်၊ ဒဏ်ရာကြီးကြီးမားမားမရှိဘဲ ဟန်ချက်ညီညီ အောင်မြင်မှုမှတ်တိုင်တစ်ရပ်ပင်ဖြစ်သည်။

မီးလောင်မှု အကြောင်းအရင်းမှာ ဆိုင်အမှတ် (၁၆၃) နှင့် (၁၅၀) အပေါ်ရှိ ရက်မတန်းတွင် သွယ်တန်းထားသော လျှပ်စစ်ဝိုင်ယာကြိုးများ အပူလွန်ကဲကာ လျှပ်ကာပစ္စည်းများ အရည်ပျော်၍ မီးပွားများကျကာ သိုလှောင်ထားသည့် တစ်ရှူးစက္ကူများ ပေါ်သို့ကျရာမှ မီးကူးစက်လောင်ရခြင်း ဖြစ်ကြောင်း မီးသတ်တပ်ဖွဲ့မှ သိခွင့်ရခဲ့သည်။ ဆုံးရှုံးမှုတန်ဖိုးအားဖြင့် ငွေကျပ် ၁၀၂ ဒသမ ၆၀ သန်းခန့်ဟု သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မီးလောင်မှုနည်းပါးစေရေးအတွက် မီးသတ်တပ်ဖွဲ့အနေဖြင့် မြို့နယ်များရှိ မီးဘေးအန္တရာယ်စိုးရိမ်ရသော လူနေရပ်ကွက်များ၊ စာသင်ကျောင်း၊ ဈေး၊ စက်ရုံ၊ အလုပ်ရုံများကို စီမံချက်ချကာ အစဉ်မပြတ် စစ်ဆေးမှုများ ရှိနေသည့်အပြင် သရုပ်ပြလေ့ကျင့်မှုများဖြင့် အတွေ့အကြုံများကို ရယူစေခဲ့သည်။ စက်ရုံ၊ အလုပ်ရုံ၊ ဈေးများတွင် သီးသန့်မီးသတ်တပ်ဖွဲ့များဖွဲ့စည်းလေ့ကျင့်မှုများပေးခြင်း၊ အိမ်တိုင်း၊ ကားတိုင်းတွင် မီးသတ်ဆေးဘူးများ ဆောင်ထားစေခြင်း စီမံချက်များကို ချမှတ်ဆောင်ရွက်လျက်ရှိနေသည်။ ထို့အပြင် မီးဘေးစိုးရိမ်ရသော ရပ်ကွက်များတွင် တပ်ဖွဲ့ဝင်များက တစ်အိမ်တက်တစ်အိမ်ဆင်း စစ်ဆေးအကြံပြုခြင်းများကို ဆောင်ရွက်လျက်နေသည်။

တိုင်းဒေသကြီး မီးသတ်ဦးစီးအနေဖြင့် နောက်ဆုံးပြောကြားမှုမှာ “ပြည်သူများအနေဖြင့် မီးလောင်မှုဖြစ်ပွားပါက မီးသတ်တပ်ဖွဲ့ (191) သို့မဟုတ် နီးစပ်ရာ မြို့နယ်မီးသတ်တပ်ဖွဲ့ကို ဆက်သွယ်အကြောင်းကြားပါ။ မီးလောင်မှုဖြစ်စဉ်တိုင်းဟာ သေးငယ်သော မီးလောင်မှုမှသည် မီးလောင်မှုကြီးအဖြစ်သို့ ပြောင်းလဲတတ်တဲ့အတွက် မီးသတ်ဆေးဘူးနဲ့ ကနဦးငြိမ်းသတ်နိုင်ပါက မီးလောင်မှုကို ထိန်းချုပ်နိုင်ပါတယ်။ ဒါ့ကြောင့် နေအိမ်တိုင်း၊ ကားတိုင်းမှာ မီးသတ်ဆေးဘူးတွေ ဆောင်ထားကြပါ။ မီးလောင်မှုဖြစ်ပါက မီးသတ်ယာဉ်များ သွားရာလမ်းကြောင်းနဲ့ ရေရရှိရေး၊ ငြိမ်းသတ်ရေးတွင် အဟန့်အတားဖြစ်စေမယ့် လုပ်ရပ်များကို ပြည်သူတွေအနေနဲ့ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပြီး အကူအညီပေးကြပါ။ အဓိက မီးသတ်ယာဉ်တွေ သွားရာလမ်းကြောင်းကို အတတ်နိုင်ဆုံး ပိတ်ဆို့မှု မရှိစေဘဲ ဖယ်ရှားပေးကြပါ။ မီးသတ်တပ်ဖွဲ့ အနေနဲ့ ပြည်သူတွေအတွက် ကူညီဖို့ အသင့်ရှိနေပါတယ်။ နောက်ဆုံးပြည်သူအများ မီးဘေးသဘာဝဘေးက ကင်းဝေးစေဖို့ အမြဲပဲ ဆုတောင်းမေတ္တာပို့သလျက်ရှိနေပါတယ်” ဟု အဆုံးသတ်ခဲ့သည်။ ။

# အဆင့်မြှင့်တင်မှု ပြုလုပ်မယ့် ရန်ကုန်နက္ခတ်တာရာပြခန်း



ဆွေဦးဝေ

**ရန်ကုန်** မြို့နေ ပြည်သူတွေအတွက်ရော အနယ်နယ်အရပ်ရပ်က ရန်ကုန်မြို့ကို လာရောက်သူတွေအတွက် လေ့လာစရာနေရာ တစ်ခုဖြစ်တဲ့ နက္ခတ်တာရာပြခန်းကို အဆင့်မြှင့်တင်ဖို့ စီစဉ်နေပြီဖြစ်ပါတယ်။ ဒီနက္ခတ်တာရာ ပြခန်းဟာ မြန်မာ – ဂျပန်ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် ၁၉၈၇ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်မှာ စတင်ဖွင့်လှစ်ခဲ့တာမို့ အခုဆိုရင် သက်တမ်း ၃၃ နှစ်ကျော် ကြာခဲ့ပြီ ဖြစ်ပါတယ်။

**ဂျပန်သံရုံးနဲ့ JICA ဆက်သွယ်ညှိနှိုင်းနေ**

“ ရန်ကုန်မြို့မှာရှိတဲ့ နက္ခတ်တာရာပြခန်းကို အဆင့်မြှင့်တင်ဖို့အတွက် ဂျပန်သံရုံးနဲ့ JICA တို့ကို ဆက်သွယ်ညှိနှိုင်းနေပါတယ်” လို့ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၅ ရက်က ပြုလုပ် တဲ့ ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးစတုတ္ထနေ့မှာ ပြောကြားခဲ့တာ ဖြစ်ပါတယ်။

ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်သူ့ဥယျာဉ် အနောက်ဝင်ပေါက်အနီးမှာ တည်ရှိတဲ့ နက္ခတ်တာရာပြခန်းဟာ သက်တမ်းကြာမြင့်လာတာ နဲ့အမျှ ပြခန်းမှာရှိတဲ့ ပြစက်ဟာ ချွတ်ယွင်း လာပါတယ်။ ပြသတဲ့ နက္ခတ်တာရာတွေနဲ့ သက်ဆိုင်တဲ့ ပြခန်းတွေလည်း စုံစုံလင်လင် မပြသနိုင်တော့တဲ့အပြင် စက်အပိုပစ္စည်း တွေလည်း ရှားပါးလာတာကြောင့် မူလ အလှူရှင်ဖြစ်တဲ့ JICA နဲ့ ဆက်သွယ်ညှိနှိုင်း မှုတွေ ပြုလုပ်နေခြင်း ဖြစ်ပါတယ်။

**လွှဲပြောင်းတာဝန်ယူထိန်းသိမ်းခဲ့**

နက္ခတ်တာရာပြခန်းကို အဆင့်မြှင့်တင် ပြီး ပြစက်အသစ်ရရှိရေး၊ JICA ယဉ်ကျေးမှု အထောက်အကူပြု ဘတ်ဂျက်လျာထား သုံးစွဲရေးတို့အတွက်လည်း JICA နှင့် ဆက်သွယ်ဆောင်ရွက်နေတယ်လို့ ဆိုပါ တယ်။ ဒီနက္ခတ်တာရာပြခန်းကို ပထမ တာဝန်ယူ ထိန်းသိမ်းပြသခဲ့တာကတော့ ကျန်းမာရေးဝန်ကြီးဌာနနှင့် အားကစားနဲ့ ကာယပညာဦးစီးဌာနက ဖြစ်ပါတယ်။ အဲဒီနောက် ၁၉၈၈ မှာတော့ ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနအမျိုးသား ပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက လွှဲပြောင်းတာဝန်ယူထိန်းသိမ်းခဲ့တာ ဖြစ်ပါ

> “နက္ခတ်တာရာပြခန်းအတွင်းမှာတော့ ပြခန်းအလယ်စင်မြင့်ပေါ်မှာ နက္ခတ်တာရာပြစက်ရှိကာ ထိုင်ခုံတွေနဲ့ ဝန်းရံထားပါတယ်။ လာရောက်လေ့လာကြည့်ရှုသူတွေက ထိုင်ခုံတွေမှာ ဝန်းရံထိုင်ပြီး ကောင်းကင်မျက်နှာမှာပေါ်လာတဲ့ နက္ခတ်တာရာ ကြယ်စင်အစုအဝေးတွေကို လေ့လာကြည့်ရှုရတာ ဖြစ်ပါတယ်။ ပိတ်သားပြင်မှာပေါ်လာတဲ့ ဂြိုဟ်တွေအကြောင်း၊ ကြယ်အစုအဝေးတွေအကြောင်းကို နောက်ခံစကားပြောနဲ့ ရှင်းလင်းပေးတာမို့ လူကြီးလူငယ်မရွေး နားလည်သဘောပေါက်စေပါတယ်”

တယ်။ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်မှာတော့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနက ဆက်လက်တာဝန်ယူထိန်းသိမ်း ပြသနေတာ ဖြစ်ပါတယ်။

**စိတ်ဝင်စားစရာလေ့လာဖွယ်**

ရန်ကုန်မြို့ကို ဘက်ပေါင်းစုံက ဖွံ့ဖြိုး တိုးတက်လာအောင် ကြိုးစားနေချိန်မှာ အများ ပြည်သူတွေ အပန်းဖြေလေ့လာနိုင်တဲ့နေရာ တစ်ခုအပြင် နက္ခတ်တာရာတွေနဲ့ ပတ်သက်ပြီး လူငယ်တွေ ဗဟုသုတရရှိစေဖို့အတွက် အခုလို နက္ခတ်တာရာပြခန်းကို အဆင့်မြှင့်တင်ဖို့ လိုအပ်နေတာ ဖြစ်ပါတယ်။ ရန်ကုန်မြို့ရဲ့ သွားလာလည်ပတ်စရာတွေထဲမှာ လူကြီး၊ လူငယ်မရွေး စိတ်ဝင်စားစရာလေ့လာဖွယ်ရာ ကောင်းတဲ့ နေရာတစ်ခုလည်း ဖြစ်ပါတယ်။

**ဂျပန်အစိုးရက တည်ဆောက်ပေး**

ရန်ကုန်မြို့ အလုံလမ်း ဆန်းမစ်ပတ်ဗျူး ဟိုတယ်နဲ့ မျက်နှာချင်းဆိုင်ကားလမ်း တစ်ဖက်ခြမ်းမှာရှိတဲ့ ပြည်သူ့ဥယျာဉ် အတွင်းမှာ နက္ခတ်တာရာပြခန်းဟာ အေးချမ်း ငြိမ်သက်တဲ့ နေရာတစ်ခုဖြစ်လို့ အပန်းဖြေစရာ နေရာ တစ်ခုလည်းဖြစ်ပါတယ်။ နက္ခတ်တာရာ ပြခန်းကို ဂျပန်နိုင်ငံနဲ့ မြန်မာနိုင်ငံတို့ရဲ့ ချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်မှု အထိမ်း အမှတ်အနေနဲ့ ဂျပန်အစိုးရက တည်ဆောက် ပေးခဲ့တာ ဖြစ်ပါတယ်။

**မျက်မြင်လေ့လာသိရှိ**

နက္ခတ်တာရာပြခန်းဟာ လူ ၂၀၀ ခန့် ဝင်ရောက်ကြည့်ရှုနိုင်တဲ့ ထိုင်ခုံတွေ ပြင်ဆင် ထားပြီး ပွဲချိန်တစ်ချိန်ကို မိနစ် ၂၀ ခန့်မျှ ကြာမြင့်ကာ ပြသပေးတာဖြစ်ပါတယ်။ ပွဲစဉ် တစ်ခုကို အပိုင်း နှစ်ပိုင်းခွဲပြီး ပြသပေးကာ ပထမပိုင်းမှာ ရုပ်ပုံတွေ၊ ပန်းချီကားတွေ အကြောင်း ပြသပေးသလို ဒုတိယပိုင်းမှာတော့ ကြယ်တွေအကြောင်း၊ နက္ခတ်တာရာအစု အဝေးတွေကို ပြသပေးတာဖြစ်ပါတယ်။ ဒီလို ပြခန်းထဲမှာ ကြည့်ရှုရင်း စကြဝဠာထဲကို ရောက်ရှိသွားသလို ခံစားရသလို ကလေး၊ လူငယ်တွေအတွက် စကြဝဠာအတွင်း ဖွဲ့စည်းဖြစ်တည်နေတဲ့ ဂြိုဟ်၊ နက္ခတ်တာရာ နဲ့ ကြယ်တွေ၊ ကြယ်စင်အစုအဝေးတွေကို မျက်မြင်လေ့လာသိရှိနိုင်ပြီး ဗဟုသုတ ရရှိစေမှာဖြစ်ပါတယ်။

**အဆင့်မြှင့်တင်ဖို့ စီစဉ်**

နက္ခတ်တာရာ ပုံရိပ်တွေကိုပြသတဲ့အခါ နောက်ခံရှင်းလင်း ပြောပြချက်ကြောင့် အရင်က ဖတ်စာအုပ်တွေထဲမှာသာ မြင်တွေ့ သိရှိရတဲ့ နက္ခတ်တာရာအကြောင်းနဲ့ ပုံရိပ် တွေကို မျက်ဝါးထင်ထင် တွေ့မြင်ရတာမို့ လူငယ်တွေအတွက်လည်း စိတ်ဝင်စားစရာ၊ မြင်ကွင်း အသစ်အဆန်းဖြစ်စရာ နေရာတစ်ခု လည်း ဖြစ်ပါတယ်။ ဒီလိုစိတ်ဝင်စားစရာ၊ အပန်းဖြေ ကြည့်ရှုစရာ၊ ဗဟုသုတရရှိရာ ပြခန်းကို အဆင့်မြှင့်တင်ဖို့ စီစဉ်ဆောင်ရွက် နေတာ ဖြစ်ပါတယ်။

ရန်ကုန်မြို့ကို ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ် နိုဝင်ဘာလက လာရောက်ခဲ့တဲ့ ဂျပန်နိုင်ငံ ဖူကူအိုကာမြို့တော်ဝန်ကလည်း ရန်ကုန်မြို့မှာ ရှိတဲ့ နက္ခတ်တာရာပြခန်းကို ခေတ်နဲ့အညီ ဖြစ်ထွန်းပေါ်ပေါက်လာစေဖို့ အဆင့်မြှင့်တင် နိုင်ရေး ညှိနှိုင်းဆောင်ရွက်ကာ အတည်ပြု ပြန်ကြားပေးမယ်လို့ ပြောသွားပါတယ်။

နက္ခတ်တာရာ ပြခန်းအတွင်းမှာတော့ ပြခန်းအလယ်စင်မြင့်ပေါ်မှာ နက္ခတ်တာရာ ပြစက်ရှိကာ ထိုင်ခုံတွေနဲ့ ဝန်းရံထားပါတယ်။ လာရောက်လေ့လာကြည့်ရှုသူတွေက ထိုင်ခုံ တွေမှာ ဝန်းရံထိုင်ပြီး ကောင်းကင်မျက်နှာမှာ ပေါ်လာတဲ့ နက္ခတ်တာရာ ကြယ်စင်အစုအဝေး တွေကို လေ့လာကြည့်ရှုရတာဖြစ်ပါတယ်။ ပိတ်သားပြင်မှာပေါ်လာတဲ့ ဂြိုဟ်တွေ အကြောင်း၊ ကြယ်အစုအဝေးတွေအကြောင်း ကို နောက်ခံစကားပြောနဲ့ ရှင်းလင်းပေးတာမို့ လူကြီးလူငယ်မရွေး နားလည်သဘော ပေါက်စေပါတယ်။

နက္ခတ်တာရာပြခန်းအပြင်ဘက် နံရံတွေ မှာတော့ နက္ခတ်တာရာ၊ စကြဝဠာနဲ့ ပတ်သက်တဲ့ပန်းချီကားတွေ ချိတ်ဆွဲပြသ ထားပါတယ်။ အဲဒီပန်းချီကားတွေကိုလည်း တစ်ကားချင်းစီ ရှင်းလင်းပြောပြပေးပါတယ်။ ဒီပန်းချီကားချပ်တွေမှာ နေအဖွဲ့အစည်းပုံ ပန်းချီကားချပ်၊ ကမ္ဘာဂြိုဟ်ပုံပန်းချီကားချပ်၊ တိမ်ငွေ့တိမ်တိုက်ပန်းချီကားချပ်၊ ကြယ်အစု အဝေးပုံတွေကိုလည်း ချိတ်ဆွဲပြသထားပြီး ရှင်းလင်းပြောပြပေးပါတယ်။

**နေပြည်တော်မှာလည်း တည်ဆောက်ထား**

နက္ခတ်တာရာပြခန်းပုံစံဒီဇိုင်းဟာ နိုင်ငံ တကာမှာ တည်ဆောက်ထားတဲ့ နက္ခတ် တာရာ ပြခန်းတွေအတိုင်းဖြစ်ပြီး အခုဆိုရင် နေပြည်တော်မှာလည်း နက္ခတ်တာရာ ပြခန်း တစ်ခု တည်ဆောက်ထား၍ ဖြစ်ပါတယ်။ နေပြည်တော် ပျဉ်းမနားမြို့နယ် ရေဆင်း အနီး၊ ရန်ကုန်–မန္တလေးကားလမ်း အရှေ့ဘက် အမှတ် (၂၅၆/၁) နှင့် (၂၅၃/၀) မိုင်တိုင် အကြားမှာ ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၉ ရက်က စတင်တည်ဆောက်ခဲ့တာဖြစ်ပြီး ၂၀၀၉ ခုနှစ် မတ် ၂၀ ရက်မှာ ပြီးစီးခဲ့တာ ဖြစ်ပါတယ်။

**လူ ၁၆၀ ဆံ့ ကြည့်ရှုနိုင်**

နေပြည်တော် နက္ခတ်တာရာပြခန်းမှာ တော့ နက္ခတ်တာရာပြခန်း ပင်မဆောင်၊ ပညာပေးပြခန်းငယ်၊ အဝင်ဧည့်ခန်းဆောင်၊ အမှတ်တရအရောင်းဆိုင်နဲ့ စားသောက်ဆိုင် တွဲဖက်တည်ဆောက်ထားတာဖြစ်ပါတယ်။ ကြယ်တာရာပြစက်၊ သုံးဖက်မြင် ဗီဒီယိုပြသ မှုစနစ်၊ အစီအစဉ်ထုတ်လွှင့်မှုဆိုင်ရာ စက်ကိရိယာများ၊ အသံပိုင်းဆိုင်ရာ အထူး တီထွင်ထိုင်ခုံ စတဲ့ စက်ကိရိယာတွေကို အမေ ရိကန်၊ အီတလီ၊ ဂျပန်နဲ့ ပြင်သစ်နိုင်ငံ တွေမှ ဝယ်ယူတပ်ဆင်ခဲ့ပြီး လူ ၁၆၀ ဆံ့ ကြည့်ရှုနိုင်ပါတယ်။

အခုဆိုရင် ရန်ကုန် နက္ခတ်တာရာပြခန်းကို လည်း အဆင့်မြှင့်တင်ပြီး ပြသမှုတွေကို ပိုမိုစုံလင်ကောင်းမွန်အောင် ဆောင်ရွက်ဖို့ ကြိုးစားနေတာမို့ ရန်ကုန်မြို့မှာ ပြည်သူတွေ အတွက် အပန်းဖြေစရာ၊ စိတ်ဝင်စားစရာ၊ ဗဟုသုတဖြစ်စရာ နက္ခတ်တာရာပြခန်းအဖြစ် ထွက်ပေါ်လာဖို့ရှိနေပြီ ဖြစ်ပါတယ်။ ။